# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော်တတိယပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

( ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြား ရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၁၇)ဦးရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၀၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၂.၆၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်း အဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးရဲ့ စတုတ္ထနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက်အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းတင်အောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ က ချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် သည် ကိုယ်တိုင်ဆော င်ရွက်ရန်ကိစ္စများ ရှိပါသဖြင့် ကနေ့ ၁၅-၂-၂၀၁၂ ရက်နေ့ကို ခွင့် အဖြစ်သတ်မှတ်ပေးပါရန် ဦးခက်ထိန်နန် ရဲ့ ကိုယ်စား ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးစိုင်းတင်အောင် မှ လေးစားစွာ တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါက်တာမြတ်ဉာဏစိုး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်း ဟာ ကိုယ်တိုင်ဆောင်ရွက်နေရတဲ့ကိစ္စတွေ မပြီးပြတ်သေးပါတဲ့အတွက်ကြောင့် ယနေ့ ဖေဖော်ဝါ ရီလ ၁၅ ရက်နေ့ တစ်နေ့အား ခွင့်ရက်အဖြစ် သတ်မှတ်ပေးပါရန် ဦးစံထွန်း ၏ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြော င်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဘရန်ရှောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးဘရန်ရှောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဂျေယောဝူ သည် ၎င်းကိုယ်တိုင် ကိုယ်ရေးကိုယ်တာဆောင်ရွက်ရန်ရှိနေပါသဖြင့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် ယနေ့တစ်ရက်ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ကျွန်တော် ဦးဘရန်ရှောင် မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးကျွန်ခဲန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးကျွန်ခဲန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အစဥ် လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း သည် ကိုယ်ရေးကိုယ်တာ အရေးကြီးသော ကိစ္စရပ်များကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ကနေ ၁၇ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးဇုန်လှယ်ထန်း ကိုယ်စား ကျွန်တော် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျွန်ခဲန်း က ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက် ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးလှသိန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးလှသိန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကြည်ထွန်း ဟာ ခါးနာရောဂါ ခံစားနေရပါသဖြင့် ၁၅-၂-၂၀၁၂ ရက်နေ့ တစ် ရက်အား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ဦးကြည်ထွန်း ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ လွှတ်တော်ကိုယ်စားလှယ် ကျွ န်တော် ဦးလှသိန်း မှ လေးစားစွာဖြင့် တင်ပြအပ်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄**။

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြား ချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသန်းဆွေ တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄**။

**ဦးသန်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဦး သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဆေးကုသမှု ခံယူမည်ဖြစ်ပါသဖြင့် ၁၅-၂-၂၀၁၂ မှ လွှတ်တော်ပြီးဆုံးချိန်အထိ အမျိုးသား လွှတ်တော် တက်ရောက်ခြင်းမှ ခွင့်ရက်အဖြစ် သတ်မှတ်ပေးပါရန် ဦးသော်ဇင်ဦး ကိုယ်စား ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ၊ မကွေးတိုင်းဒေ သကြီး မဲဆန္ဒနယ် အမှတ်(၇)မှ တိုင်ကြားအပ်ပါတယ်။

**အချိန်၊ ၁၀း၀၄**။

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းမောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဦးစိုးထွန်း ဟာ ဖျားပြီးတော့မှ ချောင်းဆိုး၊ အလွန်ခါးနာနေပါသဖြင့် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှ ၁၇ ရက်နေ့ အထိ သုံးရက်ကို ခွင့်သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဇော်နိုင်ဦး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးဇော်နိုင်ဦး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း သည် ကို ယ်တိုင်ဆောင်ရွက်ရမည့် ကိစ္စရှိပါ သဖြင့် ဦးညီညီထွန်း ၏ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ ကျွန်တော် ဦးဇော်နိုင်ဦး က

၁၅-၂-၂၀၁၂ ရက်နေ့အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု တင်ပြချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါ သလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒေါက်တာစိုးဝင်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါက်တာစိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာလှသိန်း သည် မိသားစုကျန်းမာရေးကိစ္စ ဆောင်ရွ  က်ရန်ရှိပါသဖြင့် ၁၅-၂-၂၀၁၂ ရက်နေ့ ယနေ့အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ဒေါက်တာလှသိန်း ကိုယ်စား  မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာစိုးဝင်း မှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဌေးဝင်း၊ ရခိုင်(၇) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးဌေးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်သာခင် သည် ၎င်းကိုယ်တိုင်ဆောင်ရွက်ရန် အရေးတကြီးကိစ္စ ရှိလာပါသဖြင့် ၁၅-၂-၂၀၁၂ မှ ၁၇-၂-၂၀၁၂ အထိ ခွင့်သုံးရက်ပေးနိုင်ပါရန် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဌေးဝင်း မှ ခွင့်ပန် ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမောင်အေးထွန်း တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်အေးထွန်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်လှိုင် ၏ ကိုယ်စား ခွင့်ပန်သွားမှာဖြစ်ပါတယ်။ ဦးမြင့်လှိုင် မှာ မိသားစုအရေးတကြီးကိစ္စရှိပါသဖြင့် သံတွဲမြို့သို့ လိုက်သွားရပါ၍ ၁၅-၂-၂၀၁၂ ရက်နေ့ တစ်ရက်ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းဝင်းမောင် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးစိုင်းဝင်းမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်၏ကိုယ်စား ခွင့်ပန်ကြားမှာဖြစ်ပါတယ်။ ဦးရှုမောင်ဟာ ကျောက်ကပ်ရောဂါကြောင့် ဆက်လက်ပြီးတော့ ဆေးကုသမှုခံယူရန်ရှိပါသဖြင့် ဒီကနေ့ ၁၅-၂-၂၀၁၂ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းဇော်(ခ)ကိုပေါက် တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ

ဒေသ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း ဟာ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများ ရှိပါသဖြင့် ယနေ့ ၁၅-၂-၂၀၁၂ ရက်နေ့အား ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ၎င်း၏ ကိုယ်စား ကျွန်တော် ဦးထွန်းဇော် မှ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဉာဏ်လင်း၊ ဧရာဝတီ(၃) တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် ၏ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဦးညွန့်လှိုင် ဟာ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ့ ယနေ့ ၁၅-၂-၂၀၁၂ ရက်နေ့အား ခွင့်တစ်ရက် သတ်မှတ်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးလှိုင်ဦး တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးလှိုင်ဦး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦး ဖြစ်ပါတယ်။ ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးနိုင်၏ကိုယ်စား ခွင့်ပန်ကြားခြင်း ဖြစ်ပါတယ်။ ဒေါက်တာဌေးနိုင် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၁၅-၂-၂၀၁၂ တစ်ရက်အား ခွင့်အဖြစ် သတ်မှတ်ပေး ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ခွင့်တွေက သိပ်များတာ ။ အမျိုးသားလွှတ်တော်မှာတော့ ဒါလွှတ်တော်ကနေပြီး ခွင့်ပြုတာပေါ့။ ပြည်ထောင်စုလွှတ်တော်မှာတော့ နာယက က ခွင့်ပြုတာပါ။ ပြည်ထောင်စုလွှတ်တော်မှာ ခင်ဗျားတို့ကို ကျွန်တော် လိမ်နေတာတွေ အများကြီးရှိပါတယ်။ ဒါကိုတောင်းပန်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခွင့် တင်တဲ့အခါမှာ ကျွန်တော့်စိတ်ထဲက ခွင့် မပြုလို့ ပြောပေမယ့် ပါးစပ်က ခွင့်ပြုပါတယ်လို့ပြောတာ ဒါလိမ်ရာရောက်တယ်ဆိုရင် အားလုံး ခွင့်လွှတ်ကြဖို့ပါပဲ။ အဲဒီတော့ ပြည်ထောင်စုလွှတ်တော်ရဲ့ လုပ်ငန်းဆိုတာ တစ်နှစ်မှာ ဒီတစ်ကြိမ် အရေးကြီးဆုံး ဖြစ်ပါတယ်။ ကိုယ်တိုင်ဆော င်ရွက်ရန်ကိစ္စကတော့ လူတိုင်းမှာ ရှိတာပါပဲ။ ဘာကိစ္စတွေမှန်းလဲ မသိဘူး။ မသွားမဖြစ်တဲ့ကိစ္စက လွဲလို့ရှိရင် ခွင့်မသွားကြဘဲနဲ့ တက်တက်ကြွကြွနဲ့ ပါဝင်ဆောင်ရွက်ကြဖို့ ထပ်မံတိုက်တွန်းပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေဟာ(၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၁၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေ ခွဲငယ်(၂) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ချက် တင်ပြခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂ အရ ကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်များ ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုလည်း အမိန့်ကြော် ငြာစာအမှတ်၊ ၁၂/၂၀၁၁ ဖြင့် ထုတ်ပြန်သတ်မှတ်ပေးခဲ့ ပါတယ်။ ဒီလို သတ်မှတ်ခဲ့ရာမှာ ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်လုပ် ငန်းတာဝန်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ ကော်မရှင်အစည်းအဝေး တက်ရောက်ရန်ဖြစ်စေ၊ ကော်မရှင်ရုံးစိုက်ရာ ဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ ကော်မရှင်တာဝန်အရ ခရီးသွားရာ၌လည်းကောင်း

လွှတ်တော်ကိုယ်စားလှယ်များရရှိသည့် စရိတ်များအတိုင်း ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ရုံးက ခွင့်ပြုသည့် အခွင့်အရေးများကိုလည်း ခံစားခွင့်ရှိသည်ဟု ဖော်ပြပါရှိပါတယ်။ ကော်မရှင်အဖွဲ့ဝင်များရဲ့ အတည်ပြုသတ်မှတ်ပြီး ရပိုင်ခွင့်နှင့် အခွင့်အရေးများအပြင် လစဉ်ချီးမြှင့်ငွေကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခံစားခွင့်အတိုင်း သတ်မှတ်ပေးဖို့ ဖြည့်စွက် တင်ပြလိုပါတယ်။ ကော်မရှင်အဖွဲ့ဝင်(၁၁)ဦးအား လစဉ်ချီးမြှင့်ငွေ ခံ စားခွင့်ပြုမည်ဆိုပါက ကော်မရှင် အဖွဲ့ဝင်(၁၁)ဦးအနက် လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၊ ကျွမ်းကျင်(၁)ဦးနှင့် အငြိမ်းစားလစာ ခံစားနေသူ(၁)ဦး (ဧပြီလအထိသာ) ပေါင်း(၅)ဦးတို့သည် လစဉ်ချီးမြှင့်ငွေ ခံစားခွင့်မရှိဘဲ လောလောဆယ် ကျန်(၆)ဦးသာ ခံစားခွင့်ရှိမည် ဖြစ်ပါတယ်။ ဒါကြောင့် ဒီတင်ပြချက်နဲ့ စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အတည်ပြုချက် ရယူလိုပါတယ်။

ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်များရဲ့ ရပိုင်ခွင့်၊ အခွင့်အရေးများ နှင့် စပ်လျဉ်း၍ လစဉ်ချီးမြှင့်ငွေကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခံစားခွင့်အတိုင်း သတ်မှတ်ပေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာ ကော် မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့် စပ်လျဉ်း၍ လစဉ်ချီးမြှင့်ငွေကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ ခံစားခွင့်အတိုင်း သတ်မှတ်ပေးရန် အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဦးဖေမြင့် ပေးပို့လှူဒါန်းသော စာအုပ်(၄၁)အုပ်ကို ဦးဖေမြင့် Cornerအဖြစ် အမျိုးသားလွှတ်တော်စာကြည့်တိုက်တွင် တစ်စုတစ်စည်းတည်ထားရှိဖတ်ရှုခွင့် ပေးထားမည်ဖြစ်ကြောင်းနှင့် အမျိုးသားလွှတ်တော်က မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင် ဗျား။ စာရေးဆရာ ဦးဖေမြင့် က "အောင်မြင်မှု ချမ်းသာသုခနှင့်နေ့ဥစ္စာ"အပါအဝင် စာအုပ်(၄၁)အုပ်ကို အမျိုးသား လွှတ်တော်သို့ ပေးပို့လှူဒါန်း ထားပါတယ်။ စာအုပ်များ လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စွာ လက်ခံရရှိကြောင်း အမျိုးသားလွှတ်တော်က အကြောင်းပြန်ကြားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဦးဖေမြင့် Corner အဖြစ် အမျိုးသားလွှတ်တော် စာကြည့်တိုက်တွင် တစ်စုတစ်စည်းတည်း ထားရှိဖတ်ရှုခွင့် ပေးထားမည်ဖြစ်ကြောင်းနှင့် လှူဒါန်းခြင်းအတွက် အမျိုးသားလွှတ်တော်က မှတ်တမ်း တင်ပါကြောင်း ကြေညာ အပ်ပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**လက်ရှိကာလအထိ ငြိမ်းချမ်းရေးကိစ္စများအတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆက်သွယ် တွေ့ဆုံ ညှိနှိုင်းဆွေးနွေး မှု အခြေအနေများကို သိရှိလိုသည့်ကိစ္စ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်းက လက်ရှိကာလအထိ ငြိမ်းချမ်းရေးကိစ္စများအတွက် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များနှင့် ဆက်သွယ်၊ တွေ့ဆုံ၊ ညှိနှိုင်းဆွေးနွေး မှု အခြေအနေများ ကို သိရှိလိုသည့်ကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ယင်းမေးခွန်းနဲ့စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး၊ ဆွေးနွေးရေး အဖွဲ့ခေါင်းဆောင်များဖြစ်သော ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်း တို့က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ ယခု ဦးဉာဏ်လင်း မေးခွန်း မေးမြန်းနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၀။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ ဂါရ ဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာ ဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ငြိမ်းချ မ်းရေးကိစ္စများနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ ဖတ်ကြားတင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီး ခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ အတွင်း ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအ ဝေးသို့ ယခု မေးခွန်းကို တင်ပြခဲ့ဖူးပါတယ်။ ပြည်သူ့လွှတ်တော်မှာ မေးမြန်းခဲ့ပြီး ဖြစ်တယ်ဆိုလို့ ရုပ်သိမ်းခဲ့ဖူးတဲ့ မေးခွန်းဖြစ်ပါတယ်။ ယခုအမျိုးသားလွှတ်တော်မှာ မေးမြန်းခွင့်ရလို့ ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ရှိပ ါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့နယ်စပ်မှာ ကြွင်းကျန်နေသေးတဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ အခြေခံဥပဒေနှင့်ညီ အသွင်ကူးပြောင်းခြင်းမပြုကြသေးတဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးအတွက် ငြိမ်းချမ်းရေးကမ်းလှမ်း ချက်ကို ၁၈-၈-၂၀၁၁ ရက်နေ့က နိုင်ငံတော်ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကြေညာချက်အမှတ် ၊ ၁/၂၀၁၁ ဖြင့် ထုတ်ပြန်ကမ်းလှမ်းခဲ့ ပြီးဖြစ်ပါတယ်။ ကမ်းလှမ်းချက်မှာ ပါဝင်တဲ့အချက်များအနက် လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းပြီးငြိမ်းချမ်းရေးဖော်ဆောင်လိုတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဟာမိမိတို့ တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမဆောင်ရွက်လို့လုပ်ငန်းစဉ်များကိုဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ၊ ပဏာမဆောင်ရွက် ဖွယ်ရာများ ဆောင်ရွက်ပြီးပ ါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမယ့်အဖွဲ့အစည်းဖြင့်ဆွေးနွေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမှာဖြစ်ပါကြောင်းပါရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ပြီးခဲ့တဲ့ လေးလကျော်က ၄-၁၀-၂၀၁၁ ရက်နေ့ထုတ် နိုင်ငံပိုင်မြန်မာ-အင်္ဂလိပ် သတင်းစာများမှ ပြည်ထောင်စုအဆင့် ငြိမ်း ချမ်းရေးဖော်ဆောင်ရေးအဖွဲ့ Union Level peace Beaking Group နှင့် “ဝ” အထူးဒေသနှင့် ငြိမ်း ချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ ပထမအကြိမ် ငြိမ်းချမ်းရေးကိစ္စများ ညှိနှိုင်းဆွေးနွေးခြင်းနဲ့ နှစ်ဦးနှစ်ဘက် ညှိနှိုင်းဆွေးနွေး

သဘောတူညီချက်များအား လက်မှ တ်ရေး ထိုးခြင်းသတင်းကို ဖတ်ရှုလေ့လာခဲ့ရပါတယ်။ နိုင်ငံတော်အစိုးရအဖွဲ့က ဖွဲ့စည်းပေးတဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နဲ့ “ဝ”အထူးဒေသနဲ့ ငြိမ်းချမ်းရေး၊ ဖော်ဆောင်ရေးအဖွဲ့တို့ဟာ အောက်တိုဘာလ ၁ ရက် လားရှိုး မြို့မှာ နှစ်ဘက် တွေ့ဆုံပြီး ငြိမ်းချမ်းရေး ကိစ္စများ ပထမအကြိမ်ဆွေးနွေးကြပါကြောင်း “ဝ”အထူးဒေသ(၂) အဖွဲ့ခေါင်းဆောင်က “ဝ” အထူးဒေသ(၂)ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုမှ ခွဲထွက်သွားမှာ မဟုတ်ပါကြောင်း၊ တိုင်းပြည် ပြိုကွဲအောင် မည်သည့်အခါမျှ ပြုလုပ်လိမ့်မည် မဟုတ်ပါကြောင်းနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရေရှည်ဆက်လက်ထိန်းသိမ်း၍ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတ က်ရေးကို နိုင်ငံတော်အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဆွေးနွေးပြောကြားချက်များ ဟာ ကျွန်တော်တို့ နိုင်ငံသား အားလုံးအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်ပါတယ်။ ဆက်လက်ပြီး ပညာရေး၊ ကျန်းမာရေး နှစ် ဖက်ဆက်ဆံရေးရုံးများ ပြန်လည်ဖွင့်လှစ်ရေး ဝန်ထမ်းများပြန်လည် တာဝန်ပေးစေလွှတ်ရေး၊ မူးယစ်ဆေးဝါး ပပျောက်အောင် နိုင်ငံတော်အစိုးရနဲ့အတူ ပူးပေါင်း ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စီးပွားရေးအခြေခံလုပ်ငန်းများ စီမံ ဆောင်ရွက်ပေးရေး ကိစ္စများအပေါ် နှစ်ဦးနှစ် ဖက်ညှိနှိုင်း၍ သဘောတူညီချက်ကို လက်မှတ် ရေးထိုးကြပါကြောင်း ဖတ်ရှုမှတ်သားမိ ပါတယ်။ ဒီပြည်ထောင်စုအဆင့် ညှိနှိုင်း ဆွေးနွေးပွဲမှာ တို့တာဝန်အရေးသုံးပါးကို အာမခံနိုင်တဲ့ မူဘောင်အတွင်းမှ လို က်လျောနိုင်သမျှ လိုက်လျောပြီး နှစ်ဘက်မျှမျှတတ ညှိနှိုင်း ဆောင်ရွက်နိုင်ခဲ့တာ ထင်ရှားပေါ်လွင်ပါတယ်။ နိုင်ငံတော်အစိုးရ ကိုယ်စားပြု ပြည်ထောင်စုအ ဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ကိုရော “ဝ”အထူးဒေသနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ကိုပါ ငြိမ်းချမ်းရေးလိုလားသူ၊ မြတ်နိုးသူအားလုံးက အထူး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်။ ဖော်ပြပါဆွေးနွေးပွဲမှာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့တဲ့ မန္တလေးတိုင်း ၊ တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကိုလည်း မိမိတို့ လွှတ်တော် ဂုဏ်သိက္ခာ မြင့်မားစေပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးက လေးစားဂုဏ်ယူပါကြောင်း အလျဉ်းသင့်တင်ပြလိုပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းစဉ် တစ်ရပ်အဖြစ် ဥပမာ တစ်ခုအနေဖြင့်သာ တင်ပြခြင်းဖြစ်ပါတယ်။ ယနေ့နောက်ပိုင်းကာလမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအနေဖြင့် အဖွဲ့ခေါင်းဆောင်၊ ဒုတိယ အဖွဲ့ ခေါင်းဆောင်များအဖြစ် ဆောင်ရွက်လျက်ရှိပြီး မွန်ပြည်သစ်ပါတီ (NMSP)အပါအဝင် ပြည်နယ်အဆင့် (၄)ဖွဲ့၊ (KNU, KNLA)ကောင်စီအပါအဝင် ပြည်ထောင်စုအဆင့်(၅)ဖွဲ့ လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်းသိရှိရပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့် လက်ရှိကာလအထိ ငြိမ်းချမ်းရေးကိစ္စများအတွက် နိုင်ငံတော်က တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနဲ့ ဆက်သွယ်၊ တွေ့ဆုံ ညှိနှိုင်း ဆွေးနွေးမှု အခြေအနေများကို ထာ ဝရငြိမ်းချမ်းရေးမြတ်နိုးကြတဲ့ မိမိတို့ အပါအဝင် ပြည်သူ တို့ သိရှိနိုင်ရေးအတွက် သိသင့်သိထိုက်သည်များကို ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်း က ပထမဦးစွာ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၆။**

**ဦးအောင်မင်း(ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်)။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ငြိမ်းချမ်းရေးကိစ္စရပ် များအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်သွယ်၊ တွေ့ဆုံ ၊ ညှိနှိုင်း ဆောင်ရွက်မှု အခြေအနေများကို ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ အဖွဲ့ (၂)မှ တင်ပြသွားမှာ ဖြစ်ပါတယ်။

၃၁-၃-၂၀၁၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်မှာ နိုင်ငံတော် သမ္မတကြီးက နိုင်ငံတော်တည်ဆောက်ရေးအတွက် ပထမဦးဆုံးသော အခြေပြ မိန့်ခွန်းတစ်ရပ်ကို မိန့်ကြားခဲ့ရာမှာ တိုင်းရင်းသားအရေးကိစ္စများနဲ့ ပတ်သက်ပြီးတော့ မတူညီတဲ့ သဘောထားအမြင်တွေ ရှိကြမှာ ဖြစ်သော်လည်း တိုင်းပြည်၏အကျိုးစီးပွားအတွက် တူ ညီတဲ့ကိစ္စရပ်တွေမှာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ကျွန်တော်တို့ အစိုးရအနေနဲ့ ငြိမ်းချမ်းရေးတံခါးကို ဖွင့်ထားပြီး

လက်ကမ်းကြိုဆို နေမှာဖြစ်ကြောင်း စ သည်ဖြင့် မိန့်ကြားခဲ့ပါတယ်။ ထို့အပြင် ပြည်ထော င်စု အစိုးရအဖွဲ့၏ ကြေညာချက်အမှတ်၊ ၁/၂၀၁၁ ကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ကြေညာချက်တွင် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းတည်ဆောက် သွားရန် လက်နက်ကိုင် အဖွဲ့အစည်းများကို ဖိတ်ခေါ်ခဲ့ကြောင်း ဖော်ပြထားပါ တယ်။ ၂၄-၁၁-၂၀၁၁ ရက်နေ့မှာ နိုင်ငံတော်သမ္မတကြီးက RCSS/SSA ရှမ်းတိုင်းရင်းသားအဖွဲ့၊ KNPP ကယား တိုင်းရင်းသားအဖွဲ့၊ KNU ကရင်တိုင်းရင်းသားအဖွဲ့၊ CNF ချင်းတိုင်းရင်းသားအဖွဲ့၊ NMSP မွန်ပြည်သစ် တိုင်းရင်းသားအဖွဲ့ လက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးရန်အတွက် ပြည်ထောင်စုအဆင့် ငြ ငိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့(၂)အား အောက်ပါ အတိုင်း ဖွဲ့စည်း တာဝန်ပေးခဲ့ပါတယ်။ အဲဒီမှာ ပြည်ထောင်စု ဝန်ကြီးများဖြစ်တဲ့ ဦး အောင်မင်း၊ ဦးစိုးသိန်း ပါရှိပါ တယ်။ ဦးဇော်မင်း က မွန်ပြည်နယ် ၊ မွန်တိုင်းရင်းသားကိစ္စများကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဦးဝင်းထွန်း ဟာ ချင်းတိုင်းရင်းသား (CNF)ကိစ္စကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ဦးခင်ရီ ဟာ KNU ကရင်တိုင်းရင်းသားကိစ္စကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဦးခင်မောင်စိုး ဟာ RCSS/SSA ရှမ်းတိုင်းရင်းသားကိစ္စကိုဆောင်ရွက်မှာဖြစ်ပါတယ်။ဦးသန်းဌေးဟာ KNPP ကယားတိုင်းရင်းသား ကိစ္စကိုဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီအဖွဲ့များအပြင် ဦးထွန်းထွန်းဦး ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး။ ဗိုလ်မှူးကြီးကျော်စိုးဝင်း၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး လည်းပါရှိပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ ဆောင်ရွ က်ရမယ့်မူဝါဒများကိုလည်း နိုင်ငံတော် မှချမှတ်ပေးထားပါတယ်။ အဲဒီမှာ အဆင့်(၃)ဆင့် ဖြစ်ပါတယ်။ ပထမအဆင့်မှာတော့ အပစ်အခတ် ရပ်စဲရေးဖြစ်ပါတယ်။ အဲဒီမှာ အချက်(၄)ချက်ပါရှိပါတယ်။ အဆင့် (၂)ကတော့ ပြည်ထောင်စုအဆင့် ဆွေးနွေးရန်ဖြစ်ပါတယ်။ အဲဒီမှာ အားလုံးအချက်(၈)ချက်ပါရှိပါတယ်။ အဓိကအချက်တွေကတော့ ပြည်ထောင်စုအတွင်းမှ မည်သည့်အခါမှ ခွဲမထွက်ရန်ကိစ္စ။ ထို့အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို သဘောတူရန်ကိစ္စဟာ အဓိကအချက်ပဲ ဖြစ်ပါတယ်။ အဆင့်(၃)မှာတော့ ပြည်ထောင်စုလွှတ်တော် ရှေ့မှောက်မှာ တိုင်းရင်းသားအားလုံး ဆွေးနွေးညှိနှိုင်းပြီး ထာ ဝရ

ငြိမ်းချမ်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးရန် ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့အနေဖြင့် အထက်ပါမူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

KNU ကရင်တိုင်းရင်းသားကိစ္စများကို ဦးစွာတင်ပြမှာ ဖြစ်ပါတယ်။ KNU ကရင်တိုင်းရင်းသား လက်နက်ကိုင်များနဲ့ပတ်သက်ပြီး အကြိမ်ကြိမ်ဆွေးနွေးခဲ့ပါတယ်။ပထမအကြိမ်ဟာ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ ထိုင်းနိုင်ငံ ၊ မဲဆောက်မြို့မှာ ဖြစ်ပါတယ်။ အဲဒီမှာ KNU ကိုယ်စားလှယ်၊ KNU အထွေထွေအတွင်းရေးမှူး ဒေါ်နော် စီဖိုးရာစိန် ဦးစီးတဲ့ (၅)ဦးအဖွဲ့ တက်ရောက်ပါတယ်။ အဲ ဒီမှာ KNU အဖွဲ့မှ နိုင်ငံတော်၏ ၁/၂၀၁၁ ကြေညာချက်ကို ကြိုဆိုလက်ခံခဲ့ပါတယ်။ ဒုတိယအကြိမ် ဆွေးနွေးပွဲ ကို နို ဝင်ဘာလ ၁၉ ရက်နေ့မှာ ထိုင်းနိုင်ငံ ၊ Chaing Rai မြို့မှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီမှာ KNU ကိုယ်စားလှယ်များဖြစ်တဲ့ စစ်ဦးစီး ချုပ် မူထူးဆေးဖိုး ဦးစီးတဲ့ (၃)ဦးအဖွဲ့ တက်ရောက်ပါတယ်။ အဲဒီအစည်းအဝေးမှာတော့ ယုံကြည်မှုကို ဒီထက်ပိုပြီး ခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ပါတယ်။ တတိယအကြိမ်ဆွေးနွေးပွဲ ကို ထိုင်းနိုင်ငံ၊ မဲဆောက်မြို့မှာ ဆောင်ရွက်ခဲ့ပါတယ်။ KNU ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ခေါင်း ဆောင် ဒေးဗစ်တာကပေါ ဦးစီးတဲ့ (၆)ဦးအဖွဲ့ တက်ရောက်ခဲ့ပါတယ်။ ပြည်ထောင်စုအဆင့် လက်မှတ်ရေးထိုးရန်နေရာအဖြစ် ဘားအံမြို့တွင်လည်းကောင်း၊ ရက်စွဲ/အချိန်အဖြစ် ၁၂-၁-၂၀၁၂ ရက်နေ့ကိုလည်းကောင်း ကျွန်တော်တို့ သတ်မှတ်နိုင်ခဲ့ပါတယ်။ စတုတ္ထ အကြိမ် အစည်းအဝေးပွဲကို ၁၂-၁-၂၀၁၂ ရက်နေ့ ကရင်ပြည်နယ် ၊ ဘားအံမြို့မှာ ပြုလုပ်ခဲ့ပါတယ်။ KNU စစ်ဦးစီးချုပ် မူထူးဆေးဖိုး ဦးစီးတဲ့ အဖွဲ့ဝင်(၁၉)ဦး တက်ရောက်ခဲ့ပါတယ်။ ပြည်နယ်အဆင့် အစည်းအဝေးကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်နယ်အဆင့် အစည်းအ ဝေးပြုလုပ်ပြီး အပ စ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါတယ်။ စာချုပ်ကိုလည်း ကျွန်တော်တို့ ပူးတွဲပြီးတင်ပြထား ပါတယ်။ ပြည်ထောင်စုအဆင့် အစည်းအဝေးကို ဆက်လက်လုပ်ခဲ့ပါတယ်။ KNU အဖွဲ့မှ တင်ပြသော အချက်(၁၁)ချက်ကိုဆွေးနွေးကြပြီး မူအားဖြင့် သဘောတူကြောင်း ပြည်ထောင်စု အဆင့် ဆွေးနွေးပွဲတွင် ဆက်လက်ဆွေးနွေး ရန် ဆုံးဖြတ်ပြီးလက်မှတ်ရေးထိုး ခဲ့ကြပါတယ်။ စာချုပ်ကို ကျွန်တော်ဒီမှာ ပူးတွဲပြီး တင်ပြထားပါတယ်။

RCSS/SSA ရှမ်းတိုင်းရင်းသား ကိစ္စများကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းတိုင်းရင်းသားများနဲ့ အကြိမ်ကြိမ် ဆွေးနွေးခဲ့ပါတယ်။ ပထမအကြိမ်ကတော့ ၁၉-၁၁-၂၀၁၁

ရက်နေ့ ထိုင်းနိုင်ငံ ၊ ချင်းရိုင်မြို့မှာ ဆွေးနွေးခဲ့ပါတယ်။ RCSS/SSA ကိုယ်စားလှယ် ဗိုလ်ချုပ်ကြီးရွှက်ဆစ် ဦးစီးတဲ့ (၁၀)ယောက်အဖွဲ့၊ ဗိုလ်ချုပ်ကြီးရွှက်ဆစ် ကိုယ်တိုင်ဦးစီးပြီး တက်ရောက်ခဲ့ပါတယ်။ ကြေညာချက်၊ ၁/၂၀၁၁ ကို လက်ခံကြောင်း၊ ပြည်နယ်အဆင့် ဆွေးနွေးပွဲကို ၂-၁၂-၂၀၁၁ ရက် တောင်ကြီးမြို့၌ ပြုလုပ်ပြီး သဘောတူညီချက်ရရှိပါက အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်း သဘောတူညီမှု ရရှိခဲ့ ပါတယ်။ ဒုတိယအကြိမ်ဆွေးနွေးပွဲကို ၂-၁၂-၂၀၁၁ ရက်နေ့ ရှမ်းပြည်နယ် ၊ တောင်ကြီးမြို့မှာ ပြု လုပ်ခဲ့ပါတယ်။ ဗိုလ်မှူးချုပ်စိုင်းလူ ဦးစီးတဲ့ အဖွဲ့ဝင်(၆)ဦး တက်ရောက်ခဲ့ပါတယ်။ ပြည်နယ်အဆင့်တွင် နှစ်ဦးနှစ်ဖက် ဆွေးနွေးကြပြီး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို နောက်ဆက်တွဲများဖြင့် တင်ပြထားပါတယ်။ တတိယအကြိမ် ဗဟိုအဆင့်အစည်းအဝေး ဖြစ်ပါတယ်။ ၁၆-၁-၂၀၁၂ ရက်နေ့ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့မှာ ပြုလုပ်ခဲ့ပါတယ်။ ဗိုလ်မှူးချုပ်ဘောင်ခေး ဦးစီးတဲ့ (၁၀)ဦး တက်ရောက်ခဲ့ပါတယ်။ ဗဟိုအဆင့်မှာ နှစ်ဦးနှစ်ဖက် ဆွေးနွေးကြပြီး အချက် (၁၁)ချက်ပါ သဘောတူညီချက်များကို လက်မှတ်ရေးထိုး နိုင်ခဲ့ပါတယ်။ သဘောတူညီ ချက်များမှာ အခြေချနေထိုင်ရန် နယ်မြေသတ်မှတ်ခြင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ တပ်မတော်နှင့် ညှိနှိုင်းရေး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကိစ္စ၊ တပ်မတော်မှ ကူညီပေး ရေးကိစ္စ၊ တပ်မတော် နှင့် ပူးတွဲနေရာချထားရေးကိစ္စ၊ လက်နက်မပါပဲ နယ်မြေကျော်ဖြတ် သွားလာရေးကိစ္စ၊ ဆက်ဆံရေး ရုံးများဖွင့်လှစ်ရေးကိစ္စ၊ မူဝါ ဒနှင့်အညီ စီးပွားရေးလုပ်ကိုင်ရန်ကိစ္စ၊ နယ်မြေဒေသဖွံ့ဖြိုးရေးကိစ္စ၊ ပြည်ထောင်စုအဆင့် အစည်းအဝေးများကို ဆက်လက် ဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးချက်ကို နောက်ဆက်တွဲ(ဃ)ဖြင့် တင်ပြထားပါတယ်။

ဆက်လက်ပြီးတော့ CNF ချင်းတိုင်းရင်းသားကိစ္စများကို ဆက်လက် တင်ပြသွားမှာဖြစ်ပါတယ်။ ပထမအကြိမ် အစည်းအဝေးကို ၁၉-၁၁-၂၀၁၁ ရက်နေ့ ထိုင်းနိုင်ငံ ချင်းရိုင်မြို့မှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ CNF ကိုယ်စားလှယ် အထွေထွေ အတွင်းရေးမှူး ပူဇင်ကျုံးဦးစီးတဲ့ (၂)ယောက်တက်ရောက်ခဲ့ပါတယ်။ ကြေညာချက်၊ ၁/၂၀၁၁ ကို လက်ခံကြောင်း၊ ပြည်နယ်အဆင့် ဆွေးနွေးပွဲကို ၆-၁-၂၀၁၂ ရက်နေ့ ဟားခါးမြို့၌ ပြုလုပ်ပြီး သဘောတူညီချက် ရရှိပါက အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ် ရေးထိုးမည်ဖြစ်ကြောင်း အဖြေရရှိပါတယ်။ ဒုတိယအကြိမ်ဆွေးနွေးပွဲကို ချင်းပြည်နယ်၊ ဟားခါးမြို့မှာ ၅-၁-၂၀၁၂ ရက်နေ့၊ ၆-၁-၂၀၁၂ ရက်နေ့မှာ

(၂)ရက်ပြုလုပ်ခဲ့ပါတယ်။ CNF ကိုယ်စားလှယ် ငြိမ်းချမ်းရေးဖော်ဆောင်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာရွှေခါး ဦးစီးတဲ့(၁၀)ယောက်တက်ရောက်ပါတယ်။ အဲဒီအဆင့်မှာ ပြည်နယ်အဆင့်(၂)ဦး ဆွေးနွေးကြပြီးတော့ အချက်(၉)ချက်ပါ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို နောက်ဆက်တွဲ(င) ဖြင့် တင်ပြထားပါတယ်။

ဆက်လက်ပြီးတော့ မွန်တိုင်းရင်းသား မွန်ပြည်သစ်ပါတီကိစ္စနဲ့ ပတ်သက်ပြီး ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအကြိမ် ဆွေးနွေးပွဲကို ၂-၁၂-၂၀၁၁ ရက်နေ့ ထိုင်းနိုင်ငံ၊ ဆန်ခရဘူရီမြို့မှာ ပြုလုပ်ခဲ့ပါတယ်။ မွန်ပြည်သစ်ပါတီမှ အထွေထွေအတွင်းရေးမှူး ဦးနိုင်ဟံသာ ဦးစီးတဲ့ (၉)ဦး၊ ရဟန်း(၂)ပါး အပါအ ဝင် အားလုံး (၁၁)ဦး တက်ရောက်ပါတယ်။ အဲဒီမှာတော့ ကြေညာချက်၊ ၁/၂၀၁၁ ကို ကြိုဆိုလက်ခံကြောင်း၊ ဗဟိုကော်မတီ အစည်းအဝေးတွင်တင်ပြပြီး သဘောထား များပြန်ကြားပေးမည်ဖြစ်ကြောင်း အဖြေရရှိပါတယ်။ ဒုတိယအကြိမ် ပြည်နယ်အဆင့် အစည်းအ ဝေးကို ၁-၂-၂၀၁၂ ရက်နေ့မှာ မော်လမြိုင်မြို့မှာ ပြုလုပ်ရန် နှစ်ဖက်ညှိနှိုင်း စီစဥ်ထားခဲ့ပါတယ်။ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို အဲဒီနေ့မှာပဲ မော်လမြိုင်မြို့မှာ ၁-၂-၂၀၁၂ ရက်နေ့မှာ ကျွန်တော်တို့ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ဆက်လက်ပြီးတော့ KNPP ကယားတိုင်းရင်းသား ကိစ္စရပ်များကို ဆက် လက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။ ၁၉-၁၁-၂၀၁၁ ရက်နေ့ ထိုင်းနိုင်ငံ ၊ ချင်းရိုင်မြို့မှာ ပထမအကြိမ် အစည်းအဝေးကို ပြုလုပ်ခဲ့ပါတယ်။ KNPP ကိုယ်စားလှယ် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူး ဦးစီးတဲ့(၂)ဦး တက်ရောက်ပါတယ်။ အဲဒီမှာ ကြေညာချက်၊ ၁/၂၀၁၁ ကို ကြိုဆို ကြောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြပြီး ပြန်ကြားပေးမည်ဖြစ်ကြောင်း ညှိနှိုင်းရရှိခဲ့ ပါတယ်။ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ ထိုင်းနိုင်ငံ ၊ ချင်းမိုင်မြို့မှာ ပြုလုပ်ခဲ့ပါတယ်။ အထွေထွေအတွင်းရေးမှူး ဦးခူဦးရယ် (၇)ဦးတက် ရောက်ခဲ့ပါတယ်။ မတ်လ ပထမပတ်မှာ ပြည်နယ် အဆင့်အစည်းအဝေးကို လွိုင်ကော်မြို့၌ ပြုလုပ်ပြီး သဘောတူညီချက်ရရှိပါက အပစ်အခတ်ရပ်စဲရေး စာချုပ်ကိုချုပ်ဆိုမည်ဖြစ်ကြောင်း အဖြေရရှိပါတယ်။

ဆက်လက်ပြီးတော့PNLO ပအိုဝ်းတိုင်းရင်းသားများကိစ္စကို တင်ပြသွားမှာဖြစ်ပါတယ်။ အစည်းအဝေးကို ၂၃-၁၂-၂၀၁၁ ရက်နေ့ ဘန်ကောက်မြို့မှာ ပြုလုပ်ခဲ့ပါတယ်။ PNLO မှ ကိုယ်စားလှယ်ဥက္ကဌ ဦးခွန်ဥက္ကာ တက်ရောက်ပါတယ်။ ကြေညာချက်၊၁/၂၀၁၁ကို ကြိုဆိုကြောင်း၊ မိမိတို့ PNLO သည် UNFC (United Nationalities Federal Council) အဖွဲ့ဝင်ဖြစ်၍ အဖွဲ့ဝင်များ သဘောတူညီလျှ င် လိုက်နာရန်အသင့်ရှိကြောင်း သဘောတူချက် ရရှိပါတယ်။ ဒုတိယအကြိမ် အစည်းအဝေးကို ၅-၂-၂၀၁၂ ရက်နေ့မှာ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ပြုလုပ်နိုင်ခဲ့ပြီး နောက်ထပ်ဆွေးနွေးရန် ဆုံးဖြတ်ပါတယ်။ PNLO မှ ဦးခွန်မြင့်အောင် ဦးစီးပြီး (၅)ဦး တက်ရောက်ပါတယ်။

တိုင်းရင်းသားအရေး ပဋိပက္ခကိစ္စရပ်များကို နှစ်ပေါင်း (၆၀)ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါတယ်။ ကုသ၍ မရသေးသည့် ပြဿနာတစ်ခုအဖြစ် ခံယူပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိက လိုအပ်ချက်များမှာ နိုင်ငံတော်အေးချမ်းသာယာရေး၊ စည်းလုံး ညီညွတ်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာဖို့ တိုင်းရင်းသားအရေး ပဋိပက္ခကို မဖြစ်မနေ ဖြေရှင်းရမယ့်ကိစ္စအဖြစ် ခံယူထားပါတယ်။ ဒီလို ဆောင်ရွက်တဲ့အခါမှာ အပေးအယူ အများကြီးလုပ်ခဲ့ရပါတယ်။ အပေးအယူလုပ်တဲ့အခါမှာ လည်း ဖွဲ့စည်းပုံအ ခြေခံဥပဒေ၊ တို့တာဝန်အရေးသုံးပါး၊ ပြည်ထောင်စုထဲက မခွဲထွက်ရေးဆိုတဲ့ လမ်းညွှန်ချက်များကို အဓိကကိုင်စွဲပြီး ညှိနှိုင်းခဲ့ရပါတယ်။ တိုင်းရင်းသားများဟာ စားပွဲဝိုင်း ကနေ နောက်ပြန်မလှည့် မသွားအောင်၊ Uturn မဖြစ်အောင် ကြိုးပမ်းဆောင်ရွ က်ခဲ့ရပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း မိမိတို့အပေါ်မှာ ပြည်သူလူထုက နားလည်ပေးဖို့ လိုအပ်မှုတွေ ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာက UNFC အဖွဲ့မှာ တိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့ (၁၁)ဖွဲ့ပါရှိပြီးတော့ အဖွဲ့ငယ်များဖြစ်တဲ့ NUPA အမျိုးသားညီညွတ်ရေးရခိုင်ပါတီ၊ LDU လားဟူ ဒီမိုကရက်တစ် အစည်းအရုံးအဖွဲ့(၂)ဖွဲ့နှင့် အဆက်အသွယ်လည်း ရရှိပြီးဖြစ်ပါတယ်။ နိုင်ငံတော် အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ။** ။ တက်ရောက်လာတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးနဲ့ ဒုတိယဝန်ကြီးများ မိမိတို့ရဲ့သက်ဆိုင်တဲ့ အခန်းကဏ္ဍ ပြီးစီးတဲ့အခါမှာ မိမိတို့ဆန္ဒအလျောက် ပြန်လည်ထွက်ခွာလို့ရပါတယ်။ ဆက်လက်ပြီး ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး၊ ဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၉။**

**ဦးအောင်သောင်း (ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး၊ ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင်)**

။ ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းပို့သရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ကျွန်တော်ကတော့ တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ရန်အတွက် ကျွန်တော့်ကို အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ပြီး မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော် ကို ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးပါတယ်။ အဖွဲ့ဝင်များကိုတော့ ငြိမ်းချမ်းရေးဆွေးနွေးမည့် နေရာဒေသအလိုက်လုပ်ငန်းဌာနအလိုက် တာဝန်ယူကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဒေသခံတိုင်းရင်းသားများ၊ မြို့မိမြို့ဖများနဲ့ ထည့်သွင်းဖွဲ့စည်းပြီးတော့ တာဝန်ပေးပါတယ်။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း က လက်ရှိကာလအထိ ငြိမ်းချမ်းရေးကိစ္စများအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ ဆက်သွယ်၊ တွေ့ဆုံ၊ ညှိနှိုင်းဆွေးနွေးမှု အခြေအနေများကို သိလိုကြောင်း မေးမြန်းထားပါတယ်။ ဤကဲ့သို့ မေးမြန်းတဲ့အတွက် ပြန်လည်ဖြေကြားခွင့် ရတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။ ကျွန်တော့်အနေဖြင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြလိုပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ယခင်အစိုးရများမှသည် ယခုအစိုးရအထိ လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့များဟာ စုစုပေါင်း (၁၈)ဖွဲ့ ရှိပါတယ်။ ဒီ (၁၈)ဖွဲ့ ရှိတဲ့နေရာဟာ နေရာ

အနဲ့အပြားမှာ ဒါကျွန်တော်တို့ ရှိပါတယ်။ ယခင်အစိုးရလက်ထက် ၁၉၈၉ ခုနှစ်မှာ ယာယီငြိမ်းချမ်းရေး ယူခဲ့ပါတယ်။ တချို့အဖွဲ့တွေကိုတော့ ၁၉၉၄ ခုနှစ်ကျမှပဲ ယာယီငြိမ်းချမ်းရေး ယူနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြီးတော့ အစိုးရသစ်မပေါ်ပေါက်မီ လက်နက်ကိုင်အဖွဲ့အစည်းများကို အသွင်ကူးပြောင်းရေး ဆောင်ရွက်ရာမှာ အဖွဲ့(၂)က BGF အဖြစ် လက်ခံပြီးတော့၊ တချို့က ပြည်သူ့စစ်အဖွဲ့အဖြစ် လက်ခံခဲ့ပါတယ်။ ဒီနေ့အထိ ပြည်သူ့စစ်အဖွဲ့များဟာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကွပ်ကဲမှုအောက်မှာ ယနေ့အထိ ရှိနေပါတယ်။ တချို့အဖွဲ့များက BGF ဖွဲ့စည်းရေး၊ ပြည်သူ့စစ်ဖွဲ့စည်းရေး လက်မခံတဲ့အတွက် ငြိမ်းချမ်းရေး အခြေအနေဟာ ကျွန်တော်တို့ ရပ်ဆိုင်းသွားပါတယ်။ ရပ်ဆိုင်းပြီးတဲ့ကာ လမှာပဲ ပစ်ခတ်တိုက်ခိုက်မှုများ ရှိတဲ့နေရာရှိနေသလို၊ မရှိတဲ့နေရာလည်း မရှိခဲ့ဘူး ဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာတဲ့ ဒီမိုကရေစီ အစိုးရအသစ်အနေနဲ့ လက်နက်ကိုင် တိုက်ခိုက်နေလို့ကတော့ တိုင်းပြည်တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ အနှောင့်အယှက်ဖြစ်ပြီး တိုင်းပြည်ရဲ့ စီမံကိန်းကြီးများ တည်ဆောက်ရေးအတွက် စိတ်မချရဘဲ အခက်အခဲများ ဖြစ်လာမှာဖြစ်ပါတယ်။ ဒီမိုကရေစီအရ ပေါ်ပေါက်လာတဲ့အစိုးရသည် ဒီမိုကရေစီ ဖြစ်ထွန်းရေးသည် အရေးကြီးပါတယ်။ ငြိမ်းချမ်းမှု၊ လုံခြုံမှုမရှိဘဲနဲ့ တည်ငြိမ်အေးချမ်းမှု မရနိုင်သလို ဒီမိုကရေစီကျင့်သုံးရေးဝလေ့သည် မဖြစ်နိုင်ပါ။ ဒီမိုကရေစီ ဖြစ်ထွန်းနေမှုသာလျှင် ဖွံ့ဖြိုးတိုးတက်မှုကို ရနိုင်ပါတယ်။ နိုင်ငံတစ်ခုလုံး ထာဝရငြိမ်းချမ်း တည်ဆောက်ရေးသည် တိုင်းပြည်နဲ့ ပြည်သူများ၏ လိုအပ်ချက်ဖြစ်ပါတယ်။ ပြည်သူ၏ဆန္ဒဖြစ်၍ ပြည်သူ့အစိုးရသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ဖြစ်ထွန်းရေးကို မဖြစ်မနေ အောင်မြင်အောင်ဆောင်ရွက်ရမည့် တာဝန်ဖြစ်ပါတယ်။ ဒါကြောင့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ငြိမ်းချမ်းရေး ဆွေးနွေးရန်သင့်သည်ဟု ကျွန်တော်တို့ သဘောထားရရှိပါတယ်။ ဒီလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ထာဝရငြိမ်းချမ်းရေး ရရှိရေးအချက်မှာ (၁)ဆက်သွယ်မှုလိုပါတယ်။ ဆက်သွယ်တဲ့နေရာမှာ ဆွေးနွေးနိုင်ဖို့ အခွင့်အလမ်းတွေ ရဖို့လိုပါတယ်။ ဆွေးနွေးနိုင်တဲ့အခါမှာ နားလည်မှုတွေ တည်ဆောက်နိုင်ဖို့ လိုပါတယ်။ နားလည်မှု တည်ဆောက်နိုင်ရန်လည်း အပြန်အလှန်ကြားနာ လက်ခံနိုင်တဲ့ အခြေအနေလည်း လိုပါတယ်။ အဲဒီကနေမှတစ်ဆင့် ကျွန်တော်တို့ရဲ့ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကိုလက်ခံဖို့၊ ကျွန်တော်တို့ရဲ့ အရေးသုံးပါးကို လက်ခံဖို့၊ ဥပဒေဘောင်အတွင်းမှာ နေလိုထိုင်လိုစိတ်ရှိရေး၊ နောက်ကျွန်တော်တို့ ပြည်ထောင်စု အသွင်ဖြင့် ဆက်လက်တည်ရှိနေရေး၊ အများပြည်သူများနည်းတူ ဆက်လက်နေထိုင်နိုင်ရေးနဲ့ တိုင်းရင်းသား

များမှာ တန်းတူရည်တူ အခွင့်အရေးတွေ ရှိတယ်ဆိုတာကို ကျွန်တော်တို့ သဘောပေါက်လက်ခံနိုင်ရေးနဲ့ ဒီမိုကရေစီအခွင့်အရေးအရ ခံစားခွင့်ရှိတယ်ဆိုတာလေးကိုလည်းပဲ လက်ခံလာနိုင်ရေးကို ကျွန်တော်တို့က ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။ ဒီအချက်တွေကို အခြေခံပြီးတော့ ကျွန်တော်တို့၊ ဦးသိန်းဇော် တို့ဟာ လ က်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများနဲ့ အဆက်အသွယ်များ ပြုလုပ်ပါတယ်။ ဒီထဲမှာ KIO၊ KIA နဲ့ ယခင်ကလည်းပဲ ကျွန်တော်တို့ ညှိနှိုင်းရရှိခဲ့တဲ့အတွက် အခြေအနေတွေကို ကြားခံက ဆောင်ရွက်ပြီးတော့မှ သူတို့ရဲ့သဘောထားတွေကိုလည်း မေးကြည့်ပါတယ်။

အလားတူပဲ "ဝ" အထူးဒေသနှင့်လည်းပဲ ကြားခံပုဂ္ဂိုလ်များ ထားပြီးတော့ လှျို့ဝှက်စွာ (၇)ကြိမ် ဆောင်ရွက်ပြီးတော့ သဘောထားများရယူပါတယ်။ ဒ့ါအပြင် အခြားသောလက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်း စုံစမ်းလေ့လာမှုများ ပြုလုပ်ပါတယ်။ တိုင်းပြည်ရဲ့ လိုအပ်ချက်အရ အစိုးရရော၊ ပြည်သူတွေရော၊ လက်နက်ကိုင်တိုင်းရင်းသားတွေရော ငြိမ်းချမ်းရေးတည်ဆောက်ရန် ဆန္ဒရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတကြီးက ဒီအခြေအနေတွေကို သိရှိပြီးတော့မှ ၁၈-၈-၂၀၁၁ ရက်နေ့မှာ လက်နက်ကိုင် အဖွဲ့အစည်းများကို ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါတယ်။ သမ္မတကြီး က ငြိမ်းချမ်းရေးဖိတ်ခေါ်ချက် ထုတ်ပြန်ပြီးတဲ့ နောက်ပိုင်းမှာ လက်နက်ကိုင်အဖွဲ့အစည်းများက ဆက်သွယ်လာပါတယ်။ ပထမဆုံး "ဝ"အထူးဒေသ(၂) ခေါင်းဆောင် ဦးပေါက်ယူချမ်က သမ္မတကြီးထံမှာ ကျွန်တော်တို့စာရေးသားပြီးတော့မှ ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်း ပြောလာပါတယ်။ တစ်ချိန် တည်းမှာပဲ အထူးဒေသ (၄)ဥက္ကဋ္ဌ ဦးစိုင်းလင်း ကလည်းပဲ သမ္မတကြီးထံ ငြိမ်းချမ်းရေးဆွေးနွေးလိုကြောင်း ရေးသားပေးပို့လာတယ်။ ဒါကြောင့် သမ္မတကြီးထံ တင်ပြပြီး ပထမအဆင့်အနေဖြင့် ၆-၉-၂၀၁၁ ရက်နေ့မှာ ကျိုင်းတုံမြို့၌ "ဝ"အထူးဒေသ(၂)မှ ဦးကျောက်ကွမ်အမ်း ခေါင်းဆောင်သောငြိမ်းချမ်းရေးအဖွဲ့နဲ့ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ဗိုလ်မှူးကြီးအောင်သူခေါင်းဆောင်သော ကျွန်တော်တို့ ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့ဝင်တို့ဟာ ညှိနှိုင်းပြီးတော့မှ လက်မှတ်ရေးထိုးနိုင်တဲ့အဆင့် ရောက်ပါတယ်။ ဒီလက်မှတ် ရေးထိုးတဲ့ နေရာမှာ (၁) တပ်မတော်နဲ့ "ဝ"အထူးဒေသ(၂)တို့အကြား တည်ရှိနေသော ပစ်ခတ် တိုက်ခိုက်မှုများ မပြုလုပ်ခြင်းကို ဆက်လက်ထိန်းသိမ်းမည်။ ဒါကျွန်တော်တို့နဲ့ သူတို့နဲ့ ပစ်ခတ် တိုက်ခိုက်မှု မရှိပါဘူး။ ဒါကြောင့် ကျွန်တော်တို့သည် ဆက်လက်ပစ်ခတ်တိုက်ခိုက်မှု မရှိခြင်းကို

ဆက်လက်ထိန်းသိမ်းမယ်လို့ ဖော်ပြခြင်းဖြစ် ပါတယ်။ (၂) နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောဆို ဆက်ဆံ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် နှစ်ဖက်သဘောတူညီသော နေရာများမှာ နှစ်ဖက် သဘောတူညီသောပုဂ္ဂိုလ်များဖြင့် ဆက်ဆံရေးဌာနများဖွဲ့မည်။ (၃) နှစ်ဦးနှစ်ဖက် သဘောတူညီ သော နယ်မြေများမှအပ နယ်မြေကျော်လွန် လက်နက်ကိုင်သွားလာမှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီး ဆောင်ရွက်ရမည်။ (၄) ပြည်ထောင်စုအစိုးရက ဖွဲ့စည်းသည့် ငြိမ်းချမ်းရေး ဆွေးနွေးသည့်အဖွဲ့နှင့် “ဝ”အထူးဒေသ(၂)က ဖွဲ့စည်းသည့် ငြိမ်းချမ်းရေးဆွေးနွေးမည့် အဖွဲ့များ ဟာ နှစ်ဦးနှစ်ဖက် သဘောတူညီသောနေရာ၊ သဘောတူညီသော အချိန်ကာလမှာ “ဝ” အထူး ဒေသ(၂) နယ်မြေအတွင်းမှာ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဖော်ဆောင် နိုင်ရေးအတွက် ဆက်လက်ဆွေးနွေးမည်ဟု ဆိုသောအချက်များပါရှိပါတယ်။ အလားတူပါပဲ ။ ကျွန်တော်တို့ ဆက်သွယ်ဆောင်ရွက်မှု အမျိုးမျိုးပြုလုပ်ပေးနေရာမှာ ၇-၉-၂၀၁၁ ရက်နေ့မှာ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီး ဦးအောင်သူ ခေါင်းဆောင်သော အဖွဲ့နဲ့ အထူး ဒေသ(၄)မှ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်ဦးစံပေ့ ခေါင်းဆောင်သောအဖွဲ့နဲ့ အလားတူပဲ ဖော်ပြ ထားတဲ့ သဘောတူချက်(၄)ချက်ကို သဘောတူခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နေ့မှာလည်းပဲ လားရှိုးမြို့မှာ ကျွန်တော်နဲ့ ဦးသိန်းဇော် ခေါင်းဆောင်တဲ့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအဖွဲ့နဲ့ ကျွန်တော်တို့ “ဝ”အထူးဒေသ(၂)မှ ဦးရှောက်မင်လျံ ခေါင်း ဆောင်သောအဖွဲ့နဲ့ ကျွန်တော်တို့ ဆွေးနွေးပြီးတော့ သဘောတူညီမှုများ လက်မှတ်ရေးထိုး နိုင်ပါတယ်။ ဒီသဘောတူညီချက်တွေက စောစောကတော့ ကျွန်တော်တို့မေးခွန်းရှင် ဦးဉာဏ်လင်း ပြောပြတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ (၁) ကတော့ ကျွန်တော်တို့ ယခင် သဘောတူထားတဲ့ ပဏာမ သဘောတူညီချက်ကို ဆက်လက်သဘောတူတယ်။ (၂)က “ဝ”အထူးဒေသ(၂)ဟာ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ရဲ့ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ “ဝ”အထူးဒေသ(၂)သည် နိုင်ငံတော်အား သွေးခွဲစေခြင်း၊ နိုင်ငံတော်မှ ခွဲထွက်ခြင်း စသည်တို့ကို လုံးဝပြုလုပ်မည် မဟုတ်ကြောင်းနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် “ဝ”အထူးဒေသ(၂)၏ စွမ်းပကားအား လှူဒါန်းဖေးဆောင်သွားရန် သဘောတူသည်၊ ဒါ တိုင်းပြည်က ဘယ်တော့မှ ခွဲမထွက်ဘူး ဆိုတဲ့အချက်ပါ။ “ဝ”အထူးဒေသ(၂)မှာ ရန်ကုန်မြို့၊ မန္တလေးမြို့များ ဆက်ဆံရေးရုံးများ၊ စီးပွားရေးရုံးများ ဖွင့်လှစ်မယ်ဆိုတဲ့ သဘောတူညီချက် ဖြစ်ပါတယ်။ နောက်

(၄)ကတော့ "ဝ" ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်မယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ (၅)ကတော့ ကျွန်တော်တို့ "ဝ"အထူးဒေသမှာရှိတဲ့ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ NGO အဖွဲ့အစည်းများ၊ န.တ.လ ဝန်ထမ်းများကို အမြန်ဆုံးစေလွှတ် ပေးရေး နှစ်ဦးနှစ်ဘက် ပူးပေါင်းဆောင်ရွက်မယ်ဆိုတဲ့ သဘောတူညီချက်ဖြစ်ပါတယ်။ (၆)ကတော့ "ဝ"အထူးဒေသ(၂)မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်နီးနားချင်းနိုင်ငံ အပါအဝင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက် နေ၍ စက်ရုံများပေါ်ထွန်းရေးနှင့် "ဝ"အထူးဒေသ(၂) တိုင်းရင်းသားများ အလုပ်အကိုင်ရရှိရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် "ဝ"အထူးဒေသ(၂)အတွင်းမှာ သယံဇာတသတ္တုပစ္စည်းများ ရှာဖွေရေးအတွက် ပြည်ထောင်စုအစိုးရနှင့် လိုအပ်ချက်များကူညီပေးရန် သဘောတူတယ်။ (၇)က မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ပြည်ထောင်စုအစိုးရနဲ့ "ဝ"အထူးဒေသ(၂)တို့ ပူးပေါင်းဆောင်ရွက်ရန်သဘောတူတယ်။ (၈)က ဆက်လက်ပြီးတော့ "ဝ"အထူးဒေသ(၂)၏ ဖွံ့ဖြိုးတိုးတက်မှု အရေးအရာများကို ဆက်လက်ဆွေးနွေးရန် သဘောတူညီတယ်ဆိုတဲ့အချက်များ ဖြစ်ပါတယ်။

အဲဒီလိုပဲ ၉-၁၀-၂၀၁၁ ရက်နေ့တွင် ကျိုင်းတုံမြို့မှာ ကျွန်တော်နဲ့ ဦးသိန်းဇော်ခေါင်းဆောင်သော ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး အဖွဲ့ဝင်တွေနဲ့ အထူးဒေသ (၄)မှ ဦးစံပေ့ ခေါင်းဆောင်သော ငြိမ်းချမ်းရေးအဖွဲ့ဝင်များ လက်မှတ်ရေးထိုးနိုင်ပါတယ်။ ဒီလက်မှတ်ရေးထိုးတဲ့ အချက်တွေ ကလည်းပဲ (၇)ချက်ရှိပါတယ်။ အဲဒါလည်းပဲ အထူးဒေသ (၂)နဲ့ လက်မှတ်ထိုးတဲ့အတိုင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ပထမအကြိမ် နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးကြတဲ့ အချက်အပေါ်မှာ အခြေခံပြီးတော့မှ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၆ ရက်နေ့မှာပဲ ရှမ်းပြည်နယ်၊ ပန်ဆန်း(ခေါ်)ပန်ခမ်းမြို့သို့ သွားရောက်ပြီးတော့ ကျွန်တော်နှင့် ဦးသိန်းဇော် တို့ ဦးဆောင်တဲ့ ငြိမ်းချမ်းရေးအဖွဲ့ဟာ အထူးဒေသ (၂) ငြိမ်းချမ်းရေးအစုအဖွဲ့များနဲ့ ကျွန်တော်တို့ ဆက်လက်ဆွေးနွေးပါတယ်။ အဲဒီမှာ "ဝ"အထူးဒေသ(၂)ရဲ့ အဖွဲ့ခေါင်းဆောင် ဦးပေါက်ယိုချမ်းလည်းပဲ ကျွန်တော်တို့ ဆွေးနွေး ညှိနှိုင်းမှုရရှိခဲ့ပါတယ်။ သဘောတူညီမှုများရရှိပါတယ်။ ဒီဆွေးနွေးပွဲမှာ သဘော တူတဲ့အချက်တွေကတော့ (၁)ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် "ဝ"အထူးဒေသ(၂) ငြိမ်းချမ်းရေး ဆွေးနွေးပွဲအဖွဲ့တို့ ၂၀၁၁ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ လားရှိုးမြို့မှာ သဘောတူထားတဲ့ အချက်တွေကို ဆက်လက်သဘောတူတယ်လို့

ဖော်ပြပါတယ်။ (၂)ကတော့ "ဝ"အထူးဒေသ(၂) နယ်မြေအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများရဲ့ လူမှုဘဝမြင့်မားရေးနှင့် ဒေသအတွင်း စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပြည်ထောင်စုအစိုးရမှ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်အတွက် နှစ်ဦးနှစ်ဖက် နှစ်တိုနှစ်ရှည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များချမှတ်ဆောင်ရွက် ရန် သဘောတူတယ်။ (၃)ကတော့ လူသားအရင်း အမြစ်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကျွန်တော်တို့ စာသင်ကျောင်းတွေ၊ အသက်မွေးဝမ်းကျောင်းပညာတွေ တည်ထောင်ပေးဖို့အတွက် သဘော တူတယ်။ (၄)ကတော့ ကျန်းမာရေးစောင့်ရှောက်ရေးအတွက်၊ ကုသရေးအတွက်၊ ကာကွယ်ရေး လုပ်ငန်းများအတွက် နှစ်တိုနှစ်ရှည် စီမံကိန်းတွေ ချမှတ် ဆောင်ရွက်ဖို့ သဘောတူတယ်။ (၅)ကတော့ ဒါအထူးအရေးကြီးတဲ့ အချက်ဖြစ်ပါတယ်။ "ဝ" အထူးဒေသ (၂) နယ်မြေအတွင်းရှိ နယ်မြေများမှ ပြည်သူ့ကိုယ်စားလှယ်များ ပြည်ထောင်စုသမ္မတမြန်မာနို ်ငံတော်၏ လွှတ်တော် အဆင့်ဆင့်တွင်ပါဝင်ပြီး နိုင်ငံတော်နှင့်ဒေသအတွင်း အရေးအရာများကို "ဝ"အထူးဒေသ(၂) နယ်မြေရှိ ပြည်သူ့ဆန္ဒများနှင့်အညီ ဖော်ထုတ်တင်ပြ စီမံခွင့်ရရှိနိုင်ရေးအတွက် ဆက်လက် ဆွေးနွေးဆောင်ရွက်သွားရန် ဆိုတဲ့အချက် ဖြ စ်ပါတယ်။ တစ်ချက်ကတော့ ဘာကြောင့် ရေး သလဲဆိုရင် အခြေခံဥပဒေကို လက်ခံပြီးဆော င်ရွက်ပါဆိုတဲ့ သဘောပါပဲ။ ဒါကို သဘောတူ ကြပါတယ်။ (၆)ကလည်းပဲ အလားတူပဲ အရေးကြီးပါတယ်။ "ဝ"အထူးဒေသ(၂) ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရေးပါသော အစိတ်အပိုင်းဖြစ်သည်။ "ဝ" အထူး ဒေသ(၂)သည် နိုင်ငံတော်အား သွေးကွဲစေခြင်း၊ နိုင်ငံတော်မှခွဲထွက်ခြင်း စသည်တို့ကို လုံးဝပြုလုပ်မည် မဟုတ်ကြောင်းနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် "ဝ"အထူးဒေသ(၂)ရဲ့ စွမ်းရည်များအား လှူဒါန်းပေးဆောင်သွားရန် သဘောတူပြီးဖြစ်သည်နှင့်အညီ ဆက်လက်၍ နိုင်ငံတော်၏လုံခြုံရေး ၊ ကာကွယ်ရေးအတွက် နိုင်ငံတော်၏ ကာကွယ်ရေးအင်အားစုများနှင့် တစ်စိတ်တစ်ဝန်းတည်း ပူးပေါင်းဆောင်ရွက် သွားနိုင်ရေး၊ ဆက်လက်ဆွေးနွေးသွားနိုင်ရေး၊ သဘောတူညီသည်ဟု အချက်များ ဖြစ်ပါတယ်။ ဒီအချက်က ဘာကိုပြသလဲဆိုတော့ နိုင်ငံထဲမှာ တပ်မတော်ဟာ တစ်ခုတည်းရှိပါ တယ်။ဒီကနေ့ ကာကွယ်ရေးဦးစီးချုပ်ရဲ့အောက်မှာ၊ ကွပ်ကဲမှုအောက်မှာ ခံယူမယ်လို့ ဒါဟာ ဆိုလိုတဲ့သဘော ဖြစ်ပါတယ်။

ဒါကြောင့် အလားတူပဲ ဒီဇင်ဘာ ၂၇ ရက်နေ့မှာလည်းပဲ ရှမ်းပြည်နယ်၊ မိုင်းလားမြို့ မှာလည်းပဲ အလားတူပဲ ကျွန်တော်တို့ ဦးစီးတဲ့ အဖွဲ့နဲ့ အထူးဒေသ(၄)မှ ဦးစိုင်းလင်း ခေါင်းဆောင်သော အဖွဲ့နဲ့ကျွန်တော်တို့ ဆွေးနွေးပြီးတော့မှ ဒီသဘောတူလက်မှတ်ရေးထိုးနိုင်ပါ တယ်။ ဒီသဘောတူညီချက် (၆)ချက်ဟာလည်းပဲ စောစောက အထူးဒေသ (၂)နဲ့ လက်မှတ် ထိုးထားတဲ့အတိုင်းပဲ အလားတူဖြစ်ပါတယ်။ “ဝ”အထူး ဒေသ(၂) နဲ့ အထူးဒေသ (၄) အဖွဲ့တို့ကို ဒုတိယအကြိမ်မြောက် သဘောတူညီချက်များ လက်မှတ်ရေးထိုး ကြပြီးတဲ့နောက်မှာ နိုင်ငံတော် သမ္မတကြီးဦးဆောင်သော အစိုးရအဖွဲ့၏ တိုင်းရင်းသား ညီအစ်ကိုများအပေါ် ထားရှိသော စေတနာကို သဘောပေါက်လက်ခံပြီး တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုများ ပိုမိုတိုးတက် ရရှိလာခဲ့ ပါတယ်။ ထို့ အတွက် ကျွန်တော်တို့မှာ တတိယအကြိမ် ပြည်ထောင်စုအဆင့် ဆွေးနွေးရန် နေပြည်တော်သို့လာရောက်ရန် ဖိတ်ကြားထားပါတယ်။ “ဝ”အထူးဒေသ(၂)နဲ့ အထူးဒေသ (၄) နယ်မြေရှိ တိုင်းရင်းသားပြည်သူများ ထာဝရငြိမ်းချမ်းရေး တည်ဆောက် နိုင်ခြင်း၏ အရသာကို အပြည့်အဝခံစားကြရပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အပါအဝင် ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်၍ အတိုင်းမသိဝမ်းမြောက်ဝမ်းသာ ရှိလျက်ရှိနေကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား အသိဖြေစိုပါတယ်။

ကျွန်တော်တို့ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအဖွဲ့ဟာ နိုင်ငံတော်အစိုးရ ၏ငြိမ်းချမ်းရေး ဖိတ်ခေါ်ချက်အရ ကမ်းလှမ်းလာတဲ့ ပဏာမပြည်နယ်အဆင့် တွေ့ဆုံဆွေးနွေးမှု များကိုလည်း မပျက်မကွက်ကြိုးကြပ်ပြီးတော့ ဆောင် ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာ ၃ ရက်နေ့က ကရင်ပြည်နယ် ကလို့ ထူးဘော ယခင် DKBA အဖွဲ့မှ စစ်ဦးစီးချုပ်စောလားပွယ် နဲ့ အဖွဲ့ကိုလည်းပဲ တွေ့ဆုံညှိနှိုင်းပြီးတော့မှ ကျွန်တော်တို့ လက်မှတ် ထိုးနိုင်ရေး၊ ဆွေးနွေးနိုင်ရေး ဆောင်ရွက်ပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့မှာ မော်လမြိုင်မြို့မှာ ဒုတိယအဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်ချုပ်စောမူရှေး နဲ့ တွေ့ပါ တယ်။ တွေ့ ပြီးတော့မှ ဆက်လက် ဆောင်ရွက်နိုင်ဖို့အတွက် ညှိနှိုင်းမှုများရရှိ ပါတယ်။ အဲဒီနောက် ၃-၁၁-၂၀၁၁ ရက်နေ့ ဘားအံမြို့မှာပဲ ကရင်ပြည်နယ် ငြိမ်းချမ်းရေး ဖော်ဆောင် ရေးအဖွဲ့နှင့် ကလို့ထူးဘော ဗိုလ်ချုပ်စောမူရှေး ဦးဆောင်တဲ့အဖွဲ့နဲ့ ညှိနှိုင်းပြီးတော့မှ ကျွန်တော်တို့ သဘောတူလက်မှတ်ရေးထိုးနိုင်ပါတယ်။ ဒီမှာလည်းပဲ လက်မှတ်ရေးထိုး ထားတဲ့

အချက်တွေက (၁) ကရင်ပြည်နယ်အတွင်းမှာ မြန်မာ့ တပ်မတော်နဲ့ ကလို့ထူးဘော တပ်ဖွဲ့တို့သည် ၆-၁၁-၂၀၁၁ ရက်နေ့မှစ၍ အပြန်အလှန်ပစ်ခတ် တိုက်ခိုက်မှုများကို ရပ် ဆိုင်းထားရန် သဘောတူညီခဲ့ပါတယ်။ (၂) ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားစဥ်ကာလတွင် ကလို့ထူးဘော တပ်ဖွဲ့သည် ဆုံဆည်းမြိုင်နေရာ ပတ်ဝန်းကျင်မှာ ယာယီအခြေပြု နေထိုင်ရန် သဘောတူတယ်။ (၃) နှစ်ဦးနှစ်ဖက် အပြန်အလှန်ပြောဆိုဆက်ဆံ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် ကလို့ထူးဘောအဖွဲ့အား မြဝတီမြို့တွင် ယာယီဆက်ဆံရေး စခန်းဖွင့်လှစ်ရန် သဘောတူတယ်။ (၄) ပစ်ခတ်တိုက်မှုများ ရပ်ဆိုင်းထားစဥ် ကာလအတွင်း နှစ်ဦးနှစ်ဖ က် သဘောတူညီထားသော နယ်မြေမှအပ နယ်မြေကျော်လွန်ပြီးတော့ လက်နက်ကိုင်ဆောင် သွားလာမှုကို နှစ်ဦးနှစ်ဖ က် ကြိုတင်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရမည်။ ပြည်ထောင်စုအဆင့် ဆွေးနွေးရေး၊ ဆွေးနွေးမည့်အဖွဲ့နဲ့ ဗိုလ်ချုပ်စောလားပွယ် ခေါင်းဆောင်သော ကလို့ထူးဘောအဖွဲ့တို့ အဆင့်မြင့် ငြိမ်းချမ်းရေး ဆွေးနွေးမည့်အဖွဲ့များ ဆက်လက်ဆွေးနွေးမယ် ဆိုတဲ့သဘောတူတဲ့ အချက်တွေ ဖြစ်ပါတယ်။ အဲဒီလောက် ကရင်ပြည်နယ် ကလို့ထူးဘောအဖွဲ့နဲ့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဟာ တစ်ဦးနဲ့တစ်ဦး ပိုမိုယုံကြည်မှုတွေ ရင်းနှီးမှု တွေ ရရှိလာပြီးတော့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်နေ့မှာ ဗိုလ်ချုပ်စောလားပွယ် ဦးစီးသော ကလို့ထူးဘောအဖွဲ့နဲ့ ကျွန်တော်တို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့ဟာ လက်မှတ်ရေးထိုးနိုင်ပါတယ်။ ဒီလက်မှတ်ရေးထိုးနိုင်တဲ့ အချက်တွေကတော့ (၁) ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်နေ့က ကရင်ပြည်နယ် ငြိမ်းချမ်းရေးတည်ဆောက်ရေးအဖွဲ့ ကလို့ထူးဘောတပ်ဖွဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရေးအဖွဲ့တို့ လက်မှတ်ရေးထိုးခဲ့ရသော ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် ပဏာမ သဘောတူညီချက်ကို အတည်ပြုရန် သဘောတူပါတယ်။ ကရင်ပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကရင်ပြည်နယ်ကို ပြည်ထောင်စုအတွင်းမှ မည်သည့်အခါမျှ ခွဲမထွက်ရန် သဘောတူပါတယ်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဥ် ထိန်းသိမ်းဆောင်ရွက်ရန် သဘောတူ တယ်။ (၄) ဆုံဆည်းမြိုင်ဒေသမှာ ယာယီအခြေပြုပြီးတော့ စုကလိဒေသတွေမှာ နယ်မြေ ဖွံ့ဖြိုးတိုးတက်ရေး၊ ကလို့ထူးဘော တပ်ဖွဲ့ဝင်များ၊ မိသားစုများ အခြေကျနေထိုင် လုပ်ကိုင်စားသောက် နိုင်ရေး၊ လူမှုဘဝမြှင့်တင်ရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ အစိုးရနှင့်ပူးပေါင်းပြီး ဆောင်ရွက်ရန် သဘောတူပါတယ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါး များ တိုက်ဖျက်ရေးအား ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူတယ်။ ဆက်လက်ပြီး ထာဝရ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးအတွက် ဆက်လက်ဆွေးနွေးသွားရန် သဘောတူသည် ဟူသောအချက်များ ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ကချင်ပြည်နယ်မှ KIO၊ KIA အဖွဲ့များနဲ့ ဆက်သွယ်ဆောင်ရွက်မှု အခြေအနေများကို တင်ပြလိုပါတယ်။ ယခင် တပ်မတော်အစိုးရလက်ထက်မှာလည်း ကျွန်တော်နဲ့ ဦးသိန်းဇော် ဟာ တိုင်းမှူးဗိုလ်ချုပ်စိုးဝင်း အပါအဝင် (ယခု ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဖြစ်ပါတယ်) ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှု (၆)ကြိမ် လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အကြောင်းကြောင်းကြောင့် ကျွန်တော်တို့ ဆွေးနွေးမှုများကို ရပ်ဆိုင်းခဲ့ပါတယ်။ ကျွန်တော်တို့ အနေနဲ့ KIO၊ KIA နဲ့ တွေ့ဆုံဆွေးနွေးပွဲများ ထပ်မံပြုလုပ်နိုင်အောင် ကြားခံအဖွဲ့များထားပြီး တော့မှ KIO ဗဟိုကော်မတီဝင်များနှင့် တယ်လီဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ကျွန်တော် ဆက်သွယ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့က ကျွန်တော်က KIO ဥက္ကဋ္ဌ ဦးဇောင်းဟရား ထံသို့ တခြားလက်နက်ကိုင်အဖွဲ့အစည်းတွေ ဆွေးနွေးနေပြီ။ ကချင်ပြည်နယ်အတွင်းမှာလည်း ငြိမ်းချမ်းရေး ရအောင် လက်တွဲဆောင်ရွက်ဖို့ လိုနေပြီ။ ဒါ ကျွန်တော်တို့ချင်း ဆောင်ရွက်ရအောင်ဆိုပြီးတော့ စာရေးပါတယ်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်နေ့မှာလည်း ဒု တိယစစ်ဦးစီးချုပ် အက်စ်ဂွမ်မော် ထံကို ကျွန်တော် စာရေးပါတယ်။ စာရေးတဲ့အတွက် ၂၉ ရက်နေ့ နိုဝင်ဘာလမှာ တရုတ်ပြည်သူ့သမ္မတနို င်ငံ၊ ရွှေလီမြို့မှာ KIO ဥက္ကဋ္ဌ ဦးဇောင်းဟရား ဦးဆောင်သောအဖွဲ့နဲ့ တွေ့ဆုံညှိနှိုင်းခဲ့ရာ နိုင်ငံရေးအရ ဆက်လက် ဆွေးနွေးရန် သဘောတူညီမှုပဲ ရပါတယ်။ အခြားကျွန်တော်တို့ အပစ်အခတ်ရပ်စဲရေး ကိစ္စရပ် များကို သဘောတူညီမှု မရခဲ့ပါဘူး။ အဲဒီနောက်ပိုင်းမှာ ကျွန်တော်တို့ အကြိမ်ကြိမ် ဆွေးနွေးမှုများ၊ ညှိနှိုင်းမှုများ၊ ဆက်သွယ်မှုများ ကျွန်တော် တို့ ပြုလုပ်ပါတယ်။ ပြုလုပ်ပြီးတော့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ ၁၉ ရက် (၂)ရက်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရွှေလီမြို့မှာပဲ ပြည်ထောင်စုအဆင့်နဲ့ KIO ကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ သဘောတူညီချက် မရသေးပါဘူး။ သို့သော် သဘောတူညီသော ထုတ်ပြန်ချက်ရပါတယ်။ (၁)က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းရေးနဲ့

ထာဝရတည်တံ့ခိုင်မြဲသော ငြိမ်းချမ်း ရေးဖော်ဆောင်နိုင်ရန်ရှေးရှု၍ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၁၈၊ ၁၉ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရွှေလီမြို့၌ တွေ့ဆုံခဲ့ကြပါသည်။ (၂) နိုင်ငံတော်အစိုးရနှင့် KIO တို့သည် နိုင်ငံရေးနည်းလမ်းဖြင့် ဆက်လက်ဆွေး နွေးညှိနှိုင်းသွားမည် ဖြစ်ပါသည်။ (၃) ဆွေးနွေးကြမည့် အကြောင်းအရာများကို ပြည်သူများသိရှိစေရန် မှန်ကန်သော သတင်းများ ထုတ်ပြန်သွားမည် ဖြစ်ပါသည်။ (၄) စစ်ရေးအရှိန်များကို ထိန်းသိမ်းသွားနိုင်ရေးနှင့် ယုံကြည်မှု တည်ဆောက်နိုင်ရေးအတွက် ပြဿနာဖြစ်ပွားနေသော ဒေသများရှိ နှစ်ဖက်တပ်ကိစ္စများကို ညှိနှိုင်းဆောင်ရွက်သွားမည်လို့ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့နှင့် KIO ကိုယ်စားလှယ်အဖွဲ့တို့ဟာ နိုင်ငံရေးနည်းလမ်းနှင့် ထာဝရငြိမ်းချမ်းရေးရသည်အထိ ဆက်လက်ဆွေးနွေးရန် ဆက်သွယ် ဆောင်ရွက် လျက်ရှိပါတယ်။ မကြာမီအချိန်အတွင်းမှာလည်း KIO နဲ့ ဆက်လက်ဆွေးနွေးဖို့ အစီအစဉ်များရှိပါတယ်။

နောက်ထပ် လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ရှမ်းပြည်တိုးတက်ရေးပါတီ (ခေါ်) ရှမ်းပြည်တပ်မတော်အဖွဲ့နဲ့ ဖြစ်ပါတယ်။ အောက်တိုဘာလ ၂၈ ရက်နေ့က SSPP မှ အထွေထွေအတွင်းရေးမှူးချုပ် ဦးစဝ်ပန်ဖ က သမ္မတကြီးထံ လိပ်မူပြီးတော့ ငြိမ်းချမ်းရေး အမြန်ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်လိုကြောင်း ရေးလာပါတယ်။ ကျွန်တော့် ထံကိုလည်းပဲ သူက မိတ္တူပေးပို့လာပါတယ်။ အဲဒါနဲ့ ဦးစဝ်ပန်ဖ ထံကိုလည်း ကျွန်တော်က ဝမ်းသာကျေးဇူးတင်ကြောင်း၊ လေးစားကြောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအတွက် အမြန်စီစဉ်မှာဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမည့် နေ့ရက်နှင့် နေရာတို့ကို အမြန်ညှိနှိုင်းမှာဖြစ်ကြောင်း ပြန်ကြားခဲ့ပါတယ်။ ထိုနောက် ဝမ်ဟိုင်းအခြေပြု ၎င်းတို့တပ်ဖွဲ့မှ ဦးစိုင်းနော်လိတ်၊ ဦးစိုင်းဖုန်းအောင် တို့နဲ့အတူ နေပြည်တော်မှာ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့က တစ်ကြိမ်၊ ဦးစဝ်ခွန်ဆိုင်၊ ဦးစဝ်ကျော်လှတို့နှင့် ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်မြို့မှာ တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်နေ့မှာ ကျွန်တော် နေပြည်တော်မှာ အကြိုညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ခဲ့တယ်။ အဲ ဒီက ရရှိတဲ့အနေအထားအရ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်နေ့မှ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်အတွင်း ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ရန် စာအားဖြင့် (၆)ကြိမ်မျှ အပြန်အလှန် ပေးပို့ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့များမှာ ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်နှင့် ပြည်နယ်ပဏာမအဆင့် သဘောတူညီချက်များ ပြုလုပ်နိုင်ခဲ့ပါတယ်။ အဲဒီတော့

ဒီသဘောတူညီချက်တွေကတော့ (၁) ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်တို့အကြား အပစ်အခတ်ရပ်စဲရန် သဘောတူသည်။ ဒါကတော့ ကျွန်တော်တို့ နှစ်ဦးပိုင်းကတည်းက ပစ်ခတ် နေတာဖြစ်တဲ့အတွက် အပစ်အခတ်ရပ်စဲဖို့ ထည့်ရခြင်းဖြစ်ပါတယ်။ ဒါကလည်းပဲ အရေးကြီးဆုံး အချက်ဖြစ်ပါတယ်။ နံပါတ်(၂)က ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်တပ်ဖွဲ့ဝင်များ၊ ဝမ်ဟိုင်းတွင် အ ခြေပြုရေး လက်ရှိ ဖြန့်ခွဲထားသောနေရာများမှာ ယာယီအ ခြေပြုနေထိုင်ရန် သဘောတူသည်။ နှစ်ဖက်အပြန်အလှန် ပြောဆိုဆက်ဆံရေးရုံးများ ဖွင် ့လှစ်ရန်ဖြစ်ပါတယ်။ (၄)ကတော့ နှစ်ဦးသဘောတူသော နယ်မြေများမပါ ကျန်နယ်မြေများ သွားမယ်ဆိုရင် ကြိုတင် ညှိနှိုင်းပြီး ဆောင်ရွက်သွားရန်ဖြစ်ပါတယ်။ (၅) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးရေး အဖွဲ့နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ မှတစ်ဆင့် အဆင့်မြင့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို နှစ်ဖက်သဘောတူညီသောနေရာ အချိန်ကာလတို့မှာ တွေ့ဆုံဆွေးနွေး၍ တပ်ဖွဲ့ဝင်များအ ခြေချ နေထိုင် လုပ်ကိုင်စားသောက်နိုင်ရေး၊ ထာဝရငြိမ်းချမ်းရေး ရရှိသည့်အထိ ဆက်လက် ဆွေးနွေးရန် သဘောတူမှာဖြစ်ပါတယ်။ အဲဒါနဲ့တစ်ဆက်တည်းပဲ ပြီးတာနဲ့ နာရီပိုင်း အတွင်းမှာပဲ ကျွန်တော်တို့ ပြည်ထောင်စုအဆင့် လက်မှတ်ထိုးပွဲကို ဆက်လက်ဆောင်ရွက်ပါတယ်။ ညှိနှိုင်း မှုများပြုလုပ်ပြီးတော့မှ လက်မှတ်ရေးထိုး ပါတယ်။ လက်မှတ်ထိုးတာကတော့ (၁) ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့က တောင်ကြီးမြို့မှာ ရှမ်းပြည်နယ် ငြိမ်းချမ်း ရေး ဖော်ဆောင်ရေး အဖွဲ့နှင့် SSPP အဖွဲ့တို့ သဘောတူတယ်။ (၂) ပင်လုံစိတ်ဓာတ်ကို အ ခြေခံ၍ ပြည်ထောင်စု မပြိုကွဲအောင် ပူးပေါင်း တည်ဆောက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲအောင် ပူးပေါင်းတည်ဆောက်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲအောင် ပူးပေါင်းတည်ဆောက် ရေးတို့ ထာဝစဥ် ကြိုးပမ်းဆောင်ရွက်ရန် သဘောတူတယ်။ (၃) နယ်မြေဒေသဖွံ့ဖြိုးတိုးတက် အောင် ရှမ်းပြည်တိုးတက်ရေးပါတီ SSPP အဖွဲ့ဝင်များနှင့်မိသားစုများ အ ခြေချနေထိုင်ရေး၊ လုပ်ကိုင်စားသောက်နိုင်ရေး၊ လူမှုဘဝမြင့်တင်နိုင်ရေး လုပ်ငန်းစဥ်များ ဥပဒေနှင့်အညီ အစိုးရ နှင့်ပူးပေါင်းပြီး ဆောင်ရွက်ရန် သဘောတူတယ်။ (၄) မူးယစ်ဆေးဝါးကင်းစင်ပပျောက်အောင် အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရန် သဘောတူတယ်။ ဆက်လက်ပြီး ထာဝရငြိမ်းချမ်းရေးရသည့် အထိ ဆွေးနွေးရန်သဘောတူတယ် ဆိုတဲ့အချက်များဖြစ်ပါတယ်။ အဲဒီလိုကျွန်တော်တို့ တိုက်ခိုက် နေရာကနေပြီးတော့မှ အခုလို ငြိမ်ချမ်းသွားတဲ့ အခြေအနေမျိုးဖြစ်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီဒေသဆိုလို့ရှိရင် ခုချိန်ခါမှာ ပစ်ခတ်တိုက်ခတ်မှုများ မရှိတော့ပါဘူး။ အထူးသဖြင့်

ပြည်ထောင်စုလမ်းမကြီးရဲ့ မြောက်ဘက်ခြမ်းမှာ အားလုံးဟာ သေန တ်သံ၊ ဗုံးသံများ စဲသွားပြီ ဖြစ်တဲ့အတွက် အဲဒီဒေသမှာ ရှိနေတဲ့ ပြည်သူများဟာ အလွန်ဝမ်းသာပြီးတော့မှ ဒီနေ့ SSPP ကိုလည်းကောင်း၊ အစိုးရအဖွဲ့များကိုလည်းကောင်း ကျေးဇူးတင်ဝမ်းသာမဆုံး ဖြစ်နေကြောင်း ကြားသိရပါတယ်။

ယခု ဖေဖော်ဝါရီလ ၇ ရက်နေ့မှာလည်း နေပြည်တော်မှာ ကျွန်တော်တို့ ပြည်ထောင်စု အဆင့် ဆွေးနွေးရေးအဖွဲ့ကနေ ကြီးကြပ်ပြီးတော့မှ ကရင်ပြည်နယ် ငြိ မ်းချမ်းရေးဖော်ဆောင်ရေး KNU, KNLA ငြိမ်းချမ်းရေးကောင်စီတို့ဟာ ပဏာ မအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြုလုပ် ပါတယ်။ အဲဒီမှာတော့ KNU, KNLA မှ ဗိုလ်ချုပ်ကြီး စောဌေးမောင် (ခေါ်)ထိန်မောင် တို့အဖွဲ့က တက်ရောက်ပါတယ်။ သူတို့တွေဟာ ကျွန်တော်တို့ မဲလအထောက်ကူပြုကနေ ဘားအံမှတစ်ဆင့် နေပြည်တော်ကို လာရောက်တာ ဖြစ်ပါတယ်။ ဒီမှာလည်းပဲ ကျွန်တော်တို့ ပ ဏာမအဆင့် ပြည်နယ်က ဗိုလ်မှူးကြီး အောင်လွင် ဦးစီးသောအဖွဲ့နှင့် လက်မှတ်ထိုးပါတယ်။ လက်မှတ်ထိုး တာ ၇ ချက်ရှိပါတယ်။ တပ်မတော်နှင့် KNU, KNLA ဟာ ငြိမ်းချမ်းရေးကောင်စီတို့အကြား လက်ရှိတည်ရှိနေသော ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းရန် ဖြစ်ပါတယ်။ KNU, KNLA ငြိမ်းချမ်းရေး ကောင်စီဝင်များဟာ မဲလ အထောက်အကူပြုနေရာတွင် အ ခြေပြုနေထိုင်ရန် သဘောတူပါသည်။ နှစ်ဖက်အပြန်အလှန် ပြောဆိုဆွေးနွေးဖို့အတွက် ဆက်ဆံရေးစခန်းများ ၊ စီးပွားရေးလုပ်ငန်း ဆက်လက်ဖွင့်လှစ်ရန် သဘောတူပါသည်။ နောက် ကျွန်တော်တို့ သပေါက်တူသောင် နယ်မြေများမှာ ကျော်လွန်ပြီးတော့ သွားမယ်ဆိုရင် ၊ လက်နက်ကိုင်နဲ့ သွားမယ်ဆိုရင် ကြိုတင်ညှိနှိုင်းပြီး ဆောင်ရွက်ရန်ဖြစ်ပါတယ်။ ပြည်ထော င်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် KNU, KNLA ငြိမ်းချမ်းရေးကောင်စီမှ အဆင့်မြင့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲအဖွဲ့တို့ဟာ နှစ်ဦးသဘော တူညီသောနေရာ၊ သဘောတူညီသော အချိန်ကာလတို့မှာ တွေ့ဆုံဆွေးနွေးဖို့အတွက် သဘော တူပါတယ်။ ပဏာ မငြိမ်းချမ်းရေး ဆောင်ရွက်ပြီးသည့် နောက်မှာ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသော တိုင်းရင်းသားတို့ ပြ န်လည်ဝင်ရောက် အ ခြေချ နေထိုင်မယ့်နေရာမှာ ၎င်းတို့၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး လမ်းပန်းဆက်သွယ်ရေး အစရှိသည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လျင်မြန်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေး အတွက် နိုင် ငံတော်မှခွင့်ပြု၍ ကိုယ်ထူကိုယ်ထဆောင်ရွက်ရန် ပံ့ပိုးသွားပါမည်။ KNU, KNLA ငြိမ်းချမ်းရေးကောင်စီမှ တင်ပြထားသော ငြိမ်းချမ်းရေးအဓိပ္ပာယ်ဖွင့်ဆိုချက်ကို မူအားဖြင့်

သဘောတူ၍ နှစ်ဦးနှစ်ဖက် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဆက် လက်ပြီးတော့မှ ပြည်ထောင်စုအဆင့် ထာဝရငြိမ်းချမ်းရေးရဖို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ တစ်ဆင့်ပြီးတစ်ဆင့် ပူးပေါင်းဆောင်ရွက်သွားမှာ၊ တွေ့ဆုံဆွေးနွေးရေးများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကြီးမှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ နှင့်ဆွေးနွေးရာမှာ တို င်းရင်းသားအချင်းချင်း တန်းတူရည်တူ သဘောထား ဆက်ဆံခြင်း၊ ၎င်းတို့ အပေါ်မှာ လေးစားတန်ဖိုးထားခြင်း ၊ ၎င်းတို့၏ဆန္ဒသဘောထားကို ဦးစားပေးဆွေးနွေးခြင်း ၊ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခြင်း၊ ကြိုတင်သတ်မှတ်ကမ်းလှမ်းချက်မရှိဘဲနှင့် ကြိုက်နှစ်သက်ရာကို ဆွေးနွေးခြင်း၊ အထူးသဖြင့်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုကို ရရှိပြီး ဖွံ့ဖြိုးတိုးတက်ရေး ကို ရည်ရွယ်၍ဆွေးနွေးခြင်း၊ တိုင်းရင်းသားတို့၏ ဘဝလုံခြုံရေးတို့ ကို ဂရုစိုက်ဆွေးနွေးခြင်းများ ကြောင့် ထာဝရငြိမ်းချမ်းရေး ဆောင်ရွက်ချက်များဟာ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှု များ ရရှိလာကြောင်းဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် တင်ပြလိုတာကတော့ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ အောင်မြင်ပြီးဆုံးသည့်အခါမှာ ပြည်ထောင်စုလွှတ်တော် နာယကကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များရဲ့ ရှေ့မှောက် မှာ အဆုံးသတ် သမိုင်းဝင် ငြိမ်းချမ်းရေး စာချုပ်ပွဲကြီးကို လက်နက်ကိုင်အဖွဲ့အစည်းများအကြား တိုင်းရင်းသားခေါင်းဆောင်များနှင့်အခြားပါသင့်ပါထိုက် သော ပုဂ္ဂိုလ်များပါဝင်ပြီး ချုပ်ဆိုနို င်ရေးအတွက် နိုင်ငံတော်သမ္မတကြီး နှင့် လွှတ်တော်ဥက္ကဋ္ဌ များ၏ လမ်းညွှန်ချက် များကို စဥ်ဆက်မပြတ် ရယူပြီးတော့မှ ကြိုး ပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၅)ဦးက မေးမြန်းတဲ့ မေးခွန်းများဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်း က ဖြေကြားမည့် မေး ခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်း ပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပြီး ပျက်စီးသွားသည့် ပျိုးခင်းများ၊ စိုက်ခင်း များ၊ကြဲခင်းများအတွက်လိုအပ်သည့် စပါးမျိုးများ ကြိုတင်စုဆောင်း၍ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး က ရာသီဥတုပြောင်းလဲမှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပြီး ပျက်စီးသွားသည့် ပျိုးခင်းများ၊ စိုက်ခင်း များ၊ ကြဲခင်းများအတွက် လိုအပ်သည့်စပါးမျိုးများ ကြိုတင်စုဆောင်း၍ ဖြန့်ဝေပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး ဖြစ်ပါတယ်။ ကျွန် တော် မေးမြန်းတဲ့မေးခွန်းကတော့ ရာသီဥတု ပြောင်းလဲမှုတွေကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပြီး ပျက်စီးသွားတဲ့ ပျိုးခင်း၊ စိုက် ခင်း၊ ကြဲခင်း များအတွက် လိုအပ်တဲ့ စပါးမျိုးများကို ကြိုတင်စုဆောင်းပြီးတော့ ဖြန့်ဝေပေးမယ့် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၀၈ ခုနှစ်၊ မေလမှာ ဖြစ်ပေါ်ခဲ့တဲ့ နာဂစ်မုန်တိုင်း၊ ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလတွင် ဖြစ်ပေါ်ခဲ့တဲ့ ဂီရိမုန်တိုင်းများ၊ နောက် ဒီယခုနှစ်မှာ ဖြစ်ပေါ်လာတဲ့ ဩဂုတ်လမှ အောက်တိုဘာလအတွင်း ရေကြီးနစ်မြုပ်မှု တွေကြောင့် မြန်မာနိုင်ငံ အနှံ့အပြားမှာ ပျိုးခင်းတွေ၊ ကြဲခင်းတွေ၊ စိုက်ခင်းတွေ အများအပြား ပျက်စီးခဲ့ကြတာကို လေ့လာတွေ့ရှိခဲ့ ရပါတယ်။ ဒီရေကြီးနစ်မြုပ်မှုကြောင့် နှစ်စဉ်ဖြစ်ပေါ်နေတဲ့ပျက်စီးမှုများကို ပြန်လည်စိုက်ပျိုးရန် အတွက် မျိုး စပါးတွေ စုဆောင်းတဲ့နေရာမှာ ကြိုတင်ပြင်ဆင်ထားခြင်း မရှိတဲ့ အတွက် ဒေသနှင့် ကိုက်ညီတဲ့ မျိုးစေ့တွေ ၊ မျိုးအဖြစ်နဲ့ အသုံးပြုရန်မသင့်တဲ့ မျိုးစေ့တွေ ၊ ဒေသအတွင်းမျိုးတွေ မရနိုင်တဲ့အတွက်ကြောင့်မို့ ကျွန်တော်တို့ ရနိုင်တဲ့နေရာကမျိုးများကို စုဆောင်းရတဲ့အတွက် သယ်ဆောင်စရိတ်တွေ ကြီးမားတယ်။ ရောင်းချသူများကလည်း ဒါအခွင့်ကောင်းကို ယူရတာ

ဖြစ်တဲ့အတွက်ကြောင့်မိုလို့ ဈေးတင်ရောင်းတာတွေ ၊ နောက်လိုအပ်တဲ့ အရေအတွက်တွေ မရတာတို့ တစ်ခါတစ်ရံမှာလည်း အပင်ပေါက်ရာခိုင်နှုန်း မကောင်းတဲ့မျိုးစေ့တွေကို စိုက်ပျိုးရတဲ့အတွက်ကြောင့်မို့ တောင်သူများအနေနဲ့ ဈေးကြီးပေးပြီးတော့ စိုက်ပျိုးရတဲ့နေရာမှာ အကျိုးဖြစ်ထွန်းမှု နည်းပါးကြောင်းကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ နှစ်စဉ်ကြုံတွေ့ရမှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ရေကြီးနစ်မြုပ်ပျက်စီးလျက်ရှိတဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှာ ဒေသနဲ့ကိုက်ညီတဲ့ စပါး၊ မျိုးစေ့များကို ကြိုတင်စုဆောင်းသိုလှောင်ပြီးတော့ ရေကြီးနစ်မြုပ်မှုများ၊ ပျက်စီးမှုများ ကြုံတွေ့လာမည်ဆိုပါက အချိန်မီ တောင်သူများကို သင့်လျော်သည့်ဈေးနှုန်း နှင့် ဖြန့်ဖြူးပေးနိုင်မည်ဆိုလျှင် တောင်သူအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးရှိနိုင်ပါသဖြင့် ပြန်လည်သုံးသပ်ပြီးတော့ ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**သာစည်မြို့နယ်ရှိ ညောင်ရမ်း-မင်းလှကန်၏ အမှတ်(၆)(မြောက်)ရေပေးမြောင်းအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင် က သာစည်မြို့နယ်ရှိ ညောင်ရမ်း-မင်းလှကန်၏ အမှတ်(၆)(မြောက်)ရေပေးမြောင်းအား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဦးဌေးမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း -မင်းလှကန်ရဲ့ အမှတ်(၆)မြောက်ဘက်ရေပေးမြောင်းအား ပြုပြင်ပေးရန်ကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်အတွင်း ရှိ ညောင်ရမ်း -မင်းလှကန်ကြီးဟာ ရှေးမြန်မာမင်းများလက်ထက် လွန်ခဲ့သော နှစ်ပေါင်း(၉၀၀)ကျော်က ဆည်ဖို့ခဲ့တဲ့ ကန်ကြီး

ဖြစ်ပါတယ်။ စိုက်ပျိုးဧကပေါင်း (၂၇၀၀၀)ကျော်ကို ရေပေးဝေနိုင်တဲ့အတွက် သာစည်မြို့နယ် အတွင်းရှိ ဒေသခံပြည်သူများရဲ့ အားကိုးအားထားပြုရာ ရေလှောင်ကန်ကြီး တစ်ခုလည်း ဖြစ်ပါ တယ်။ ထိုရေကန်ကြီးရဲ့အောက်မှာ ရေပေးမြောင်း (၇)မြောင်းနဲ့ စိုက်ပျိုးရေများကို ပေးဝေလျက် ရှိပါတယ်။ ထိုရေပေးမြောင်း(၇)မြောင်းအနက် အမှတ် (၆)ရေပေးမြောင်းမှာ အမှတ် (၆) တောင်ဘက်မြောင်းနဲ့ အမှတ် (၆) မြောက်ဘက်မြောင်းဟူ၍ နှ စ်ခုခွဲခြားထား ပါတယ်။ အမှတ်(၆)မြောက်ဘက် ရေပေးမြောင်းဟာ အလျား (၂ မိုင်)ခန့်ရှိပြီး၊ အကျယ် (၁၀ ပေ)ခန့် ရှိပါတယ်။ အမှတ်(၆) ရေပေးမြောင်းရဲ့ ရေသောက်ဧရိယာအတွင်းမှာ ဘုရားလေးကုန်းကျေးရွာ၊ ကုက္ကိုပေါက်ကျေးရွာ၊ နမ်းကန်ကျေးရွာ၊ မင်းလှ ကန်ကျေးရွာစတဲ့ ကျေးရွာများမှ စိုက်ပျိုးဧက (၁၀၀၀)ကျော် ရေပေးဝေလျက်ရှိပါတယ်။

ယခုအခါ အဆိုပါ ရေပေးမြောင်းဟာ မပြုပြင်သည်မှာ ကြာပြီဖြစ်၍ တိမ်ကောလာခြင်း၊ ၂၀၁၀ ခုနှစ်နဲ့ ၂၀၁၁ ခုနှစ်မှာ မိုးရာသီ၌ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် မြောင်းဘောင် များကျိုးပေါက်ခြင်း၊ ရေ ထုတ်ပွွန်များ ကျိုးပျက်နေခြင်း တို့ကြောင့် ရေပေးဝေရာ၌ ရေများ လေလွင့်ဆုံးရှုံးမှုများ ဖြစ်ခဲ့တဲ့အတွက်ကြောင့် ရေများကို အချိန်မီမရရှိခဲ့ပါ။ ထို့ကြောင့် တောင်သူ လယ်သမားများဟာ စုပေါင်းပြီး ထိုမြောင်းကို ပြုပြင်သော်လည်း မိုးများသည့်အခါမှာ မကြာခဏ ကျိုးပေါက်မြဲ ဖြစ်နေပါသည် ။ သို့ဖြစ်ပါ၍ သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း-မင်းလှကန်ရှိ အမှတ်-၆ မြောက်ဘက်ရေပေးမြောင်းအား ပြုပြင်ပေးနိုင်ရန် အစီအစဉ် ရှိ /မရှိကို ဥက္ကဋ္ဌ ကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မျိုးစပ်ဆန် (Hybrid Rice ) များ ထုတ်လုပ်မှုတွင် မျိုးစေ့ (Hybrid Seed ) ရရှိရေးအတွက် လယ်သမားများအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဒေါက်တာမြင့်ကြည် က မျိုးစပ်ဆန်(Hybrid Rice)များ ထုတ်လုပ်မှုတွင် မျိုးစေ့(Hybrid Seed) ရရှိရေးအတွက် လယ်သမားများအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးဆန္ဒနယ်အမှတ်(၈)။** ။လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တို င်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် ဖြစ်ပါတယ်။ မျိုးစပ်ဆန် (Hybrid Rice)နှင့် ထုတ်လုပ်တဲ့ မျိုးစေ့(Hybrid Seed) ရရှိရေးအတွက် လယ်သမားများအား ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင် ့ စပ်လျဥ်းတဲ့မေးခွန်းကို ကျွန်တော် မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရတဲ့ အကြောင်းအရင်းကတော့ ဒီလယ်သမားများနဲ့ ကျွန်တော် တွေ့ရှိတဲ့အခါမှာ သူတို့ရဲ့ အသံတွေကို ကျွန်တော်ကြားရပါတယ်။ အဲဒီကြားရတဲ့ အသံတွေ ပေါ်မှာ မူတည်ပြီး ကျွန်တော် ဒီမှာ မေးမြန်းခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ အခုမျိုးစပ်ဆန် (Hybrid Rice )ကို ကျွန်တော်တို့ ထုတ်လုပ်ပြီးတော့ နိုင်ငံတော်ကနေပြီး ဆောင်ရွက် သွားမယ် ဆိုတာကို သူတို့ သိရှိကြ ပါတယ်။ နောက် တစ်ဇကမှာ ဆိုလို့ရှိရင်လည်းပဲ သူတို့မမျှော်မှန်းတဲ့ တင်းပေါင်း (၂၀၀)စသည်အားဖြင့် ထွက်မယ်ဆို တာ တွေကို ကြားတဲ့အတွက်ကြောင့် တ ကယ်ပဲ သူတို့ဒီမြေကြီး ကနေပြီးတော့ ရွှေတွေ၊ ငွေတွေ သီးလာတော့မယ်ဆိုတာကို ဝမ်းသာအားရနဲ့ ဖြစ်နေကြပါတယ်။ သို့သော်လည်းပဲ လယ်သမား များဟာ အတွေ့အကြုံများ စွာ သူတို့လည်းပဲ ရှိကြပါတယ်။ ယခင်တုန်းက ၁၉၆၀-၆၆ ခုနှစ် အဲဒီပတ်ဝန်းကျင်လောက်မှာ ရာကျော်စပါး စိုက်ပျိုးရေး တင်း(၁၀၀)ထွက်ရှိရေး စသည်အားဖြင့် ဒီအတွေ့အကြုံတွေလည်း သူတို့အများကြီး ရှိကြပါတယ်။ ဒါကြောင့်မို့ လို့ သူတို့ရဲ့စိတ်ထဲမှာ ဒီတင်း(၁၀၀)ထွက်တာကတော့ အင်မတန်မှ ဝမ်းသာစရာ ကောင်းတယ်။ သို့သော်လည်းပဲ ဒီမျိုးစပါး သူတို့ စိုက်ပျိုးတဲ့နည်းတွေ၊ ဒီမျိုးစပါးတွေကို ဘယ်လိုရရှိနိုင်လဲ။ တကယ်ထွက်အောင် ဘယ်လိုလုပ်ကြရမလဲဆိုတဲ့ သူတို့ စဥ်းစားပြီးတော့ သူတို့ မေးမြန်းကြတဲ့၊ သူတို့ ပြောဆိုကြတဲ့ အသံတွေကြားရပါတယ်။ ဒါကြောင့် ဒီအပေါ်မှာ မူတည်ပြီး ကျွန်တော် အမျိုးသားလွှတ်တော်မှာ ဒီမေးခွန်းကို တင်ပြဆွေးနွေး မေးမြန်းရခြင်း ဖြစ်ပါတယ် ခင်ဗျား။ အဲဒီတော့ Hybrid Rice နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ လေ့လာကြည့်လို့ရှိရင် ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယမှာတော့ အနည်းအကျဥ်း ပေါ့။ ဒီနိုင်ငံတွေမှာ စိုက်ပျိုးနေကြပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ စပြီးတော့ စိုက်ပျိုးတဲ့ အခါမှာလည်းပဲ ကျွန်တော်တို့ ဒီမျိုးစပ်စပါးကို စပါးစေ့ရဖို့အတွက် သူတို့ နိုင်ငံတော်ကနေပြီးတော့ အများကြီး ပံ့ပိုးပါတယ်။ တစ်နှစ်မှာ ဆိုလို့ရှိရင် ကျွန်တော်လေ့လာ

တွေ့ရှိတဲ့ မှတ်တမ်းတွေအရ ဒေါ်လာ (၇၁)သန်းကျော်လောက်ကိုပဲ သူတို့ မျိုးစပါးတွေဖြန့်ဖို့ ၊ တချို့ကိစ္စတွေ ဆောင်ရွက်ဖို့အတွက် ဒါ အစိုးရကနေ ပံ့ပိုးပေးခဲ့ပါတ ယ်။ ဗီယက်နမ်နို င်ငံမှာလည်း ထိုနည်းလည်းကောင်း ပါပဲ။ သူက FAO တို့ ADB တို့ကနေလည်း ပံ့ပိုးမှုပေးပါတယ်။ ပံ့ပိုးပေးတဲ့အတွက်ကြောင့် ဒီမျိုးစပါးတွေကို လယ်သမားတွေကို သူတို့ ဝေပေးပါတယ်။ အဲဒီမှာလည်း ဒေါ်လာ သန်းနဲ့ချီပြီးတော့ သူတို့ အကုန်အကျခံပြီး ဆောင်ရွက်ပေးခဲ့ပါတယ် ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာလည်းပဲ ထိုနည်းအတိုင်းပါပဲ။ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ ဒီ သူတို့ တင်ပြထားတဲ့ Report တစ်ခုမှာတော့ သူတို့ ကုန်ကျစရိတ်ဟာ Traditional ရိုးရိုးကုန်ကျစရိတ်နဲ့စာရင် (၂၃)ရာခိုင်နှုန်းလောက် ပိုပြီးတော့မြင့်မားတယ်။ ထွက်လာတဲ့ ဆန်ရဲ့ အရည်အသွေးကတော့ သူတို့ထင်သလောက် မကောင်းဘူး။ တစ်နည်းအားဖြင့် စားသုံးဖို့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ သိပ်ပြီးတော့ မသင့်ဘူးဆိုပြီးတော့ ဒီလိုရေးသားထားတာ ဒီ Report တွေလည်း ကျွန်တော် တွေ့ရှိရပါတယ်။ အဲဒီတော့ ဒီဆန်ကို သူတို့ မစားဘဲနဲ့ ဒီပြင်နေရာတွေပေါ့။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရှိရင် သူတို့ကတော့ တိရစ္ဆာန်အစားအစာအဖြစ် သူတို့ ရောင်းချသုံးစွဲခဲ့တယ်ဆိုတာ ရေးသားထားတဲ့ မှတ်တမ်းတွေလည်းပဲ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မျိုးစပါး၊ စပ်မျိုးစပါးကို စိုက်တဲ့အခါမှာလည်းပဲ GM ပေါ့။ Genetics Modify ဒီဟာတွေ ဖြစ်တဲ့အတွက်ကြောင့် ပြည်ပကို ထုတ်ပြီးရောင်းချတဲ့အခါမှာလည်းပဲ ဒါသေသေချာချာ ပြည်ပကတော့ Chemical နဲ့ ပတ်သက်တဲ့ Fertilizer တွေ၊ ဒီသုံးစွဲမှုနဲ့ ပတ်သက်ပြီး သေသေချာချာ စစ်ဆေးပြီးတော့မှ ဝယ်ယူတယ်ဆိုတဲ့ ဒီသဘောမျိုးတွေလည်း တွေ့ ရပါတယ်။ နောက် ဒီဟာကို စို က်ပျိုးတဲ့အခါမှာလည်းပဲ ရာသီဥတု ၊ ဒေသ၊ နောက် ရေပေးဝေမှုစနစ် ၊ နောက်ပြီးတော့ ခုနတုန်းက ဓာတ်မြေဩဇာ သုံးစွဲတဲ့စနစ် အဲဒီအပေါ်မှာ မူတည်ပြီးတော့ ထွက်တယ်ဆိုတာတွေလည်း ဒါတွေ့ရှိရပါတယ်။ ဒါကြောင့် လယ်သမားတွေအနေနဲ့ ဝမ်းသာကြပါတယ်။ ဝမ်းသာသော်လည်းပဲ အောင်မြင်ရန်အတွက် သူ တို့ဆောင်ရွက်တဲ့အခါမှာ အဓိကဖြစ်တဲ့ အဲဒီမျိုးစေ့တွေကို ဘယ်လိုများ သူတို့ ရရှိနိုင်မလဲ။ သူတို့ ဘယ်လိုများ ဖြန့်ဖြူးပေးမလဲ ။ အောင်မြင်အောင် ဘယ်လိုဆောင်ရွက်ပေးမလဲ ဆိုတာကို သိရှိလိုတဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လယ်သမားရဲ့ အသံကိုတင်ပြပြီး ကျွန်တော် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မအူပင်၊ ညောင်တုန်းမြို့နယ်များမှ တောင်သူလယ်သမားများ လယ်ယာလုပ်ပိုင်ခွင့် အခွင့်အလမ်းများ အပြည့်အဝရရှိရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသက်လင်း က မအူပင်၊ ညောင်တုန်းမြို့နယ်များမှ တောင်သူလယ်သမားများ လယ်ယာ လုပ်ပိုင်ခွင့် အခွင့်အလမ်းများ အ ပြည့်အဝရရှိရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဦးသက်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ့တကွ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မအူပင် -ညောင်တုန်းမြို့နယ်များမှ တောင်သူလယ် သမားများ လယ်ယာ လုပ်ပိုင်ခွင့် အခွင့်အလမ်းများ အပြည့်အဝရရှိရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်း ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းအား ကြည့်ရှုမေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင် ငံတော်က စီးပွားရေးလုပ်ငန်းရှင် များ၊ ကုမ္ပဏီများအား မြေလွတ်၊ မြေရိုင်း အ မြောက်အများ စိုက်ပျိုးလုပ်ကိုင် ခွင့်ပြုထားသော်လည်း တစ်ချို့လုပ်ငန်းရှင်များ ကုမ္ပဏီများအနေဖြင့် လယ်ဧကအနည်းငယ်ကိုသာ ကိုယ်တိုင်စိုက်ပျိုးပြီး၊ ကျန်လယ်ဧကများကို ဒေသခံ တောင်သူလယ်သမားများထံမှ တစ်ဧကလျှင် စပါး(၃)တင်း၊ (၅)တင်း အစရှိတဲ့ သီးစားခရယူပြီး ဆောင်ရွက်နေကြကြောင်း ဒေသခံ တောင်သူလယ်သမား များထံမှ ကြားသိနေရပါတယ်။ ယခုအခါမှာ ကုမ္ပဏီများ ဝင်ရောက်လုပ်ကိုင်တဲ့ ဒေသများမှာ ကုမ္ပဏီများနှင့် ဒေသခံ တောင်သူလယ်သမားများအကြား လယ်ယာမြေအငြင်းပွားမှု ပြဿနာများ အောက်ခြေတွင် ဖြစ်ပေါ်လျက်ရှိပါတယ်။ ဒေသခံတောင်သူလယ်သမားများ လယ်လုပ်ကိုင်ခွင့် အခွင့်အလမ်းများ နည်းပါးနေတာကို လည်း တွေ့ရှိရပါတယ်။ အစိုးရသစ်လက်ထက်မှာ ကုမ္ပဏီ

လုပ်ငန်းရှင်များနှင့် ဒေသခံတောင်သူများအကြား လယ်ယာမြေနှင့်ပတ်သက်တဲ့ ပြဿနာများ ပေါ်ပေါက်လာပါက တာဝန်ရှိပုဂ္ဂိုလ်များက တောင်သူလယ်သမားများဘက်ကရပ်တည်ဆောင်ရွက်ပေးလျက်ရှိတာကို ဝမ်းမြောက်ဖွယ်တွေ့ရပါတယ်။ ယခုအခါမှာ နိုင်ငံတော် အစိုးရကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ ချရေးလုပ်ငန်းစဥ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအချိန်မှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ တောင်သူလယ်သမားများ လယ်ယာလုပ်ပိုင်ခွင့် အခွင့်အလမ်းအပြည့်အဝရရှိရေးဟာ တောင်သူလယ်သမားထုတစ်ရပ်လုံးအတွက် အမှန်တကယ် လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် အနေနဲ့ ကျေးလက်နေ တောင်သူလယ်သမားများ လယ် လုပ်ပိုင်ခွင့်ဆုံးရှုံးနေမှုတချို့ကို တင်ပြသွားပါ မည်။ ဧရာ ဝတီတိုင်းဒေသကြီး၊ မအူပင် မြို့နယ်အတွင်းရှိ ပေါက်ကုန်း၊ အိမ်ယာကြီး၊ ကွန်စု၊ စွ န်သိုက်၊ ကညင်ဝ၊ ကျုံစုပ်၊ ပိန်း ချောင်း၊ အလ န်းကြီး၊ ကနု အစရှိတဲ့ ကျေးရွာများ အတွင်းရှိ လယ်မြေဧက (၁၉၄၉.၆၂)ဧကကို Green House ကုမ္ပဏီက နိုင်ငံတော်ထံမှ လွှန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက လယ်လုပ်ပိုင်ခွင့် ရယူထားပြီး ယခုအချိန်ထိ ထိုကုမ္ပဏီကိုယ်တိုင် စိုက်ပျိုးလုပ်ကိုင်ခြင်းမပြုဘဲ ဒေသခံတောင်သူများထံမှ သီးစားခရယူဆောင်ရွက်ခဲ့တာကို တောင်သူလယ်သမားများထံမှ ကြားသိရပါတယ်။ ညောင် တုန်းမြို့နယ်အတွင်းမှာလည်း ယုဇန ကုမ္ပဏီမှ လယ်ဧက(၁၄၀၂)ဧက လုပ်ပိုင်ခွင့်ရယူထားပြီး ယနေ့အထိ လုံးဝစိုက်ပျိုးခြင်းမရှိတာကို ကြားသိရပါတယ်။ မအူပင်မြို့နယ်နှင့် ညောင်တုန်း မြို့နယ်များအတွင်းမှာ ကုမ္ပဏီလုပ်ငန်းရှင် (၁၇)ခုက မြေလွတ်မြေရိုင်းလုပ်ပိုင်ခွင့် (၄၉၅၁၁)ဧကရယူထားပြီး ထိုကုမ္ပဏီ လုပ်ငန်းရှင်များ ကိုယ်တိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက်(၂၇၂၀၀)ဧကကိုသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။ ယခုလို ကု မ္ပဏီနဲ့စီးပွားရေးလုပ်ငန်းရှင် တချို့ရဲ့ ဆောင်ရွက်ချက်များဟာ နိုင်ငံတော်ရဲ့ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို များစွာနစ်နာစေသလို လယ်ယာလုပ်ငန်းနှင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုနေကြသော ဒေသခံတောင်သူ လယ်သမားများရဲ့ လယ်ယာ လုပ်ပိုင်ခွင့် အခွင့်အလမ်းများ ဆုံးရှုံးကာ တောင်သူလယ်သမားရဲ့ လူမှုစီးပွားရေးဘဝ နိမ့်ကျနေမှုများကို ဝမ်းနည်းဖွယ်တွေ့မြင်နေရပါတယ်။

လေးစားအပ်ပါသော အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၁)၊ ပုဒ်မ ၃၇ မှာ နိုင်ငံတော်သည် နိုင်ငံတော်ရှိ မြေအားလုံး

မြေပေါ်မြေအောက် ရေပေါ်ရေအောက်နှင့် လေ ထုအတွင်းရှိ သယံဇာတ ပစ္စည်းအားလုံးရဲ့ ပင်ရင်းပိုင်ရှင်ဖြစ်သည်။ နိုင်ငံပိုင်သ ယံဇာတပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင် ရန် လိုအပ်တဲ့ ဥပဒေကို ပြဋ္ဌာန်း ပေးရမည်ဟု ပါရှိတဲ့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ ပုဒ်မ ၂၃ မှာလည်း နိုင်ငံတော်သည် တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်လို့ အတိအလင်း ဖော်ပြထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အမျိုးသားလွှတ်တော်ဒုတိယပုံမှန် အစည်းအဝေးကြီးမှာ လယ်ယာမြေ ဥပဒေကြမ်းနှင့် မြေ လွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းများကိုလည်း ဆွေးနွေးညှိ နှိုင်းခဲ့ကြပြီး ယခုလည်း ဆက်လက်ဆွေးနွေးလျက်ရှိပါတယ်။ ဒါကြောင့် မကြာမီ ပေါ်ပေါက်လာတော့မယ့် လယ်ယာမြေ ဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီ မံခန့်ခွဲရေးဥပဒေများနှင့်အညီ လယ်ယာလုပ်ငန်းဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုနေကြသော တောင်သူလယ်သမားများအား ဥပဒေနှင့်အညီ တရားဝင် ဆက်လက်လုပ်ကိုင်ခွင့်ရရှိရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးရန် လိုအပ်နေပြီဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြချက်များအပေါ်အခြေခံပြီး မေးခွန်းများ မေးမြန်းသွားမှာ ဖြစ်ပါတယ်။(၁) တချို့ကုမ္ပဏီများ၊ လုပ်ငန်းရှင်များက နိုင်ငံတော်မှ မြေလွတ်၊ မြေရိုင်း အမြောက်အမြား လုပ်ပိုင်ခွင့်ရယူထားမှုနှင့် ပတ်သက်၍ အမှန်တကယ်လုပ်ဆောင်နိုင်မှုမရှိခြင်းအား သက်ဆိုင်ရာဌာနများက ဥပဒေနှင့် အညီ ဘက်လိုက်မှုကင်းပြီး အဂတိတရားလိုက်စားမှု ကင်းရှင်းစွာဖြင့် တိတိကျကျ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သည့် အချိန်တွင် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် (၂) ပေါ်ထွက်လာသော လယ်ယာမြေများအား လယ်ယာလုပ်ငန်းဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုနေကြသော ဒေသခံတောင်သူလယ်သမားများ လယ်လုပ်ပိုင်ခွင့် အခွင့်အလမ်းများ အပြည့်အဝပြန်လည် ရရှိစေရေးအတွက် ပြည်ထောင်စုအစိုးရမှ စီမံဆောင်ရွက်ပေးမည့် အစီအစဉ်ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

**တောင်သူလယ်သမားတို့၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် တစ်ဆက်တစ်စပ်တည်း လယ်ယာမြေများကို တိုးတက်ဖော်ထုတ်၍ စက်မှုလယ်ယာကဏ္ဍကို မြှင့်တင်ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး က တောင်သူလယ်သမားတို့၏ လူမှုဘဝ တိုးတက်မြင့်မားရေးအတွက် တစ်ဆက်တစ်စပ်တည်း လယ်ယာမြေများကို တိုးတက်ဖော်ထုတ်၍ စက်မှုလယ်ယာ ကဏ္ဍကို မြှင့်တင်ကူညီဆောင်ရွက်ပေးရန် အစီ အစဉ် ရှိ /မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၂။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် တကွ၊ ကြွရောက်လာကြသူအပေါင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ ခုချိန်မှာ လယ်ယာမြေတွေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားတွေရဲ့ လူမှုဘဝတိုးတက် မြင့်မားရေး အတွက် Seed Jump, Technology Jump, Fertilizer Jump, Investment Jump စတဲ့ရည်မှန်းချက်တွေ ထားရှိ ပြီးတော့ သီးနှံအထွက်နှုန်း (၂)ဆတိုးတက်အောင် ဖော် ဆောင်နေတာကိုလည်း ဝမ်းမြောက်စ ရာ တွေ့ရှိရပါတယ်။ Paddy for Poverty မဖြစ်စေဘဲနဲ့ Paddy for Properity ဖြစ်အောင် ကြိုးပမ်းနေတာကိုလည်း တွေ့ရှိရပါတယ်။ အဲဒီအခါမှာ ကျွန်တော်တို့က ဒီ Investment အပိုင်းမှာလည်း ပါပါတယ်။ Technology အပိုင်းမှာလည်း ပါပါတယ်။ ကျွန်တော်တို့ ဒီလယ်ယာမြေတွေကို တစ်ဆက်တစ်စ ပ်တည်း ဖော်ထုတ်ပေးခြင်းအားဖြင့် မြေယာပြုပြင်တဲ့ လုပ်ငန်းကနေစပြီးတော့ ရိတ်သိမ်း၊ ခြွေလှေ့တဲ့ အထိ ကျွန်တော် တို့က စက်ကိ ရိယာယန္တရားကြီးတွေကို အကြီးစားစက်ကိ ရိယာကြီးတွေကို သုံးစွဲနိုင်မယ် ၊ စိုက်ပျိုးထုတ်ကုန်တွေကို ပိုမိုထုတ်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကုန်ထု တ်လမ်းတွေ ဖောက်ပြီးတော့ Production တွေ တက်လာအောင် လုပ်လို့ရမယ်။ ဒီလိုစံကွက်တွေကို ကျွန်တော်တို့ နေပြည်တော်မှာဆိုရင် ဧက(၁၀၀)၊ ဧက (၂၀၀) အစရှိသဖြင့် ဒါ အကောင်အထည်ဖော် ဆောင်ရွက်နေတာကိုလည်း

တွေ့ရှိရပါတယ်။ ဒီနေရာမှာ မေးစရာမေးခွန်းရှိလာတာက တစ်နိုင်ငံလုံးမှာရှိတဲ့ လယ်ယာမြေတွေကိုကျတော့ ဘယ်လိုကူညီ ပံ့ပိုးပြီးတော့ ဆောင်ရွက်ပေးမှာလဲ ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပကတိရှိနေတဲ့ လယ်ယာမြေတွေဟာ ကန်သင်းပျောက် စနစ် ဖြစ်ဖို့ဆိုတာက မြေပြင်ရဲ့ အညီကို ကျွန်တော်တို့က ရေထိန်းသိမ်းနိုင်ဖို့ တညီတည်းဖြစ်အောင်ညှိဖို့ လိုပါတယ်။ ဒီကန်သင်းတွေ ဟာ တစ်ဧက နှစ်ဧကထိ ဒီအကွက်ငယ်လေးတွေ ဖြစ်နေတယ်ဆိုတာက ရေ Water Level ကို ထိန်းရတာ မညီတဲ့ အတွက်ကြောင့်မို့လို့ ကန်သင်းရိုးတွေ ပေါ်နေတာပါ။ ဒီကန်သင်းရိုးတွေ ပျောက်သွားအောင် ပေ ါင်းစည်းပြီးတော့ မြေပြင်ကြီးကို ညှိဖို့ စက်ကိ ရိယာ ယန္တရားတွေလိုပါ လိမ့်မယ်။ နောက်တစ်ခုကကျ တော့ ကျွန်တော်တို့ စည်းရုံးကူညီပညာပေး ဆောင်ရွက်ရမယ့် အပိုင်းဖြစ်ပါတယ်။ လယ်သမားတွေရဲ့ တကယ်ပိုင်ဆိုင်တဲ့ လယ်ယာမြေ၊ လုပ်ကိုင်နေတဲ့ လယ်ယာမြေဧကတွေဟာ ဧက အနည်းငယ်ဖြစ်ပါတယ်။ အဲဒီတော့ တစ်ဆက်တစ်စပ်တည်းမှာ တည်ရှိနေတဲ့ တောင်သူလယ်သမား အများအပြားရဲ့ လယ်ယာမြေတွေကို စည်းရုံးဖော်ဆောင်ပြီးတော့ တစ်ကွင်းတစ်စပ်တည်း ဖြစ်သွားအောင်လို့၊ ညီညီညွတ်ညွတ် ဖြစ်သွားအောင်လို့ကာ နိုင်ငံတော်က ပံ့ပိုးကူညီမှုနဲ့သာ ဆောင်ရွက်နိုင် မယ့် အနေအထားဖြစ်ပါတယ်။ တော င်သူလယ်သမား တစ်ဦးချင်းစီ အနေနဲ့ကတော့ သူတို့ အတွက် Investment အပိုင်းမှာရော၊ Technology အပိုင်းမှာရော သူတို့တတ်နိုင်တဲ့ အင်အားမရှိပါဘူး။ နောက်တစ်ချက်အနေနဲ့ တင်ပြ ရလျှင်တော့ ကျွန်တော်တို့ ရှေ့က ကိုယ်စားလှယ်ကြီးများ တင်ပြသွားသလိုပါပဲ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း လုပ်ဖို့ မြေတွေအမြောက်အမြား ရယူထားတဲ့ ကုမ္ပဏီကြီးတွေကိုဉ်ှက ဒီလို တစ်ဆက်တစ်စပ် တည်း လယ်ယာမြေများ အောင်အောင်မြင်မြင် ဖော်ထုတ်နေတာကို မတွေ့ရှိရသေးပါဘူး။ ဒါကြောင့်မို့လို့ နိုင်ငံတကာမှာလို စု ပေါင်းလယ်ယာမြေကြီးတွေ၊ စုပေါင်းစိုက်ခင်းကြီးတွေ ပေါ်ထွက်လာပြီးတော့ သီးနှံတွေကို တကယ်အောင်အောင်မြင်မြင် စိုက်ပျိုးထုတ်လုပ်နိုင် ဖို့ အတွက်ကြောင့်မို့လို့ နိုင်ငံတော်အစိုးရက၊ နောက်အ ဓိက တာဝန်ရှိတဲ့ လယ်ယာစိုက်ပျိုး ရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနက ဘယ်လိုကူညီပံ့ပိုး ဆောင်ရွက်ပေးမလဲဆိုတဲ့ မေးခွန်းလေးကို မေးမြန်း ချင်တာဖြစ်ပါတယ်။ မေးခွန်းအနေနဲ့ကတော့ နိုင်ငံတော်ရဲ့ လယ်ယာကဏ္ဍ မူဝါဒများနှင့်အညီ တောင်သူလယ်သမားတို့ရဲ့ လူမှု ဘဝ တိုးတက်မြင့်မားရေးတို့အတွက် တစ်ဆက်တစ်စပ် တည်း လယ်ယာမြေများကို တိုးတက် ဖော်ထုတ်၍ စက်မှုလယ်ယာကဏ္ဍကို မြှ င့်တင်ပေးရန်နှင့် ပေါင်းစည်းလယ်ယာမြေများအဖြစ် စုပေါင်းဆောင်ရွက်နိုင်ရန် ပညာပေး ၊ စည်းရုံး၊ ကူညီ

ဆောင်ရွက်ပေးရန် အစီအစဉ်များ ရှိ /မရှိ နှင့် ယင်းအစီအစဉ်များ ကို မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုပါတဲ့အတွက်ကြောင့်မို့လို့ အများပြည်သူအ ကျိုးငှာ အပြုသဘောဖြင့် မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၂၆။**

### ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)

။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွအမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး ရဲ့ ရာသီဥတု ပြောင်းလဲမှုကြောင့် ရေကြီးနစ်မြု ပ်မှုများဖြစ်ပြီး ပျက်စီးသွားတဲ့ ပျိုးခင်းများ၊ စိုက်ခင်းများ၊ ကြဲခင်းများ အတွက် မျိုးစပါး အချိန်မီ ပြန်လည်အစားထိုး စိုက်ပျိုးပေးရန် လိုအပ်တဲ့အခါမှာ စပါးမျိုးများ ကြိုတင်စုဆောင်းပြီး ဖြန့်ဝေပေးမည့် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဥ်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ သဘာဝဘေးအန္တရာယ်များဟာ နှစ်စဉ်ဖြစ်လေ့ဖြစ်ထရှိသဖြင့် "ကြိုတင်ကာကွယ်ခြင်းသည် ကုသခြ င်းထက် အကျိုးရှိသည် " ဟူသော ဆိုရိုးစကားရှိသည့်အတိုင်း မိမိတို့ဒေသများတွင် သဘာဝ ဘေးအန္တရာယ်များ ဖြစ်ပေါ် လာပါက အောက်ဖော်ပြပါ နည်းလမ်းများအတိုင်း ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါတယ်။ ပထမ နည်းလမ်းအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥ တုဖောက်ပြန်မှုများသည် နှစ်စဉ်ဖြစ်လေ့ဖြစ်ထရှိသည့်အတွက် တောင်သူလယ်သမားတစ်ဦးချင်း အနေဖြင့် မိမိတို့ဒေသတွင် ဖြစ်ပေါ်လာနိုင်တဲ့ ရေကြီးနစ်မြု ပ် ဘေးအန္တရာယ်များအတွက် ကြိုတင်မျှော်တွေးပြီး ဒေသနှင့်

ကိုက်ညီသော စပါးမျိုးများကို ကိုယ့်မျိုးကိုယ်ထားစနစ်ဖြင့် ပိုလျှံ စုဆောင်းထားရှိရန် လိုအပ်ပါတယ်။ ဒုတိယနည်းလမ်းအနေနဲ့ ရေ ကြီးနစ်မြုပ် ဖြစ်ပေါ်လေ့ရှိတဲ့ ဒေသများအတွက် ရေကျလွယ်ကူသော ကုန်းပိုင်းကျတဲ့ လယ်မြေနေရာတွေမှာ အရန်ပျိုးခင်းနေရာများ ကြိုတင် ရွေးချယ်သတ်မှတ်ပြီး အရန်ပျိုးများကို ပျိုးထောင်ထားရှိ ရန် လိုအပ်ကြောင်း တင်ပြလို ပါတယ်။ တတိယနည်းလမ်းအနေဖြင့် ရေလွှမ်းခြင်းမရှိသည့်စိုက်ခင်းများမှ သက်တမ်းတူပြီး သားတက်ပွားနိုင်သော အဆင့် (၃၀)ရက်သား မကျော်လွန်သေးသော ကောက်ပင်များမှ သားတက်များကိုချက်ချင်းသားခွဲပြီး၊ ချက်ချင်းစိုက်စနစ်ဖြင့် ဆောင်ရွက်ခြင်း နည်းလမ်းဖြစ်ပါ တယ်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် တစ်ဧကစိုက်ခင်းမှ (၁၀)ဧက စိုက်ခင်းအထိ တိုးချဲ့ပွားယူ စိုက်ပျိုးနိုင်ပါတယ်။ သားတက်ခွဲပြီး စိုက်ခင်းများဟာ အပင်များကြီးထွား သန်စွမ်းစေရန် မြေသြဇာသွင်းအားစုစသည်များကို ထည့်သွင်းပေးရန်လိုအပ်ပါတယ်။ ဤကဲ့သို့ ကြိုတင်ပြီး မိမိဒေသနှင့်ကိုက်ညီတဲ့အရန်မျိုးများကို တောင်သူတစ်ပိုင်တစ်နို င် ကြိုတင်စုဆောင်းထားရှိခြင်း အားဖြင့် ရာသီဥတုဖောက်ပြန်သည့်အခါ အခြားဒေသ များမှ စပါးမျိုးများသယ်ဆောင်ရန် မလိုတော့ဘဲ မိမိတို့အစီအစဥ်ဖြင့်ပင် ဆောင်ရွက်ထားခြင်း ဖြင့် ဒေသနှင့်ကိုက်ညီတဲ့ မျိုးများ အသုံးပြုနိုင်ခြင်းနှင့်သယ်ယူစရိတ် ကြီးမားခြင်းများ သက်သာသွားနိုင်မှာ ဖြစ်ပါတယ်။ အရန်မျိုးစပါးများကိုစနစ်တကျ သိုလှောင်ထားရှိ ခြင်းအားဖြင့် အပင်ပေါက်နှုန်း ကောင်းမွန်ပြီး အချိန်မီပြန်လည်စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်။ ကျွ န်တော်တို့ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြည်နယ် /တိုင်းများမှာဆိုရင် မျိုးကောင်းမျိုးသန့် ပွားများရေး အစီအစဥ်အရ ၊ Seed Flow အရ ဒေသနဲ့ ကိုက်ညီတဲ့ မျိုး ကောင်းမျိုးသန့် စိုက်ပျိုးရေး မျိုးပွားဇုန်များကို ပွားများစိုက်ပျိုးလျက်ရှိပါတယ်။ ယခုအခါမှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ် /တိုင်းဒေသကြီးများမှာလည်း စိုက်ပျိုးရေးဝန်ကြီးများ ခန့်ထားပြီးဖြစ်သည့်အတွက် မိမိတို့ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ထူးခြားတဲ့ ရာသီဥတုကို ကြိုတင်တွက်ဆကြပြီး သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေးအတွက် စီမံချက်များရေးဆွဲပြီး ရေကြီးနစ်မြုပ်မှု ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် ရန်ပုံငွေများ မျိုးအတွက်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဆင့်သို့ တင်ပြပြီးတော့မိမိတိုင်းအလိုက် သင့်လျော် တဲ့မျိုးများကို စီမံအကောင်အထ ည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယတင်ပြချက်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် ရဲ့ သာစည်မြို့နယ်ရှိ ညောင်ရမ်းမင်းလှကန်၏ အမှတ်(၆) (မြောက်) ရေပေးမြောင်းအား ပြုပြင်ပေးရန် အစီအစဥ် ရှိ /မရှိ ဟူသော မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ နယ်မြေဒေသအတွင်း စိုက်ပျိုးရေ ဖူလုံစွာရရှိရေးနှင့် တောင်သူလယ်သမား များ အကျိုးအတွက် မေးမြန်းပေးခဲ့တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဌေးမောင် အား ယခုကဲ့သို့ ဖြေကြားခွင့် ရရှိခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း တင်ပြလိုပါတယ်။

သာစည်မြို့နယ် ညောင်ရမ်း-မင်းလှကန်မှာ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက နှစ်ပေါင်း (၉၀၀)ကျော်က ဆယ် ဖို့ခဲ့သောကန်ဖြစ်ပြီး ကန်၏မူလရေသောက်ဧရိယာ ဧက(၂၇၄၅၅)အပေါ်စိစစ်ပြီး (၂၇၂၀၅)ဧက စိုက်ပျိုးနိုင်တာဖြစ်ပါတယ်။ အဆိုပါရေသောက်ဧကများကို ရေပေးမြောင်း (၇)မြောင်းနဲ့ စိုက်ပျိုးရေပေးဝေလျက်ရှိရာမှာ ရေဝင်ကောင်းတဲ့ နှစ်တွေမှာ မိုးစပါးစိုက်ဧကများကို ရေလုံလောက်စွာ ပေးဝေနိုင်ခဲ့ပါတယ်။ ကိုယ်စားလှယ်၏ မေးခွန်းပါ အမှတ်(၆)(မြောက်)မြောင်းရဲ့ အလျားမှာ(၁၁၂၂၅)ပေ၊ အောက်ခြေအကျယ် (၅)ပေ ဖြစ်ပြီး အဆိုပါမြောင်းမှ ရေသောက်ဧရိယာ (၈၉၀)ဧကကို ရေပေးဝေလျက်ရှိပါတယ်။ ၂၀၀၈-၂၀၀၉ ခုနှစ်မှာ မိုးရွာသွန်းမှုကောင်းလို့မို့ ကန်တွင်းဝင်ရေများခဲ့သဖြင့် မိုးစပါးစိုက်ဧက (၈၉၀) ပြည့်အောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ မိုးစပါးလျာထား ဧက (၆၁၁)ဧက ရှိသည့်အတွက် (၅၉၁)ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကန်တွင်း ရေဝင်ရောက်မှုနည်းသော နှစ်များတွင်သာ မြောင်းများ ရေသောက်ဧကများကို ရေပေးဝေမှု အခက်အခဲ အနည်းငယ်သာ ရှိခဲ့ပါတယ်။ အဆိုပါအမှတ်(၆)(မြောက်) မြောင်းကို ၂၀၀၄-၂၀၀၅ ခုနှစ်မှာ စက်ယန္တရားများဖြင့် မြောင်းပုံစံကျပြုပြင် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်အတွင်းမှာ မိုးရွာသွန်းမှုကြောင့် မြောင်းအဖျားပိုင်းရဲ့ ပေတိုင် (၉၀၀၀)မှာ အရှည် (၅၀)ပေခန့် ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သော်လည်း ဆည်မြောင်းဦးစီးဌာနမှ အရေးပေါ်ပြင်ဆင်မှုအနေဖြင့် သဲအိတ်ချ ခြင်း၊ ကပ်ကာခြ င်းလုပ်ငန်းများကို အချိန်နှင့် တစ်ပြေးညီ ပြုပြင်ဆောင်ရွက်ပြီး စပါးစိုက်ဧကအားလုံးကို အောင်ရေပေးဝေနိုင်ခဲ့ပါတယ်။ ညောင်ရမ်းမင်းလှကန် အမှတ် (၆)(မြောက်) ရေပေးမြောင်း၏ ရေကြီးမှုကြောင့် ပျက်စီးမှုဖြစ်ပွားသည့် နေရာအပါအဝင် ရေပေးမြောင်းတစ်လျှောက် မြောင်းပုံစံကျ ပြန်လည်

ပြုပြင်ခြင်း လုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက် ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လုပ်ငန်းအားလုံး ပြီးစီးအောင် ဆောင်ရွက် ပေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

တတိယအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ မျိုးစပ်ဆန်(Hybrid Rice)များ ထု တ်လုပ်မှုမှမျိုးစေ့(Hybrid Seed) ရရှိရေးကို လယ်သမားများအား မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို မေးမြန်းလိုပါသည်ဟု မေးမြန်းထားချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးသီးနှံများမှာ မျိုးစေ့ကို မွေးမြူတဲ့အခါမှာဆိုရင် သီးနှံအလိုက် ကျွန်တော်တို့ မျိုးဟာ ကွာခြားမှု ရှိပါတယ်။ (၁) နည်းကတော့ ပင်တည်းဝတ်မှုံကူးနည်းများ ဥပမာ - စပါး၊ ပဲတို့ မြေပဲတို့ဟာ ပင်တည်းဝတ်မှုံကူးတဲ့ မျိုးများဖြစ်ပါတယ်။ ဒုတိယကတော့ ပင် ခြားဝတ်မှုံကူးတဲ့ မျိုးများ အဲဒါကတော့ အစေ့ထုတ်ပြောင်းတို့ နေကြာတို့ အဲလိုရှိပါတယ်။ ဒါကြောင့်မို့ ဒီလို သီးနှံမျိုးများကို မွေးမြူတဲ့နေရာမှာ နည်းလမ်း (၂)မျိုးနဲ့ ကျွန်တော်တို့ သီးနှံမျိုးစေ့များကို မွေးမြူလျက်ရှိပါတယ်။ နံပါတ် (၁)နည်းကတော့ ဘာလဲ ဆိုတော့ စပ်မျိုး မွေးမြူခြင်း နည်းလမ်း၊ Hybrid Breeding ဆိုတဲ့နည်းနဲ့ Hybrid Rice ဆိုတဲ့ စပြီးမွေးမြူနေတာ Hybrid Breeding နည်းဖြစ်ပါတယ်။ ဒုတိယနည်းကတော့ မျိုးသန့် လိုင်းများ မွေးမြူခြင်း Impact Breeding လို့ခေါ်ပါတယ်။ လက်ရှိကျွန်တော်တို့ တ ချို့စပါးတွေ OPP မျိုးတွေ ဖြစ်ပါတယ်။ Open Pole Latest Breeding မျိုးတွေဖြစ်ပါတယ်။ အဲဒီ Open Pole Latest Breeding မျိုးတွေမှာဆိုရင်တော့ Integeness Breeding၊ Introduction Breeding၊ Utensil Breeding၊ tissue - uiture Breeding၊ Bole - cooler Breeding၊ စတဲ့ နည်းလမ်းတွေနဲ့ ကျွန်တော်တို့မျိုးစေ့တွေကို ထုတ်လုပ်လျက်ရှိပါတယ်။ Hybrid မျိုးနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ထုတ်လုပ်တဲ့နေရာမှာဆိုလို့ရှိရင် Hybrid Breeding နည်းလမ်းမှာ ဆိုလို့ရှိရင် (၃)လိုင်းစပ်တဲ့မျိုး၊ Three Line Hybrid ဖြစ်ပါတယ်။ အဲဒါကတော့ မိဘမျိုးလိုင်းတွေဖြစ်တဲ့ ABR Three Line နဲ့ ကျွန်တော်တို့ မျိုးစပ်ပြီးတော့ မျိုးကိုထုတ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ (၂)လိုင်းစပ်မျိုး ဖြစ်ပါတယ်။ Two Line Impress SR မျိုး (၂)မျိုးတည်းနဲ့ ကျွန်တော်တို့ မျိုးစပ်တာ ဖြစ်ပါတယ်။ တတိယနည်းလမ်းကတော့ မျိုးစပ်တဲ့ အခါမှာ Hybrid ကို ထုတ်တဲ့အခါမှာ တစ်လိုင်းတည်းနဲ့ ဒီနေ့ဒီခေတ်မှာ မျိုးထုတ်တဲ့နည်းဖြစ်ပါတယ်။ One Line Hybrid

Breedingလို့ ဖြစ်ပြီးတော့ အပို Mississ Zero နဲ့ စပ်မျိုးတွေကို ထုတ်လုပ်တာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ စပ်မျိုးမျိုးစေ့များကို ထုတ်လုပ်ခြင်းလုပ်ငန်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ စပ်မျိုး ပညာရှင်များနှင့် ကျွန်တော်တို့ ပညာရှင်များ ပူးပေါင်းပြီး စပ်မျိုးစပါး (၄)မျိုးကို စမ်းသပ် စိုက်ပျိုး ထုတ်လုပ်လျက်ရှိပါတယ်။ ယခုနှစ် မိုးရာသီမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စပ်မျိုးစပါးပညာရှင်များနှင့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေး ပညာရှင်များပူးပေါင်းပြီး မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ ရွှေတောင်ခြံနှင့် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်တို့မှာ စပ်မျိုးစပါးမျိုးစေ့ (Hybrid Seed)များ ထုတ်လုပ်ခြင်းလုပ်ငန်းကို ဧက(၂၀၀) ကို စမ်းသပ်စိုက်ပျိုး ထုတ်လုပ်ခဲ့ပါတယ်။ လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီး၌ ပုဂ္ဂလိက ကုမ္ပဏီများမှ စပ်မျိုးစပါးဧက (၅၅၀)ကို စပ်မျိုးစပါး စမ်းသပ် မျိုးစေ့ထုတ်လုပ်လျှက် ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ စပ်မျိုးစပါး ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရာမှာ အဓိကအရေးကြီးဆုံးဖြစ်တဲ့ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (Good Agriculture Practice - GAP) ကို လိုက်နာကျင့်သုံးရန် တောင်သူလယ်သမားများအား လက်တွေ့ပညာပေး ဆောင်ရွက်လျက်ရှိသည့်အပြင် မျိုးစပါး တစ်ဧကအထွက်နှုန်း (၂၀ မှ ၃၀) အထိ ပိုမိုထွက်ရှိအောင် တစ်ပြိုင်နက်တည်း ဆောင်ရွ က်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ စပ်မျိုးစပါးစိုက်ပျိုး ထုတ်လုပ်ခြင်းလုပ်ငန်းကို ၁၉၉၈ - ၁၉၉၉ ခုနှစ်က အိန္ဒိယနိုင်ငံ၊ မာရှုဘီ နီ ကုမ္ပဏီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးမားကုမ္ပဏီတို့နှင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စတင်ပူးပေါင်းဆောင်ရွက်ခဲ့ပြီး စပ်မျိုးစပါးထုတ်လုပ်မှု စတင်ဆောင်ရွက်ခဲ့ရာမှာ နည်းပညာ အတွေ့အကြုံနှင့် ဆန်စပါးဈေးကွက်ရရှိမှု မရှိခြင်းတို့ကြောင့်လည်းကောင်း၊ ၎င်းအပြင် နိုင်ငံတော် နှင့် ပုဂ္ဂလိကကုမ္ပဏီများမှ အရင်းအနှီးမပြုလုပ်ခဲ့သဖြင့် အောင်မြင်သင့်သလောက် အောင်မြင်မှု မရရှိခဲ့ပါ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ စားနပ်ရိက္ခာဖူလုံရေးအတွက် ၁၉၇၄ ခုနှစ် ကတည်းက စပ်မျိုးစပါးထုတ်လုပ်မှု နည်းပညာကိုစတင်ခဲ့ပြီး တစ်နိုင်ငံလုံး စပါးစိုက်ဧကရဲ့ (၆၀)ရာခိုင်နှုန်းကျော် စပ်မျိုးစပါးဖြင့် စိုက်ပျိုးခဲ့ပြီး စားနပ်ရိက္ခာဖူလုံခဲ့ပါတယ်။ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ တီထွင်မှုများကြောင့် နည်းပညာအတွေ့အကြုံများဟာ ပိုမိုတိုးတက်လာပြီး ဆန်စားသုံးမှု အရည်အသွေးဟာလည်း တစ်နှစ်ထက် တစ်နှစ် ကောင်းမွန်တဲ့ စပ်မျိုးများ တိုးတက် ထုတ်လုပ် တီထွင်လာကြပါတယ်။ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်နှင့် ဥရောပ သမဂ္ဂနိုင်ငံများ၏

စီးပွားရေး၊ ငွေကြေးနှင့် နည်းပညာပိတ်ဆို့မှုများကြောင့် ဆန်စပါးဖွံ့ဖြိုးတိုးတက် မှု နှောင့်နှေး စေခဲ့ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဖိလစ် ပိုင်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသနဌာန (International Rice Research Institute - IRRI)မှ စိုက်ပျိုးရေး ပညာရှင်များ၏ တီထွင်ကြိုးပမ်းမှုများကြောင့် စပ်မျိုးစပါးဟာ လက်ရှိစပါးမျိုးများထက် အထွက် နှုန်းပိုမိုရရှိပြီး ဆန်အရည်အသွေးကောင်းသဖြင့် တောင်သူများအနေဖြင့် ဝ င်ငွေပိုမိုရရှိခဲ့ပြီး တွက်ခြေကိုက်သောကြောင့် အိန္ဒိယနိုင်ငံ အပါအဝင် ဆန်တင်ပို့ တဲ့နိုင်ငံများမှာ စပ်မျိုးစပါးကို စိုက်ပျိုးထုတ်လုပ် လျက်ရှိကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ အနေနဲ့ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တိုင်းရင်းသားကုမ္ပဏီ လုပ်ငန်းရှင်ကြီးများမှ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ် ခြင်းလုပ်ငန်းကို တိုးမြှင့်ရင်းနှီးပြီး လေ့ကျင့်ထားပြီး ဖြစ်သော ကျွမ်းကျင်သူ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကာ ဒေသအလိုက် စပ်မျိုးစပါး မျိုးစေ့များထုတ်လုပ် ဖြန့်ဖြူးနိုင်မည် ဖြစ်ပါသည်။ တောင်သူလယ်သမားများ အတွက် ဝင်ငွေ(၂)ဆတိုးတက်စေမယ့် ခေတ်မီစပ်မျိုး စပါး မျိုးစေ့ထုတ်လုပ်ငန်းအပေါ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ စိတ်ပါဝင်စား စွာ လေ့လာလိုပါက နေပြည်တော်ခရိုင်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တစ်ဆက်တစ်စပ်တည်း ဧက(၁၀၀) စပ်မျိုးစပါး မျိုးစေ့စိုက်ကွင်း၊ မန္တလေးတိုင်းဒေသကြီး ၊ ရွှေတော င်ခြံ စပ်မျိုးစပါး တစ်ဆက်တစ်စပ်တည်း ဧက (၁၀၀) မျိုးစေ့ထုတ်စိုက်ကွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်မြို့နယ် တစ်ဆက်တစ်စပ်တည်း ဧက (၅၀၀) စပ်မျိုးစပါး မျိုးစေ့ထုတ် စိုက်ကွင်းများအား ယခု နွေရာသီ စပါးရာသီတွင် လက်တွေ့ကွင်းဆင်းကြည့်ရှုလိုကြပါက လေ့လာအား ပေးကြပါ ရန် အထူးသင့်လျော်သော စိုက်ကွင်းကြီးများဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ကြားတင်ပြရင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

စတုတ္ထမေးခွန်းအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်း က တချို့ကုမ္ပဏီများ၊ လုပ်ငန်းရှင် များက နိုင်ငံတော်မှ လယ်ယာမြေ အမြောက်အမြား လုပ်ကို င်ခွင့်ရယူထားမှုနှင့် ပတ်သက်၍ မေးမြန်းထားတာကို တွေ့ရှိရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော် နှင့် နိုင်ငံသားအားလုံး၏ အမျိုးသားရေးအကျိုးစီးပွားအတွက်ရေရှည်တည်တံ့ခိုင်မြဲပြီး လက်တွေ့ လိုက်နာအသုံးပြုနိုင်မည့် လယ်ယာမြေမူဝါဒတစ်ရပ် ပေါ်ထွန်းလာစေရန် လယ်ယာမြေဥပဒေကြမ်း ရေးဆွဲရေးကော်မရှင်ကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ ၁၉-၁၀-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာ

စာ အမှတ်၊ ၄/၂၀၁၁ ဖြင့် ပြည်ထောင်စုဝန်ကြီး လယ်ယာစိုက်ပျိုးရေးနှ င့် ဆည်မြောင်း၀ န်ကြီး ဌာနက ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်(၁၄)ဦးပါ အဖွဲ့အား တာဝန်ပေးအပ်ခဲ့ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်၏ နိုင်ငံ ရေးစနစ်၊ စီးပွားရေးစနစ်၊ မြေယာ အခြေခံမူ၊ တောင်သူလယ်သမားများ၏ အခွင့်အရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် စပ်လျဉ်းပြီး တိကျစွာပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၃ (က) တွင် "နိုင်ငံတော်သည် တောင်သူလယ်သမား များ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သ ည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက် မည်" ဟုလည်းကောင်း၊ ပုဒ်မ ၂၉ တွင် "နိုင်ငံတော်သည် လက်မှုလ ယ်ယာမှ စက်မှုလယ်ယာ သို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင် ဆုံး ဖြည့်ဆည်း ရမည်" ဟု လည်းကောင်း၊ ပုဒ်မ ၂၄၈ (က)တွင် "တိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်တွင် ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းထားရှိသည် " ဟုလည်းကောင်း၊ ပုဒ်မ ၂၄၉ တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှုအာဏာသည် တို င်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်က ဥပဒေပြုနိုင်သော ကိစ္စရပ်များသို့ သက်ရောက်ပြန့်နှံ့သည်။ ထို့ပြင် ပြည်ထောင်စုဥပဒေ တစ်ရပ်ရပ် အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအား ဆောင်ရွက်ခွင့်ပြုသည့် ကိစ္စရပ်များသို့လည်း သက်ရောက်ပြန့်နှံ့သည်" ဟု ပြဋ္ဌာန်းထားရှိပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားရှိပြီး ဖြစ်သကဲ့သို့ တိုင်းဒေသကြီးနှင့်ပြည်နယ် ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဌာန ဝန် ကြီးများကိုလည်း ခန့်အပ်တာဝန်ပေးထား ပြီး ဖြစ် ပါတယ်။ အဆိုပါ ခန့်အပ်တာဝန် ပေးထားပြီးဖြစ်တဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ဒေသနှင့် မြို့ပြ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသ တော င်သူလယ်သမားများ အပါအဝင် အများပြည်သူ တို့၏ အကျိုးစီးပွားအတွက် လယ်ယာမြေကို ဥပဒေနှင့်အညီ စနစ် တကျ အသုံးပြုနိုင်ရေးတို့ အတွက် အခွင့်အာဏာနှင့် တာဝန် ခွဲဝေကျင့်သုံး စီမံဆောင်ရွက်လျက် ရှိပါတယ်။ မြေပြင်လက်ရှိ

ပကတိအခြေအနေမှန်ကို သိရှိရ သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့က ဒေသခံ တောင်သူလယ်သမားများ၏ လယ်ယာမြေလုပ်ပိုင်ခွင့် အခွင့်အလမ်းများ ရရှိစေရေးအတွက် ညှိနှိုင်းပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်၏ မြေသယံဇာတ များကိုအကျိုးရှိစွာ ထိထိရောက်ရောက် အသုံးချနိုင်ရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး အပါအဝင် နိုင်ငံတစ်ဝန်းလုံးရှိ ဒေသခံတောင်သူ လယ်သမားများမှ ဖော်ထုတ်ခြင်းမရှိသော ရေကြီးကွင်း၊ ရေနက်ကွင်းများတွင် လယ်ယာမြေအ ဖြစ် ဖော်ထုတ်နိုင်ရေးအတွက် ၁၉၉၂ - ၁၉၉၃ ခုနှစ်များမှာ နိုင်ငံတော်အဆင့် အကြီးအကဲများကိုယ်တိုင် ကွင်းဆင်းစိစစ်၍ တိုင်းရင်းသား လုပ်ငန်းရှင်များ၊ ကုမ္ပဏီ အဖွဲ့အစည်းများကို တာဝန်ပေးဖော်ထုတ်စေခဲ့ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်၏ မေးခွန်း တွင်ပါရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှာ ညောင်တုန်းနှင့် မအူပင် မြို့နယ်မှာ ကုမ္ပဏီလုပ်ငန်းရှင်(၁၄)ခုက မြေဧရိယာ (၆၉၅၀၂)ဧက ရယူထားပြီး မြေယာ ဖော်ထုတ်ပြီး ဧရိယာ (၆၁၁၅၇)ဧကဖြစ်၍ ဖော်ထုတ်ရန် ကျန်တာ (၈၃၄၅)ဧကဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ယင်းသို့ ဖော်ထုတ်ပြီး ဧရိယာများအနက် စိုက်ပျိုးမွေးမြူအသုံးပြုပြီး ဧရိယာက (၃၃၃၅၄)ဧက ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူအသုံးပြုရန် ကျန်ဧရိယာ (၂၇၈၀၃)ဧကဖြစ်ကြောင်း တွေ့ရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှ ယ်၏ မေးခွန်းတွင်ပါရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်တွင် မြေရယူထားသည့် ကုမ္ပဏီဥက္ကဋ္ဌ ဦးမြင့်သူ ဂရင်းဟောက်စ်ကုမ္ပဏီက ရေကြီးကွင်း၊ ရေနက်ကွင်း မြေဧရိယာ (၂၀၂၂)ဧက ရယူထားပြီး စိုက် ပျိုးမွေးမြူအသုံးပြုသည့် ဧရိယာ(၈၁၂)ဧကနှင့် စိုက်ပျိုးမွေးမြူအသုံးပြုရန် ကျန်(၁၂၁၀)ဧကဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အလားတူ ညောင်တုန်းမြို့နယ်မှာ ကုမ္ပဏီဥက္ကဋ္ဌ ဦးငွေးမြင့် ယုဇနကုမ္ပဏီက ရေကြီး၊ ရေနက်ကွင်း မြေဧရိယာ(၁၄၀၂)ဧက ရယူဖော်ထုတ်ထားပြီး စိုက် ပျိုးမွေးမြူအသုံးပြုသည့် ဧရိယာ (၈၇၀) ဧကနှင့် စိုက်ပျိုးမွေးမြူအသုံးပြုရန် ကျန်(၅၃၂)ဧကကျန်ရှိကြောင်း တွေ့ရှိရပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီးများ တင်ပြသည့်အတိုင်း ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း ရေကြီးကွင်း၊ ရေနက်ကွင်းများ စိုက်ပျိုးမြေအဖြစ် ဖော်ထုတ်ရန် နိုင်ငံတော် အဆင့် အကြီးအကဲများကိုယ်တိုင် ကုမ္ပဏီလုပ်ငန်းရှင်ကြီးများအား တာဝန်ပေးခိုင်းစေခဲ့ပါတယ်။ ကုမ္ပဏီ လုပ်ငန်းရှင်ကြီးများကလည်း စီးပွားရေးအရ တွက်ခြေ မကိုက်ဘဲ အရှုံးများစွာ ရှိမည်ကို သိရှိ၍ မလုပ်ကိုင်ချင်ကြသော်လည်း တာဝန်ပေးချက်အရ ဒေသဖွံ့ ဖြိုးတိုးတက်ရေးနှင့်ဒေသ လူထုအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရန်အတွက်လုပ်ကိုင်ရခြင်းဖြစ်ရာ အရင်းအနှီးများစွာ

ယခုအချိန်ထိ ဆုံးရှုံး နစ်နာလျက်ရှိကြောင်း တွေ့ရှိရ ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေမှာလည်း မကြာခင် ပြင်ဆင်နိုင်မည်ဖြစ်ပါ၍ ပေါ်ပေါက်လာမည့် ယင်းဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ တင်ပြ ချက်များအား ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားနိုင်မည် ဖြစ်ပါတယ်။ ယခု အတည်ပြုပြဋ္ဌာန်းမယ့် လယ်ယာမြေဥပဒေသစ်တွင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်ရန်နှင့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတ က်ရေးကို ဦးတည်ရည်မှန်း ပြီး လယ်ယာကဏ္ဍတွင် ထိရောက်သည့် ရင်းနှီးမြှုပ်နှံမှုများ ပေါ်ပေါက်လာပြီး ခေတ်မီစက်မှုလယ်ယာစနစ်သို့ လျင်မြန်စွာ ကူးပြောင်းနိုင်ရေးအတွက် အခွင့်အရေး ရရှိနိုင်မည်ဖြစ်သည့်အပြင် တောင်သူလယ်သမားများရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် အခွင့်အရေး များကိုလည်း သားစဉ်မြေးဆက် အ ဆက်ဆက်တိုင်အောင် ဥပဒေနှင့်အညီ ခိုင်မာစွာ အကာအကွယ်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။နိုင်ငံတော်၏ မြေသယံဇာတများကို ငွေကြေးအရင်းအနှီး မြောက်များစွာဖြင့် ဥပဒေနှင့် အညီ အမှန်တကယ် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြခြင်းဖြင့် ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာမည့်အပြင် ကျေးလက်နေပြည်သူလူထုရဲ့ ဝင်ငွေနှင့် စားဝတ်နေမှု အဆင့်အတန်းများလည်း လျင် မြန်စွာ တိုးတက်မြင့်မားလာစေမည်ဖြစ်၍ ကျေးလက် ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို လက်တွေ့ကျကျ ဥပဒေများမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါသဖြင့် ဆက်လက်ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ပဉ္စမမေးခွန်းအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး ရဲ့ “တစ်ဆက်တစ်စပ်တည်း လယ်ယာမြေများကို တိုးတက်ဖော်ထုတ်၍ စက်မှုလယ်ယာကဏ္ဍကို မြှင့်တင်ပေးရန်နှင့် ပေါင်းစည်းလယ်ယာမြေများအဖြစ် စုပေါင်းဆောင်ရွက်နိုင်ရန် ပညာပေး၊ စည်းရုံး၊ ကူညီ ဆောင်ရွက်ပေးရန်” ဟူသော မေးခွန်းနှင့် ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုး ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေနဲ့ သီးနှံများစိုက်ပျိုးထုတ်လုပ်ရာမှာ အလေအလွင့်နည်းပါးပြီး တောင်သူလယ်သမားတို့ရဲ့ လူနေမှုဘဝ တိုးတက်မြင့်မားရေးအတွက် သီးနှံအထွက်တိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် စက်မှုလယ်ယာမြေများ ဖော်ထုတ်စိုက်ပျိုးနိုင်ရန် ပညာပေးဆောင်ရွက်လျက် ရှိရာ အထက်မြန်မာပြည် စံနမူနာပြအဖြစ် နေပြည်တော်ကောင်စီနယ်မြေရှိ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ စသည့် မြို့နယ်

များနှင့် မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံတွင်လည်းကောင်း ၊ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများအတွက် စံနမူနာပြအဖြစ် ဒဂုံမြို့သစ်အရှေ့ပိုင်းနှင့် ဒဂုံဆိပ်ကမ်းမြို့နယ် များရှိ စက်မှုလယ်ယာစိုက်ပျိုးရေးအထူးဇုန်(၁)နှင့် အထူးဇုန် (၂)တို့တွင်လည်းကောင်း၊ ကုန်ထုတ် လမ်းများ၊ ရေသွင်းမြောင်းများ၊ ရေထုတ် မြောင်းများပါရှိသော စက်မှုလယ်ယာစနစ်ကျ ဟတ် တာ ကွက်များ၊ ဧကကွက်များ ဖော်ထုတ် လျက် ဒေသအသီးသီးရှိ တောင်သူများ၊ တာဝန်ရှိသူ များအား ဖိတ်ခေါ် လေ့လာစေပြီး ပညာပေးဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန လက်အောက်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာ ဦးစီးဌာန၊ ကျေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှလည်း လိုအပ်တဲ့နည်းပ ညာ အကူအညီ၊ စက်ယန္တရား အကူအညီများ ပေး၍ ကူညီဆောင်ရွက်လျက်ရှိပါတယ်။ စက်မှုလယ်ယာ ကဏ္ဍ တိုးမြှင့်ပေးရန်နှင့် ပေါင်းစည်းလယ်ယာမြေများအဖြစ် စုပေါင်းဆောင်ရွက်နိုင်ရေးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကာလတိုအတွင်း ကူးပြောင်းလုပ်ကိုင်ရန်မှာ ဝန်ကြီးဌာနအင်အား တစ်ခု တည်းသာမက၊ ပုဂ္ဂလိကပိုင်းနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးပိုင်း တာဝန်ယူထားသည့် အပိုင်း ကဏ္ဍများပါ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါတယ်။

နေပြည်တော်ကောင်စီနယ်မြေ စက်မှုလယ်ယာကူးပြောင်းရေးအတွက် AAE ကုမ္ပဏီ က အမေရိကန်ဒေါ် လာ သန်း (၂၀)တန်ဖိုး စက်ယန္တရားများ ရင်းနှီးမြှုပ်နှံပြီး ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ တစ်နိုင်ငံလုံးမှာ ယင်းကဲ့သို့ ပုဂ္ဂလိကပိုင်းမှ ဒေသအလိုက် ပူးပေါင်း ဆောင်ရွက်လာမှုများ ပေါ် ထွန်းလာရန် လိုအပ်ပါတယ်။ ယင်းသို့ ပူးပေါင်းကူညီဆောင်ရွက် လာကြရေးကိုလည်း မိမိဝန်ကြီးဌာနမှ ကြိုးပမ်းစည်းရုံးဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု ကဲ့သို့ ပညာပေးဆောင်ရွက်မှုများကြောင့် တောင် သူများနှင့် လုပ်ငန်းရှင်ကြီးများ ပူးပေါင်း ဆောင်ရွက်မှု တိုးတက်လာနေပြီဖြစ်ရာ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးများတွင် သာမက တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ပညာ ပေးစက်မှု လယ်ယာမြေများ စနစ်တကျဖော်ထုတ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် ဧက(၅၀၀)စီ၊ မွန်ပြည်နယ်တွင် ဧက(၂၀၀)၊ တနင်္သာရီတိုင်းဒေသကြီး ၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည် နယ်

(မြောက်ပိုင်း)တို့တွင် ဧက (၅၀)စီနှင့် ကချင်ပြည်နယ်၊ ကယားပြည် နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် (၂၅)ဧကစီ ဖော်ထုတ်သွားနိုင်ရန် ရန်ပုံငွေ တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ ရန်ပုံငွေရရှိမှု အခြေအနေပေါ် မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေး သွားမည်ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် နည်းပညာများ၊ အကူအညီများ၊ စက်ယန္တရားများကို ကူညီဖြည့်ဆည်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်း တွေဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပေါက်ကွဲလောင်ကျွမ်းစေတတ်သည့် ဗျောက်အိုး၊ ယမ်း၊ မီးရှူး၊ မီးပန်းများ သယ်ဆောင်ဖြန့်ဖြူး နေခြင်းကို ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဦးရဲမြင့် က ပေါက်ကွဲလောင်ကျွမ်းစေတတ်သည့် ဗျောက်အိုး၊ ယမ်း၊ မီးရှူး ၊ မီးပန်းများ သယ်ဆောင်ဖြန့်ဖြူး နေခြင်းကို ထိထိရောက်ရောက် ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ /မရှိ နှင့် စပ်လျဉ်း တဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြသော ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများအား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ပေါက်ကွဲလောင်ကျွမ်းစေတတ်တဲ့

မီးရှူး၊ မီးပန်း၊ ပျောက်အိုး အစရှိတဲ့ ပစ္စည်းတွေကို လွယ်ကူစွာ သယ်ယူဖြန့်ဖြူးနိုင်ခြင်းအပေါ်မှာ သက်ဆိုင်ရာက ကြပ်မတ်ပေးနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မီးရှူး၊ မီးပန်းဆိုတဲ့ကိစ္စထက် ပိုပြီးစိတ်ဝင်စားတဲ့ အချက်တွေရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီကိစ္စကနေ ဆင့်ပွားပေါ်ပေါက်လာတဲ့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျွန်တော်တို့ ရဲ့ ဥပဒေခိုင်မာမှုအပေါ်မှာ ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှု မည်မျှလျော့ပါးသွားလဲဆိုတဲ့အပိုင်းကို တင်ပြပြီးတော့မှ ဒီကိစ္စဟာအရေးကြီးတဲ့ ကိစ္စဖြစ်ကြောင်း မေးမြန်းလိုခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်နိုင်ငံလုံးနဲ့အဝန်း လွယ်ကူစွာနဲ့ ချောမွေ့စွာ သယ်ယူခြင်း၊ ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်း ဖြစ်နေတာကို အများအမြင်အသိပဲဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ မကြာသေးခင်ကလည်း ရန်ကုန်မြို့မှာ ဖြစ်ပွားခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ လူအချို့ ဒီကိစ္စကြောင့် သေဆုံး ခဲ့တာကိုလည်း ကြားသိရပြီး ဖြစ်ပါတယ်။ ဥပမာအားဖြင့် ပြီးခဲ့တဲ့ သီတင်းကျွတ်မှာ ဘားအံမြို့မှာ အဘိုးကြီးတစ်ယောက်နဲ့ ရပ်ကွက်(၅)မှာ မိန်းမငယ်တစ်ယောက် ပျောက်အိုးဖောက်ခြင်းကြောင့် သေဆုံးခဲ့ရပါတယ်။ ဒါဟာလည်း တကယ်တော့ အရေးမကြီးသေးဘူးလို့ ကျွန်တော် ယူဆပါတယ်။ လမ်းတစ်လမ်း၊ ရပ်ကွက်တစ်ခု၊ မြို့တစ်မြို့ မီးလောင်ကျွမ်းသွားရုံနဲ့လည်း အရေးမကြီးသေးပါဘူးလို့ ကျွန်တော် ယူဆပါတယ်။ ဒီလိုပြောလျှင် အံ့သြကြမယ် ထင်ပါတယ်။ တကယ်တော့ ကျွ န်တော်တို့ ကျင့်သုံးနေတဲ့ ဥပဒေ အပေါ်မှာ ပြည် သူလူထုရဲ့ ယုံကြည်မှုကို လျော့ပါးပျော က်ဆုံးနေတာဟာ အလွန်အရေးကြီးလှပါတယ်။ ပြည်သူလူထုရဲ့ ယုံကြည်မှုဟာ တစ်ကြိမ်ပျောက်ဆုံးခဲ့ရင် အကြိမ်ကြိမ်ထပ်ဖန်တလဲလဲ ကြိုးစားအားထုတ်ရပါတယ်။ ကျွန်တော် အဲဒီ ရှုထောင့်ကပဲ တင်ပြလိုပါတယ် ခင်ဗျား။ ဒါနဲ့ ပတ်သက်လို့ ဥပမာ အနည်းငယ် တင် ပြလိုပါတယ်။ ကျွန်တော်တို့ အာဏာကို အများဆုံး ကျင့်သုံးတဲ့ Autocract ဟန်နဲ့ပဲ တည်ဆောက်တည်ဆောက်၊ Democract ဟန်နဲ့ပဲ တည်ဆောက် တည်ဆောက် အရေးအကြီးဆုံးက ပြည်သူလူထုရဲ့ ယုံကြည်မှု၊ ထိုယုံကြည်မှုကို အဖန်တလဲလဲ တည်ဆော က်နိုင်ရင် ရလာမယ့် ကိုးစားမှု ၊ ဒါဟာ အရေးကြီး ဆုံးပဲ ဖြစ်ပါတယ်။ ပထမကမ္ဘာစစ်မှာ ဆုံးရှုံးသွားခဲ့တဲ့ ဂျာမနီနိုင်ငံကို အာဏာ အပြည့်အဝသုံးပြီးတော့ ကျဥ်းထဲကြပ်ထဲက နိုင်ငံ့ဖွံ့ဖြိုးမှုကို လျင်မြန်စွာ ဆောင်ရွက်လာနိုင်တဲ့ ဂျာမနီဟာ -------------

**ဥက္ကဋ္ဌ**။ ။ လိုရင်းကို တင်ပြပါ။

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဟုတ်ကဲ့ပါ။

**ဥက္ကဋ္ဌ**။ ။ ဂျာမနီ ရောက်သွားပြီ။

**ဦးရဲမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)**။ ။ ကျွန်တော်တို့ အစိုးရနဲ့ လူထုကြားမှာ ယုံကြည်မှု၊ ကိုးစားမှုကို တည်ဆောက်နိုင်ခြင်းဟာ ကျွန်တော်တို့ ဖွံ့ဖြိုးရေးကို အခုကာလမှာ ဘယ်လောက်မြန်မြန်နဲ့ ဘယ်လောက်များများ ပမာဏ တည်ဆောက်နိုင်မယ်ဆိုတာဟာ လူထုရဲ့ ယုံကြည်မှုနဲ့ ကိုးစားမှုကို ဘယ်လောက်မြန်မြန်နဲ့ ဘယ်လောက်များများ တည်ဆောက်နိုင်မယ်ဆိုတဲ့ အချက်အပေါ် မူတည်ပါတယ်၊ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ဒီကိစ္စကို သတင်းထောက် အတော်များများဟာ ကျွ န်တော်ဟာ Media လောကနဲ့ နီးစပ်သူ ဖြစ်တာကြောင့် ကျွန်တော် မေးမြန်းခြင်းကို ခံခဲ့ရပြီး ဖြေရှင်းမှုတွေလည်း အတော် များများ သက်သာရာရအောင် ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်လို့ သူ တို့ စုံပြုလေ့လာတာက ဒီပျောက်အိုး ဖောက်တာဟာ အပျော်အပါးကိစ္စလား၊ ကလေးတွေကိစ္စလား ဆိုတဲ့ကိစ္စကို သူတို့ လေ့လာပါတယ်။ အထူးသဖြင့် ရန်ကုန်မြို့ တရုတ်တန်းကို စုံပြုပြီး လေ့လာတဲ့အခါမှာ တရုတ်တွေဟာ သူတို့ရဲ့ ယဥ်ကျေးမှု ဖြစ်သော်လည်း လူတွေကြားမှာ၊ ရပ်ကွက်တွေကြားမှာ၊ လမ်းတွေကြားမှာ စည်းမဲ့ကမ်းမဲ့ ပစ်ဖောက်မှု မရှိပါဘူး။ သူတို့ သာရေးနာရေး ဖြစ်ပွားရာ နေရာမှာပဲ စနစ်တကျ အသုံးပြုပါတယ် ဆိုတော့ ထပ်မံပြီး မေးမြန်းပါတယ်။ ဒါဆိုရင် ဒီပစ္စည်း တွေ ဘယ်လို လွယ်လွယ်ကူကူ ရောက်လာ လဲ ဆိုတော့ လုံခြုံရေးအဆင့်ဆင့်ထားတဲ့ အခြေအနေထဲမှာ လွယ်လွယ်ကူကူ ရောက်နိုင်တာဟာ ဘာကြောင့်လဲဆိုတာ ခင်ဗျားတို့ဘာသာ စဥ်းစားပါလို့ သူတို့ အဖြေပြန်ပေးပါတ ယ်။ ဒါကြောင့် ဆက်စပ်ပြီးတော့ ကျွန်တော့် အနေနဲ့ ကျွန်တော်တို့ရဲ့ ဥပဒေ တည်ဆောက်ထားမှုအပေါ်မှာ ပြည်သူလူထုရဲ့ ယုံကြည်ကိုးစားမှု ရရှိရေးအတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ကြောင်း တင် ပြလိုပါတယ်ခင်ဗျား။ အားလုံးပဲကျေးဇူးတင်ပါတယ်။

## လုပ်ပိုင်ခွင့်ရှိ ဝန်ထမ်းများလာဘ်ပေးလာဘ်ယူမှုနှင့် မလျော်သြဇာကျင့်သုံးမှုများ ဆက်လက်ပြုကျင့်နေဆဲ ရှိပါသဖြင့် ထိုအပြုအမူများ ပျောက်ကွယ်သွားရန် ဆောင်ရွက်မည့် အစီအစဉ် နှင့် စပ်လျဥ်းသည့် မေးခွန်း

**အချိန်၊ ၁၁း၅၂**။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးတင်မောင်ဝင်း က လုပ်ပိုင်ခွင့်ရှိဝန်ထမ်းများ လာဘ်ပေးလာဘ်ယူမှုနှင့် မလျော်သြဇာကျင့်သုံး

မှုများ ဆက်လက်ပြုကျင့်နေဆဲရှိပါသဖြင့် ထိုအပြုအမူများ ပျောက်ကွယ်သွားရန် ဆောင်ရွက်မည့် အစီအစဉ် နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် ယခု မေးမြန်းလိုတဲ့ မေးခွန်းကတော့ စောစော က လွှတ်တော်ဥက္ကဋ္ဌကြီး ဖတ်ကြားသွားတဲ့အတိုင်းပါပဲ။ လုပ်ပိုင်ခွင့်ရှိတဲ့ ဝန်ထမ်းအဖွဲ့အစည်းများက ၊ လုပ်ပိုင်ခွင့်ရှိသူအချို့က လာဘ်ပေးလာဘ်ယူမှုနဲ့ မလျော်ဩဇာ ကျင့်သုံးမှုများကို ဆောင်ရွက်နေတယ်ဆိုတာ ပြည်ထောင်စုသမ္မတအစိုးရသစ် တက်လာပြီးတဲ့နောက်ပိုင်း ဒါကျွန်တော်တို့ အခု တစ်နှစ်ပြည့်တော့မှာ ဖြစ်ပါတယ်။ ဒီနောက်ပိုင်းမှာ သမ္မတသစ် သမ္မတအစိုးရအဖွဲ့အာဏာ စတင်ကျင့်သုံးတဲ့နေ့ကစပြီးတော့ သမ္မတကြီးကိုယ်တိုင် မိန့်ကြားခဲ့တဲ့ ပြည်သူသို့တင်ပြခဲ့တဲ့ စကားတွေရှိပြီးသား ဖြစ်ပါတယ်။ ကျွန်တော် ပြန်လည်တင်ပြနေဖို့ မလိုအပ်ပါဘူး။ ဒီတော့ လာဘ်ပေးလာဘ်ယူမှုတွေဟာ ဘယ်ခေတ်ဘယ်အခါမဆို ဆက်လည်း ရှိနေဦးမှာပါ။ လျော့နည်းရာကနေ ပပျောက်သွား အောင်ကြိုးစားဖို့ဆိုတာလည်း ကျွန်တော်တို့ တော်တော်ကြိုးစားယူရဦးမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီဟာသည် တင်ပြရခြင်းရဲ့ ရည်ရွယ်ချက်က တစ်ခုတည်းပဲ ရှိပါတယ်။ အဲဒါ ဘာလဲဆိုတော့ ပြည်သူတို့၏ လူမှုစီးပွားဘဝမှာ အနှောင့်အယှက် အဟန့်အတားသဖွယ်ဖြစ်နေတဲ့ ဒီအပြုအမူတွေကို ပြည်သူ့ဘက်က ကာကွယ်ရင်းနဲ့ တစ်ချိန်တည်းမှာပဲ ပြည်သူ့အကျိုးကို လက်တွေ့ ဖော်ဆောင်ပေးနေတဲ့ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ၊ အစိုးရအဖွဲ့များကိုလည်းပဲ အထောက်အကူဖြစ်စေရန်အတွက် တင်ပြခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစိုးရများဟာ ပြည်သူ့အကျိုးအတွက် အဖက်ဖက် မှာ ဆောင်ရွက်ပေးနေပေမယ့် အောက်ခြေဝန်ထမ်းများက ပြည်သူ မကြိုက်တဲ့ အလုပ်တွေကို လုပ်နေတာဖြစ်နေတဲ့အတွက် အစိုးရအပေါ်မှာ ယုံကြည်မှု ပျက်ပြားနိုင်စရာနဲ့ ယုံကြည်မှုပျောက်ဆုံးနိုင်စရာ အကြောင်းရှိပါတယ်။ ဒါကြောင့် ဒီရည်ရွယ် ချက်ကြောင့် တင်ပြရခြင်းဖြစ်ပါတယ်။ ဒီမှာ ကျွန်တော်က တင်ပြထားတဲ့ တင်ပြချက်ထဲမှာ ရှင်းလင်းချက်အနေနဲ့ အထူးသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထဲရေး ၊ ပြည်ထောင်စုဝန်ကြီးကို ကျွန်တော်

တင်ပြချင်တာက ကျွန်တော် သာ ဓကပေးထားတဲ့ကိစ္စသည် ရဲတပ်ဖွဲ့က ယာဥ်စည်းကမ်း ထိန်းသိမ်းရေးအတွက် မော်တော်ဆိုင်ကယ်များ ဖမ်းတဲ့ကိစ္စတစ်ခုကို သာဓကအဖြစ်နဲ့ ထည့်သွင်းပြီးတော့ တင်ပြထား ပါတယ်။ ဒါလည်းပဲ ဝန်ကြီးဆီ ရောက်ကောင်း ရောက်နေမယ်လို့ ထင်ပါတယ်။ အဲဒီတော့ ကျွန်တော် ပြည်ထဲရေးဌာနကို ဦးတည်ရည်ရွယ်ခြင်း မဟုတ်ပါဘူး။ ရဲတပ်ဖွဲ့ကိုလည်း ဦးတည်ခြင်း မဟုတ်ပါဘူး။ ကျွန်တော် ဆက်ပြီးတော့ အနည်းင ယ်ရှင်းလင်း တင်ပြပါမယ်။ ယာဥ်စည်းကမ်း ထိန်းသိမ်းဖို့အတွက် ဆိုင်ကယ်တွေကို ဖမ်းတယ်ဆိုရင် ဖမ်းရမှာ ပါပဲ။ ဖမ်းပြီးရင် ဘာလုပ်ရမလဲဆိုတော့ ဦးထုပ်မပါရင် ဦးထုပ်မပါတဲ့ ၊ ဆိုင်ကယ်စီးဦးထုပ် မဆောင်းတဲ့အတွက် ဥပမာဒဏ်ငွေ သုံးသောင်းရိုက်တယ်ဆိုရင် ဒဏ်ငွေသုံးသောင်းရိုက်ရမှာပါပဲ။ နောက်တစ်ခါ ဦးထုပ်တော့ ပါတယ်။ လူက ယာဥ်မောင်းလိုင်စင် မရှိဘူး။ ဆိုင်ကယ်စီးလိုင်စင်ကို မလုပ်ထားဘူး။ လိုင်စင်မပါရင် လိုင်စင်မပါတဲ့အတွက် သူထိုက်တန်တဲ့ ပြစ်ဒဏ်ကို ပေးရမှာပါပဲ။ နောက်ဆုံးမှာတော့ ဆိုင်ကယ်ကလည်း ဒီ လိုင်စင်မဲ့ဆိုင်ကယ် ဖြစ်နေတယ်။ ဒီဆိုင်ကယ်ကိုလည်း သိမ်းရမှာပါပဲ။ နိုင်ငံတော်ပိုင်အနေနဲ့ သိမ်းရမှာပါပဲ။ အဲဒီတော့ ဒီအတိုင်းသွားနေလို့ရှိရင် ဒါဘာမှ ပြဿနာမရှိပါဘူး။ သို့သော် ပိုက်ဆံပေးပြီးတော့ လူ့အပြစ်လဲ လွတ်၊ လိုင်စင်မရှိတဲ့ ဆိုင်ကယ် ကို လည်း ပြန်ယူသွားပြီးတော့ ဒီလိုလုပ်တဲ့ ဖြစ်ရပ်တွေဟာ အမှန်တကယ်လည်း ရှိနေပါတယ်။ နောက်တစ်ခုက ကျွန်တော် ဆက်ပြီးတင်ပြရမယ်ဆိုရင် အခြားဌာနတွေ မှာလည်း တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ ဒီအတိုင်းပဲ ရှိနေပါတယ်။ ဒါအသေးစိတ်ကို တော့ ကျွန်တော် တင်ပြမှာ မဟုတ် ပါဘူး။ ဥပမာ အိမ်ခြံမြေ အရောင်းအဝယ်လုပ်တဲ့နေရာတွေမှာ စာချုပ်တွေချုပ်ပါတယ်။ အဲဒီတော့ ပဏာမစာချုပ်ကို ချုပ်တယ်ဆိုရင် ဘယ်မှာချုပ်သလဲဆိုရင် မြို့နယ်မြေစာရင်းဌာနမှာ ချုပ်ပါတယ်။ အဲဒါ သူက ဥပမာ အိမ်ခြံမြေဈေးကွက်ကောင်းတဲ့ ကျွန်တော်တို့လို ပြင်ဦးလွင်မြို့နယ်ဆိုရင် ဒါ သူတန်တဲ့တန်ကြေးက တကယ်အရောင်းအဝယ်ဖြစ်တဲ့ တန်ကြေးက သိန်းပေါင်း(၃၀၀၀)၊ (၅၀၀၀)၊ (၁၀၀၀၀)၊ (၁၅၀၀၀)အထိကို အဲဒီလို ဖြစ်တယ်ဆိုရင် သူက စာချုပ်ပေးတာက ရာဂဏန်းနဲ့ချုပ် ပေးတယ်။ (၁၂၀)တို့ (၁၅၀)တို့ အဲ ဒီလို ချုပ်ပေးဖို့အတွက် ဒါကတော့ ဝယ်ယူသူ ဘက်ကလည်း အခွန်ကို ရှောင်တိမ်းချင်တာပါပါတယ်။ အဲဒီတော့ အဲဒီလိုလျှော့ပြီးတော့ တန်ဖိုး လျှော့ပြီး စာချုပ်ချုပ် ပေးဖို့အတွက် အဲဒီနေရာမှာ ပိုက်ဆံတချို့ ပေးရပါတယ်။ နောက်အလားတူ ဒီစာ ချုပ် ကိုပဲ ပူးပေါင်းစိစစ်ရေးအဖွဲ့က ယူသွားပြီးတော့ တစ်ခါ နောက်ဆုံးအဆုံးသတ်တာတော့ အခွန်ဦးစီး ဌာန ရောက်သွားပါတယ်။ အခွန်ဦးစီးဌာန ရောက်တော့လည်း တကယ် သိန်း ထောင်ဂဏန်း ၊

သောင်းဂဏန်းနဲ့ ချီရောင်းဝယ်တဲ့ဟာက (၁၅၀)(၂၀၀)(၃၀၀)ပေါ့။ သူ့ဆီရောက်ရင် နည်းနည်း တိုးသွားတာပေါ့။ အဲဒီတော့ ဒီလိုမျိုးနဲ့ ဒါတွေဟာ မသမာမှုပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒါပေမဲ့ ဒါတွေကိုဖော်ထုတ်ဖို့ ဆိုတာကျတော့ သက်သေအထောက်အထား ရဖို့ဆိုတာ မလွယ်ကူတဲ့ အနေအထားမျိုးပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဘေးလူက မြင်နေတယ်၊ ကြားနေတယ်။ သိနေတယ်။ သူက ကင်မရာနဲ့ ဓာတ်ပုံရိုက်မထားဘူး ။ အသံဖမ်းစက်နဲ့ အသံဖမ်းမထားဘူး။ ဒါကြောင့် ဘာအထောက်အထားမှ မကျန်ခဲ့ပါဘူး။ အဲဒီတော့ အပြစ်ရှိသူကတော့ ယူတဲ့သူလည်း အပြစ်ရှိသလို၊ ပေးတဲ့သူ လည်းပဲ အပြစ်ရှိပါတယ်။ ပေးတဲ့သူ ဆိုတာက ပြည်သူထဲက အခွန် တိမ်းရှောင်ချင်တဲ့သူ ဖြစ်ပါတယ်။ ဒါကြော င့် ဒီကိစ္စက ကိုင်တွယ်ရ အရမ်းပဲ ခက်ပါတယ်။ နောက်အလားတူပဲ မြို့နယ်တွေမှာ စည်ပင်သာယာလု ပ်ငန်းတွေနဲ့ ပတ်သက်လို့ရှိရင်လည်း သားသတ်လိုင်စင်တွေ ရောင်းတာကစလို့ သားသတ်လိုင်စင်ကို တစ်နိုင်ငံလုံးမှာ ဖြန့်ကျက်ပြီးတော့ လေလံဆွဲဝယ်နေတဲ့သူတွေရှိပါတယ်၊ အဲဒီတော့ အဲဒီလူတွေက ပြိုင်ဘက် ပေါ်လာလို့ဆိုရင် သူတို့အချင်းချင်း ပြိုင်ဘက်ကို ဖြုတ်ပစ်နိုင်လောက်အောင် နည်း လမ်းမျိုးစုံနဲ့ ဆောင်ရွက်ကြတာ မျိုးတွေလည်းရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဒီမကောင်းတဲ့ လုပ်ရပ်တွေ၊ မကောင်းတဲ့ ကိစ္စတွေဟာ ဌာနပေါင်းစုံပါပဲ။ အောက်ခြေမှာတော့ ရှိနေတုန်းပဲ ဖြစ်ပါတယ်။ ရှိရင် ခုနက ပြောသလို ပြည်သူတွေခံစားရတဲ့ ခံစားချက်၊ ပြည်သူ့ဒုက္ခ အဲဒါကိုလည်း ကာကွယ်ရင်းနဲ့ အဘက်ဘက်က စီးပွားရေး၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင် ရွက်ပေးနေတဲ့ အစိုးရအဖွဲ့များကိုလည်း ထိခိုက်စေတဲ့ အနေအထားကို ရောက်ရှိနေပါတယ်။ ဒါကို ကာကွယ်ဖို့ အတွက်ဆိုလို့ရှိရင် ကျွန်တော် နိဂုံးချုပ်အနေနဲ့ တင်ပြမေးမြန်းချင်တာကတော့ ဒီတစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ အဂတိလိုက်စားမှုနဲ့ လာဘ်ပေးလာဘ်ယူမှု တိုက်ဖျက်ရေး အတွက် အစိုးရက သီးခြားကော်မရှင် တစ်ရပ်ဖွဲ့ပြီးတော့ ဆောင်ရွက်နေခြင်း ရှိ/မရှိ ဆိုတာ သိလိုပါတယ်။ Commission Against Corruption ပေါ့။ အဲဒီလိုဟာမျိုးကို ဖွဲ့စည်းထားခြင်းမျိုး ရှိတော့ရှိပါလိမ့်မယ်။ ဒါ ပြည်ထဲရေး ဝန်ကြီးဌာနကသာ အခြားဌာနများနဲ့ ဦးဆောင်ပြီးတော့ ဆောင်ရွက်ရမယ့် ကိစ္စမျိုးဖြစ်မယ်လို့ မျှော်မှန်းမိပါတယ်။ ဒုတိယအချက်ကတော့ အောက်ခြေ ၊ နိုင်ငံရဲ့ဖွဲ့စည်းမှုအခြေခံ မြို့နယ်ဖြစ်ပါတယ်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ဒါပါပဲ။ အဲဒီတော့ ဒီမြို့နယ် အတွင်းမှာ ဖြစ်ပေါ်နေတဲ့ ခုနလို မလျော်တဲ့ကိစ္စ ရပ်တွေကို လက်တွေ့ကျကျ လျော့နည်းကျဆင်း သွားအောင်၊ လုံးဝကင်းရှင်း သွားအောင်လို့တောင် မဆိုရဲပါဘူး။ လက်တွေ့ကျကျ သိသိသာသာ

လျော့နည်းကျဆင်းသွားအောင် ခုနလို သက်သေ ကလည်းမရှိ။ အထောက်အထားကလည်း မရှိဆိုတော့ ဒါတွေကို စုံစမ်းစစ်ဆေးပေးနိုင်တဲ့ နည်းလမ်းတွေတော့ရှိတော့ ရှိပါလိမ့်မယ်။ အဲဒီတော့ ဘယ်လို ဆောင်ရွက်ပေးနိုင်မလဲ။ လက်တွေ့ ကျကျ လျော့နည်းကျဆင်းသွားအောင် မည်သို့များ ဆောင်ရွက်ပေးနိုင်ပါမလဲဆိုတဲ့ မေးခွန်းနှစ်ခုကို မေးမြန်းတင် ပြလိုခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ကို မူးယစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမြအုန်း က ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ကို မူးယစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဦးမြအုန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြအုန်း ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ဖားကန့်မြို့နယ်ကို မူးယစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်း တဲ့ မေးခွန်းတစ်ခု မေးမြန်းလိုပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်အတွင်းမှာရှိတဲ့ လုံးခင်းကျေးရွာအုပ်စုမှာ ဆိုင်းတောင်ရွာသစ်ဆိုတဲ့ ရွာရဲ့ အနောက်ဖက် မော်ဝမ်းရပ်ကွက်မှာ ဆိုလို့ရှိရင် မော်ဝမ်း သင်္ချိုင်းကုန်းနဲ့ ရေအေးချောင်းအထက် ပိုင်း၊ မရှီကထောင်ရပ်ကွက်မှာဆိုရင် ရေအေးချောင်းလျှို ကြား၊ အေးမြသာယာ ရပ်ကွက်မှာ ဆိုလို့ရှိရင် မော်ဝမ်းလျှံပါးဂုံးထိပ် ပတ်ဝန်းကျင်နှင့် ဘာလီချော င်အထက်ပိုင်း အဆိုပါဒေသဟာ တစ်ရက်တည်းနဲ့ မူးယစ်ဆေးဝါးရောင်းရငွေဟာ သိန်း (၃၀၀)ခန့် ရှိပါတယ်။ ဆက်လက်ပြီး ဆိပ်မူကျေးရွာအုပ်စုမှာ မော်တောင်း - မော်ဂလုံ သွားလမ်း၊ နောက် မော်လျှံ - ရေကြည်သွားလမ်း

အထက်ဘက်မှာရှိတဲ့ တော အုပ်ကြား၊ ဟောင်ပါးကျေးရွာအုပ်စု မှာဆိုရင် ဆယ်ဇင်း ကျေးရွာ အစရှိတဲ့ နေရာအသီးသီးမှာ မူးယစ်ဆေးဝါး များဖြစ်တဲ့ ဘိန်းမဲ၊ ဘိန်းဖြူ၊ စိတ်ကြွဆေးပြားများကို တရားဝင်သဖွယ် ရောင်းချနေကြပါတယ်။ တာဝန်ရှိသူများမှလည်း မသိကျိုးကျွံပြုနေကြပါတယ်။ အနာဂတ်ရဲ့ နိုင်ငံ့သားကော င်းရတနာများဖြစ်တဲ့ ကျောင်းသား လူငယ်များအတွက် ရင်လေးဖွယ် ဖြစ်နေရပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား၊၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံအား မူးယစ်ကင်းစင်သော နယ်မြေအဖြစ်၊ နိုင်ငံအဖြစ် တည်ဆောက်သွားရန် နိုင်ငံတော်မှ ဆောင်ရွက် နေပြီး ဒီကာလမတိုင်မီ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ကို မူးယစ်ကင်းစင်ပပျောက်နယ်မြေအဖြစ် သတ်မှတ်ပေးပါရန် အစီအစဉ် ရှိ/မရှိ နှင့် ရှိပါက မည်သို့ ဆောင်ရွက်ပေးမည်ကို ဖြေကြားပေးနိုင် ပါရန် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိ ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၂း၀၄။**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာအပေါင်း နဲ့ ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဖြစ်ပါတယ်။ ယခု ကိုယ်စားလှယ်တော်ကြီးများ မေးသွားတဲ့ မေးခွန်းများနဲ့ပတ်သက်ပြီးတော့ ဖြေဆိုသွားမှာ ဖြစ်ပါ တယ်။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့် မေးမြန်းထားတဲ့ ပေါက်ကွဲစေတ တ်တဲ့ ဗျော က်အိုး၊ ယမ်း၊ မီးရှူး၊ မီးပန်း ကိစ္စများနှင့် ပတ်သက်ပြီးတော့ စတင်ဖြေကြားပါမယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြန်မာ့ရိုးရာ ပွဲလမ်းသဘင်တွေ၊ တိုင်းရင်းသားရိုးရာဓလေ့ ပျော်ပွဲရွှင်ပွဲတွေ၊ အထိမ်းအမှတ်တွေမှာ ဒေသန္တရလုပ်တဲ့ မီးရှူး၊ မီးပန်း၊ ဗျောက်အိုးတွေနဲ့ ပြုလုပ်ပြီးတော့မှ အများပြည်သူ စိတ်ပျော်ရွှင်ချမ်းမြေ့ဖို့ ဖြူပင်ကစားခဲ့ကြတာတွေဟာ ရိုးရာဓလေ့

အရ ခွင့်ပြုထားခဲ့တာတွေ ရှိပါတယ်။ ဒါပေမဲ့လို့ ဒီပျော်ပွဲရွှ င်ပွဲတွေကို အကြောင်းပြုပြီးတော့မှ စီးပွားရေးသမားတွေဟာ မီးရှူး၊ မီးပန်း၊ ဗျောက်အိုးတွေကို ပြည်ပကနေ သယ်ယူသိုလှောင် ရောင်းဝယ်ကြသလို မြေပေါ်မြေအောက် အဖျက်သမားတွေကလည်း အဖျက်အမှောင့်လုပ်ငန်း အလို့ငှာ ဖောက်ခွဲဖျက်ဆီးဖို့အတွက် ယမ်းမှုန့်တွေ၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းတွေ သယ်ဆောင် တာတွေ ရှိခဲ့တဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ရှိတဲ့ မြို့နယ်တွေမှာ ဒေသန္တရအမိန့်တွေ တရားဝင်ထုတ်ပြန်တဲ့အပြင် ဆယ့်နှစ်လရာသီ ပျော်ပွဲရွှင်ပွဲ တွေဖြစ်တဲ့ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွေမှာ အများပြည်သူ အထိတ်တလန့် မဖြစ်စေရေး၊ မြေပေါ်မြေအောက် အဖျက်သမားတွေ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်နိုင်သည်တို့ကို ဗျောက်အိုး၊ ယမ်း၊ မီးရှူး၊ မီးပန်း သိုလှောင်ဖြန့်ဖြူးရောင်းချသူတွေကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်တွေက အများ ပြည်သူသိအောင် ထုတ်ပြန်ကြေညာမှုတွေ၊ နေ့စဉ်သတင်းစာတွေ၊ ရေဒီယို၊ ရုပ်မြင်သံကြား ကတစ်ဆင့် သတင်းပေးအမိန့်တွေ၊ တားမြစ်အမိန့်တွေ ကြော်ငြာခဲ့တာတွေ ရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒီလို အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်ခဲ့သလို အရေးယူအပြစ်ပေး ဆောင်ရွက်မှုတွေကိုလည်း လုပ် ဆောင်လျက်ရှိပါတယ်။ အမိန့်မလိုက်နာသူတွေကိုတော့ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ အရ ပြစ်ဒဏ်(၆)လအထိလည်းကောင်း၊ ဥပဒေ ပုဒ်မ ၂၈၅/၂၈၆ ဖြင့် ပြစ်ဒဏ် (၇)နှစ်အထိ လည်းကောင်း၊ ၁၉၀၈ ခုနှစ်၊ ပေါက်ကွဲစေတတ်သော အရာများ အက်ဥပဒေ ပုဒ်မ ၃ ဖြင့် ပြစ်ဒဏ် (၁၀)နှစ်အထိလည်းကောင်း အရေးယူဆောင်ရွက်ခဲ့တာတွေ ရှိပါတယ်။ ကျွန်တော်တို့၂၀၁၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ကနေပြီးတော့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးတွေမှာ ယခုကဲ့သို့ အမှုပေါင်း (၆၇)မှုမှ တရားခံပေါင်း (၇၄)ဦးကို အရေးယူခဲ့ ပါတယ်။ ဒီလို အရေးယူခဲ့တဲ့နေရာမှာ ဗျောက်အိုးပေါင်း (၉၃၁၇၂)ခု၊ ယမ်းထုပ်ပေါင်း (၆၇၇)ထုပ်၊ မီးရှူး၊ မီးပန်းပေါင်း (၄၃၁၂၄)ခု စုစုပေါင်း ကျပ်သန်းပေါင်း (၅.၂)သန်းကျော် ဖမ်းဆီးသိမ်းဆည်း အရေးယူခဲ့တာတွေ ရှိပါတယ်။ ဒီလို ဒေသဆိုင်ရာ အာဏာပိုင်တွေက အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်တားမြစ်ခဲ့ပေမဲ့ မလိုက်နာသူတွေက ဗျော က်အိုး၊ မီးရှူး၊ မီးပန်းတွေ ထုတ်လုပ်ရောင်းချ တာတွေ၊ ပစ်လွှတ်တာတွေ၊ ပစ်ပေါက်တာတွေ ပြု လုပ်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူလျက်ရှိတဲ့အပြင် နယ်စပ်ဒေသ ဂိတ်တွေမှာလည်း အဖျက်အမှောင့်လုပ်ငန်း ပြုလုပ်နိုင်တဲ့ ဗုံး၊ ပေါက်ကွဲပစ္စည်းတွေ အပါအဝင် ပြည်သူတွေကို အထိတ်တလန့်ဖြစ်စေမယ့် ဗျောက်အိုး၊ ယမ်း၊

မီးရှူး၊ မီးပန်း စတဲ့ တရားမဝင် သယ်ဆောင်လာမှုတွေကို စနစ်တကျ ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက် ရှိပါတယ်။ ဒါ့အပြင် ယခုလိုကိစ္စရပ်တွေနဲ့ ပတ်သက်ပြီးတော့လည်း တာဝန်သိပြည်သူတွေရဲ့ အကူအညီတွေ အများကြီးလိုပါတယ်။ တာဝန်သိပြည်သူတွေက သတင်းပေးပူးပေါင်း ဆောင်ရွက် မယ်ဆိုလို့ရှိရင် ယခုကိစ္စများကို ပိုမိုပြီးတော့ ထိရော က်စွာ ဖြေရှင်းအရေးယူဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ရဲ့ မေးခွန်းအား ဆက်လက်ဖြေကြား သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရက ဌာနဆိုင်ရာဝန်ထမ်းတွေရဲ့ အကျင့် ဖောက်လွဲ ဖောက်ပြန်မှုတွေ၊ မသမာမှုတွေ၊ အဂတိလိုက်စားမှုတွေ ကင်းစင်ပပျောက်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိပြီးတော့ ကျူးလွန်တဲ့ ဝန်ထမ်းတွေကိုလည်း ပြ စ်မှုကြောင်းအရ လည်းကောင်း၊ ဌာနဆိုင်ရာအရလည်းကောင်း ထိရောက်စွာ အရေးယူလျက်ရှိပါတယ်။ ဝန်းထမ်း မသမာမှုတွေ၊ အဂတိလိုက်စားမှုတွေနဲ့ သက်ဆိုင်တဲ့ တိုင်စာတွေကိုလည်း နိုင်ငံတော်အဆင့်အနေနဲ့ အလေးထားပြီးတော့ လက်ခံစိစစ်ဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူဆောင်ရွက်ရန် ညွှန်ကြား ထားလျက်လည်းရှိပါတယ်။ ဝန်ထမ်းတွေ အကျင့်ဖောက်လွဲဖောက်ပြန်မှုနဲ့ အဂတိလိုက်စားမှုတွေ ကျူးလွန် ပေါ်ပေါက်ပါက တိုင်ကြားဆက်သွယ်ရန်လည်း ဝန်ကြီးဌာနအလိုက် အများပြည်သူတွေ သိအောင် တယ်လီဖုန်းလမ်းညွှန်မှုတွေနဲ့အတူ ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဥပဒေအနေနဲ့ ၁၈၆၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ဥပဒေ အခန်း (၉)မှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၆၁ မှာဆိုလို့ရှိရင် ပြည်သူ့ဝန်ထမ်းက ရာထူးဆိုင်ရာ ပြုလုပ်မှုတစ်ခုခုအတွက် ဥပဒေ နှင့်ညီသော အခကြေးငွေမှတစ်ပါး အခြားလာဘ်လာဘတံစိုးတွေကို ယူတဲ့ပြစ်မှု၊ ပြစ်ဒဏ်တွေကို လည်းကောင်း၊ ပုဒ်မ၁၆၂ မှာဆိုလို့ရှိရင် ပြည်သူ့ဝန်ထမ်းကို တရားမဲ့သော သို့တည်းမဟုတ် ဥပဒေ နှင့်မညီသောနည်းဖြင့် သွေးဆောင်ရန် တံစိုးယူခြင်းအတွက် ပြစ်မှု၊ ပြစ်ဒဏ်တွေကိုလည်းကောင်း၊ ပုဒ်မ ၁၆၃ မှာဆိုလို့ရှိရင် ပြည်သူ့ဝန်ထမ်းအပေါ်မှာ သြဇာတက္ကမ ရှိသူက သွေးဆောင်ပြီး တော့ လာဘ်လာဘတံစိုးယူခြင်းအတွက် ပြစ်မှု၊ ပြစ်ဒဏ်ကိုလည်းကောင်း၊ ပုဒ်မ ၁၆၄ မှာဆိုရင် ပုဒ်မ ၁၆၂ နဲ့ ၁၆၃ များမှာ ဖော်ပြထားတဲ့ ပြစ်မှုတွေကို ကျူးလွန်ရာမှာ ပြည်သူ့ဝန်ထမ်းက အားပေးကူညီ တဲ့အတွက် ပြစ်ဒဏ်ကိုလည်းကောင်း၊ ပုဒ်မ ၁၆၅ မှာဆိုလို့ရှိရင် ပြည်သူ့ဝန်ထမ်းဟာ မိမိ ဆောင်ရွက်တဲ့ မှုခင်းကိစ္စနဲ့ သို့တည်းမဟုတ် ဂုဏ်လုပ်ငန်းနှင့် သက်ဆိုင်တဲ့သူထံက အဖိုးစားနား

မပေးဘဲနဲ့ အဖိုးတန်ပစ္စည်း တန်ရာတန်ကြေး အဖိုးစားနားမပေးဘဲ လက်ခံရယူခြင်းတွေအတွက် ပြစ်မှု ပြစ်ဒဏ်တွေကိုလည်းကောင်း ဖော်ပြပြီးတော့ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူပဲ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေ ပုဒ်မ ၃ မှာ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၆၁၊ ၁၆၂၊ ၁၆၃၊ ၁၆၄ တို့နဲ့ ဖော်ပြထားတဲ့ ရည်ရွယ်ချက်၊ အကျိုးမျှော်လင့်ချက်တို့နဲ့ လာဘ်လာဘရယူခြင်းအပေါ်မှာ အခြေပြုပြီးတော့မှ ပြည်သူ့ဝန်ထမ်းက ဥပဒေနှင့်အညီ ရယူခံစားထိုက်တဲ့ အခကြေးငွေမှတစ်ပါး အခြားလာဘ်လာဘယူခြင်း၊ လက်ခံရယူရန်သဘောတူခြင်း၊ လက်ခံရယူရန် အားထုတ်ခြင်းပြုပါက ပြစ်မှုမြောက်ကြောင်း၊ အဖိုးတန်ပစ္စည်းများ တန်ရာတန်ကြေး အဖိုးစားနားမပေးဘဲနဲ့ လ က်ခံရယူပါက ပြစ်မှုမြောက်ကြောင်း ဖော်ပြပြီးတော့ ဒါအရေးယူဆောင်ရွက်မှုတွေကိုလည်း ပြဋ္ဌာန်း ထားရှိပြီးဖြစ်ပါတယ်။ ထို့အတူပဲ ပြည်ထောင်စုမြန်မာနိုင်ငံ အစိုးရအဖွဲ့ရဲ့ ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ်၊ ၁၃/၂၀၀၇ ဖြင့် အဂတိလိုက်စားမှုများ အပါအဝင် ပြစ်မှုကြီး (၁၀)မျိုးအား ၂၀၀၂ ခုနှစ်၊ တရားမဝင်သောနည်းလမ်းဖြင့် ရတဲ့ငွေကြေးဖြင့် ငွေကြေးနဲ့ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ်(၁၀)အရ လုပ်ပိုင်ခွင့်တွေကို ကျင့် သုံးပြီးတော့မှ အဂတိလိုက်စားမှုပါ ပြစ်မှုများ အားတရားမဝင်သော ငွေကြေးနှင့်ပစ္စည်းများကို တရားဝင်စေရန်ပြုလုပ်တဲ့ ပြစ်မှုများအဖြစ် သတ်မှတ် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မူရင်းဥပဒေတွေဖြစ်တဲ့ ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေနဲ့ ပြစ်မှုဆိုင်ရာ အခန်း(၉)မှာ ဖော်ပြထားတဲ့ ပြည်သူ့ဝန်ထမ်းတို့က ကျူးလွန်သော သို့တည်းမဟုတ် ပြည်သူ့ဝန်ထမ်းတို့နှင့် သက်ဆိုင်သည့် ပြစ်မှုတွေကို အဆိုပါ တရားမဝင်သောနည်းလမ်းဖြင့်ရထဲ့ငွကြေးနဲ့ ပစ္စည်းထိန်းချုပ်ရေး ဥပဒေမှာပါဝင်တဲ့အတွက်လည်း ဆက်လက်အရေးယူဆောင်ရွက်သွားနိုင်ကြောင်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၀၅ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ကစတင်ပြီးတော့မှ ကုလသမဂ္ဂ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်း (The United Nations Convention of Against Corruption )ကို သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့ မျက်မှောက်ကာလမှာ အဂတိလိုက်စား အကျင့်ပျက်မှုတွေဟာ မြန်မာနိုင်ငံမှာသာမက နိုင်ငံတကာမှာလည်းဖြစ်ပေါ်နေပြီးတော့ ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာ အစိုး ရပိုင်းသာမက ပုဂ္ဂလိက အပိုင်းတွေမှာ ပါဝင်နေတာကို သိရှိရပါတယ်။ နိုင်ငံတော်အုပ်ချုပ်ရေးကဏ္ဍမှာ ဝန်ကြီးဌာနအလိုက် စီမံခန့်ခွဲရေးကော်မတီတွေကို ဖွဲ့ စည်းထားပြီးတော့မှ ဝန်ထမ်းတွေရွေးချယ်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပညာသင်စေလွှတ်ခြင်း အပါအဝင် အရေး

ယူရမယ့်ကိစ္စရပ်တွေကို စုံစမ်းစစ်ဆေးရေးခုံရုံးအဖွဲ့ ဖွဲ့စည်းပြီးတော့မှ ဒီဥပဒေတွေကို လိုက်နာအရေးယူဆောင်ရွက် နေတာလည်း ရှိပါတယ်။ ဥပဒေအာဏာ သက်ရောက်အောင်ပြု လုပ်ခြင်း၊ လွတ်လပ်တဲ့ စုံစမ်းမှုတွေနဲ့စစ်ဆေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ထိန်းချုပ်ကြီးကြပ်မှု နည်းလမ်းများချမှတ်ခြင်း၊ ပွင့်လင်းပြီးတော့ ထင်သာမြင်သာရှိတဲ့ ယန္တရားစနစ် ထားရှိခြင်း၊ အစိုးရဝန်ထမ်းတွေရဲ့ ကျွမ်းကျင်မှု၊ ရိုးသားမှုတွေကို အသိအမှတ်ပြုပြီးတော့မှ ချီးမြှင့်မြှောက်စားမှု တွေဟာ မသမာမှု၊ အကျင့်ပျက်မှုတွေကို တား ဆီးကာကွယ်ရေးအတွက် ယန္တရားလည်း ဖြစ်ပါတယ်။ ဝန်ထမ်းတွေ လာဘ်ပေးလာဘ်ယူ ကင်းရှင်းရေး၊ အဂတိလိုက်စားမှုကင်းရှင်းရေးအတွက် ဝန်ထမ်းများ သက်သာချောင်ချိရေးကိုလည်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝန်ထမ်း အသီးသီးရပိုင်ခွင့်၊ ခံစားပိုင်ခွင့်နဲ့ ဝန်ထမ်းများ အငြိမ်းစားယူတဲ့အချိန်အထိ ကြပ်တည်းမှု လျော့ပါးရေးအတွက် သက်သာချောင်ချိရေးလုပ်ငန်းတွေကို ရုံးဦးစီးဌာနအ လိုက်၊ တပ်ဖွဲ့အလိုက် သက်ဆိုင်ရာ ဝန်ထမ်းဌာနအသီးသီးက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝန်ထမ်းတွေရဲ့သားသမီး ပညာရေး၊ မိသားစုများရဲ့ ကျန်းမာရေး၊ လူမှုရေးသက်သာချောင်ချိရေး ကိစ္စရပ်တွေကိုလည်း ဖြေရှင်း ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ပြည်သူ တွေက မှန်မှန်ကန်ကန် နစ်နာတင်ပြ တိုင်ကြားမှုတွေကိုလည်း ပြည်သူထံကို သတင်းချပြပြီးတော့မှ အသိပေးဖိတ်ခေါ်လျက်ရှိတဲ့အတွက် ပြည်သူတွေအနေနဲ့ ကိုယ်ကျိုးစီးပွားတစ်ခုကိုသာမက ဝန်ထမ်းတွေ လာဘ်ပေးလာဘ်ယူမှု၊ အဂတိ လိုက်စားမှု အပေါ်တင်ပြခြင်း၊ လွတ်လပ်မှုနှင့် တာဝန်သိမှု၊ လွတ်လပ်မှုနှင့် စည်းကမ်းရှိမှုတွေကို မှန်မှန်ကန်ကန်ကျင့်သုံးလိုက်နာဆောင်ရွက်သွားကြမယ်ဆိုလို့ရှိရင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၊ ဒီမိုကရေစီထွန်းကားတဲ့ လူ့အဖွဲ့အစည်း ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ အစိုးရသစ်ရဲ့အသွင်သဏ္ဌာန်နှင့် အနှစ်သာရပြောင်းလဲသလို ပြည်သူတွေရဲ့ တည်ဆဲဥပဒေ အပေါ်မှာ တိကျစွာ လိုက်နာပေးပြီးတော့မှ လာဘ်ပေးလာဘ်ယူ ပပျောက်ရေးကိစ္စရပ်တွေကိုလည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြဖို့အထူးပဲလိုအပ်ပါတယ်။ ကျွန်တော်တို့ လက်ရှိ မြန်မာနိုင်ငံမှာတော့ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဖွဲ့စည်းထားတာမရှိ သော်လည်း ယခုကဲ့သို့ ကိစ္စရပ် တွေကို အရေးယူဆောင်ရွက်လို့ရတဲ့ ဒီလူ့အခွင့်အရေးကော်မရှင်အားလည်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ တတိယမေးခွန်းဖြစ်တဲ့ ကချင်ပြည်နယ် မဲဆန္ဒ နယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြအုန်း ရဲ့ မေးခွန်းအား ကျွန်တော် ဆက်လက်ပြီးတော့ ဖြေကြားပါမယ်ခင်ဗျား။ မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးနှင့် စိတ် ကိုပြောင်းလဲစေတတ်သော

ဆေးဝါးများအန္တရာယ်ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ပြီးတော့မှ ဘက်ပေါင်း စုံကနေ တိုက်ဖျက်ချေမှုန်းလျက်ရှိပါတယ်။ မြန်မာနိုင်ငံ မူးယစ်ဗဟိုအဖွဲ့ကိုလည်း ၁၉၇၆ ခုနှစ်က စတင်ဖွဲ့စည်းပြီးတော့မှ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မူးယစ်ဆေးဝါးအန္တရာယ်တားဆီး ကာကွယ်ရေးလုပ်ငန်းတွေကို မဟာဗျူဟာ (၂)ရပ်၊ နည်း ဗျူဟာ(၃)ရပ်၊ နည်းနာနိဿယ (၃) ရပ်ချမှတ်ပြီးတော့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်၊၂၀၀၀ ပြည့်နှစ်ကနေပြီးတော့မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ စီမံချက်တွေရေးဆွဲပြီးတော့မှ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ကချင်ပြည်နယ် အတွင်းမှာလည်း မူးယစ်ဆေးဝါးတားဆီးနှိမ် နင်းရေးလုပ်ငန်းတွေကို ဆောင်ရွက် လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက်လည်း မြန်မာနိုင်ငံရဲ တပ်ဖွဲ့၊ မြစ်ကြီးနားမူးယစ်အထူး အဖွဲ့နဲ့ ဗန်းမော်မူးယစ်အထူးအဖွဲ့ဆိုပြီးတော့ အဖွဲ့ကြီး(၂)ဖွဲ့ ဖွဲ့ပြီးဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းတို့ရဲ့လက်အောက်မှာ ဖားကန့်မြို့နယ်အတွင်းမှာတော့ ဆိပ်မူမူးယစ်အဖွဲ့၊ မော်ဝမ်း မူးယစ်အဖွဲ့နဲ့ တာမခံမူးယစ်အဖွဲ့ဆိုပြီးတော့မှ အဖွဲ့ငယ်တွေ ဖွဲ့ပြီးမှ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး လုပ်ငန်းတွေကိုလုပ်နေပါတယ်။ နောက် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်အတွင်းမှာ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် တားဆီးနှိမ် နင်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေ သလို မူးယစ်ဆေးဝါး သုံး စွဲသူတွေကိုလည်း မူးယစ်ဆေးဝါးအန္တရာယ် လျှော့ချရေးလုပ်ငန်းတွေမှာ INGO အဖွဲ့တွေဖြစ် တဲ့ AZG၊ PSI၊ HAARP၊ AHRN စတဲ့ အဖွဲ့အစည်းတွေဟာ မူးယစ်ဆေးဝါးနဲ့ ပတ်သက်တဲ့ ဟောပြောမှုတွေ၊ မူးယစ်ဆေးဝါးနဲ့ဆက်နွယ်နေတဲ့ရောဂါတွေ ကုသဆောင်ရွက်မှုတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်လျက်ရှိတဲ့နေရာမှာ ဖားကန့်မြို့နယ်အတွင်း မှာရှိတဲ့ ဆိုင်းတောင်၊ မရှီကထောင်၊ လုံးခင်း၊ တာမခံ၊ ဟောင်းပါး၊ ဆယ်ဇင်း ဒေသတွေမှာလည်း ဒီမူးယစ်ဆေးဝါးကင်းစင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် တားဆီး နှိမ်နင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တဲ့အပြင် မူးယစ်ဆေးဝါးသုံးစွဲသူတွေကို ကယ်တင်ခြင်း၊ စောင့်ရှောက်ခြင်း၊ လူကောင်းဘဝကို ပြန်လည်ရောက်ရှိစေရေးအတွက် ကူညီထောက်ပံ့ရေးတွေကို လည်းပြည်တွင်းမှာရှိတဲ့အစိုးရ မဟုတ်တဲ့ NGO အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ INGO အဖွဲ့အစည်းတွေအပြင် ကုလသမ ဂ္ဂ မူးယစ်ဆေးဝါးနဲ့ ပြစ်မှုဆိုင်ရာခုံရုံး (UNODC) တို့နဲ့ ပူးပေါင်းပြီးတော့မှ မူးယစ်ဆေး ဝါးအန္တရာယ် လျှော့ချရေးလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ကချင်ပြည်နယ် ဖားကန့်မြို့ဟာ ကျောက်စိမ်းနဲ့ ဒီရွှေသတ္တုတွေပါ တူးဖော်တဲ့ဒေသဖြစ်ပါတယ်။

အဲဒီဒေသတွေမှာရှိတဲ့ ကျောက်စိ မ်းနဲ့ ရွှေမှော်တွေမှာ အလုပ်အကိုင်ပေါများ ခြင်း၊ ငွေရလွယ်ကူခြင်းတို့ကြောင့် နေရာအသီးသီးက လာရောက်လုပ်ကိုင်နေထိုင်သူတွေဟာ လူဦးရေထူထပ်များပြားတဲ့ ဒေသလည်းဖြစ်ပါတယ်။ ကျောက်စိမ်းတူးဖော်ရေးမှော်တွေ၊ ဒီရွှေမှော်တွေဟာ တိုးလာတာနဲ့အမျှ မူးယစ်ဆေး ဝါးသုံးစွဲသူတွေဟာ တိုး ပွားလာတာတွေ့ရပါတယ်။ ဒီဒေသမှာ အလုပ်လုပ်ကိုင်လျက်ရှိတဲ့ အလုပ်သမားတွေဟာ မူးယစ်ဆေး ဝါးကို သုံးစွဲလို့ရှိရင် နေ့မနား ညမနား အလုပ်လုပ်နိုင်ပြီးတော့မှ ပင်ပန်းဒဏ်ကို ခံနိုင်တယ်ဆိုတဲ့ လွဲမှားသောအယူအဆနဲ့ မူးယစ်ဆေးဝါးကို စမ်းသပ်သုံး စွဲရာကနေပြီးတော့မှ မူးယစ်ဆေးဝါး သုံးစွဲသူအဖြစ် ရောက်ရှိတယ်လို့ သိရှိရပါတယ်။ ဖားကန့်မြို့နယ်အတွင်းမှာ မူးယစ်ဆေး ဝါးရောင်းချမှုနဲ့ မူးယစ်ဆေး ဝါးသုံးစွဲသူအရေအတွက် တိုးပွားလာတဲ့အတွက် မူးယစ်ဆေး ဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းတွေကိုလည်း အရှိန်အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်လျက်ရှိနေပါတယ်။ ပြီးခဲ့ တဲ့ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်အတွင်းမှာ ဘိန်းနဲ့ပတ်သက်ပြီးတော့ အမှုပေါင်း(၂၃၈)မှု၊ ဒီဖားကန့်မြို့နယ်အတွင်းမှာ အရေးယူခဲ့ပါတယ်။ တရားခံပေါင်း ကျား (၂၇၅)ဦးနဲ့ မ(၄၈)ဦးဟာလည်း မူးယစ်ဆေး ဝါးနဲ့အတူ ဖမ်းဆီးအရေးယူခဲ့ပါတယ်။ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေး ဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို စွမ်းစွမ်းတမံဖော်ထုတ်နိုင်တဲ့ နိုင်ငံ့ ဝန်ထမ်းနဲ့ ပြည်သူတွေကိုလည်း ကျွန်တော်တို့ ထိုက်သင့်တဲ့ဆုငွေတွေချီးမြှင့်ခဲ့ပြီးတော့ ဒီမူးယစ်ဆေး ဝါး တားဆီးကာကွယ်ရေးလုပ်ငန်းတွေမှာ ပိုမိုပြီးတော့ အားစိုက်ခွန်စိုက် ဆောင်ရွက်နိုင်အောင် အားပေးအားမြှောက်ချီးမြှောက်လျက်ရှိသလို စည်းကမ်း ဖောက်ဖျက်တဲ့ အကျင့်ပျက် ဝန်ထမ်းတွေကိုလည်း ဒါ အရေးယူလျက်ရှိပါတယ်။ ယခုအခါမှာ တော့မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေနဲ့ မူးယစ်ဆေး ဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းတွေကို အရှိန် အဟုန်မြှင့်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီတော့ မူးယစ်ဆေး ဝါးကင်းစင်ဒေသတစ်ခုအဖြစ်သတ်မှတ်ဖို့ကတော့ အဲဒီဒေသအတွင်းမှာ ရှိတဲ့ ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေး ဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှု၊ မူးယစ်ဆေး ဝါးသုံးစွဲမှု ပပျောက်အောင် ဒီလိုဆောင်ရွက် နိုင်မှသာ မူးယစ်ဆေးဝါးကင်းစင်ဒေသအဖြစ် သတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို မူးယစ် ဆေးဝါးကင်းစင်ပပျောက်ဖို့အတွက် လူတစ်ဦးတစ်ယောက်၊ လူမျိုးတစ်မျိုး ၊ အဖွဲ့အစည်းတစ်ခုတည်း၊ နိုင်ငံတစ်ခုတည်းနဲ့ စွမ်းဆောင် ဆောင်ရွက်နိုင်လို့မရပါဘူး။ ဒါကြောင့်မိုလို့ ဒီလို မဖြစ်ဖို့အတွက် ဒီနိုင်ငံတော်ရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့အတူ ပြည်သူတစ်ရပ်လုံးကပါပြီးတော့ ပူးပေါင်းဆောင်ရွက်မှသာ၊ နိုင်ငံတကာကလည်း ပါဝင်ဆောင်ရွက်မှသာ ဒီလိုမူးယစ်ဆေးဝါးကင်းစင်နယ်မြေ (Drug

Free Zone)တွေ ပေါ်ထွန်းလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ရှိအနေနဲ့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ မူးယစ်ဆေးဝါးကင်းစင်ရေးအတွက် ဆောင်ရွက်လျက်ရှိတဲ့အတွက် ဒီဖားကန့်နယ်မြေတစ်ခုတည်းကိုသာမက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မူးယစ်ဆေးဝါးကင်းစင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးတည်းက မေးမြန်းသည့် မေးခွန်းများ သည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

**ရှေးဟောင်းပစ္စည်းများအတွက် ပြန်လည်ပြင်ဆင်ထိန်းသိမ်းစရိတ် အလုံအလောက် ချထားပေးရန် အစီအစဉ် ရှိ /မရှိနှင့် ညောင်ရွှေစော်ဘွားအဆက်ဆက်တို့၏ နန်းတွင်းသုံးပစ္စည်းများကို ပြန်လည် ပြသခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၂း၁၈။**

**ဥက္ကဋ္ဌ။** ။ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းကျော်ဇောသန်း က ရှေးဟောင်းပစ္စည်းများအတွက် ပြန်လည်ပြင်ဆင်ထိန်းသိမ်းစရိတ်အလုံအလောက် ချထားပေးရန် အစီအစဉ် ရှိ /မရှိ နှင့် ညောင်ရွှေစော်ဘွား အဆက်ဆက်တို့၏ နန်းတွင်းသုံးပစ္စည်းများကို ပြန်လည်ပြသခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်း ရန်ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၈။**

**ဦးစိုင်းကျော်ဇောသန်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာ ပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်းဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ ပြည်နယ်သူ/ပြည်နယ်သားများရဲ့ အသံနဲ့ဆန္ဒကို အခြေခံပြီး ဒီမေးခွန်းကိုမေးမြန်းရခြင်းဖြစ်ပါတယ်၊ အချက်အလက်အချို့ကို ညောင်ရွှေစော်ဘွား ရဲ့ ကျန်ရှိခဲ့တဲ့ သမီးထံမှ သိရှိခဲ့ရပါတယ်။ ရှမ်းပြည်နယ် ၊ ညောင်ရွှေမြို့မှာ ဖွင့်လှ စ်ထားရှိခဲ့တဲ့

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှာ ခင်းကျင်းပြသခဲ့ဖူးတဲ့ ညောင်ရွှေစော်ဘွားအဆက်ဆက်နဲ့ မိုင်းရယ်စော်ဘွား၊ ကျိုင်းတုံစော်ဘွား အစရှိတဲ့ ထင်ရှားခဲ့တဲ့ စော်ဘွားများရဲ့ အသုံးအဆောင်များနဲ့ပတ်သက်တဲ့ ဝန်ထမ်းသုံးပစ္စည်းများ ၊ နန်းတွင်းအသုံးအဆောင်များကို ပြည်သူများ၊ ဧည့်သည်များလာရောက်ကြည့်ရှုလေ့လာခဲ့ကြပါတယ်။ လာရောက်ကြည့်ရှုလေ့လာခဲ့ကြတဲ့ ပြည်သူများ နိုင်ငံခြားဧည့်သည်များထံမှ ဝင်ငွေလည်းရရှိခဲ့ဖူးပါတယ်။ ညောင်ရွှေစော်ဘွားရဲ့ ဟော်နန်းကို ပြတိုက်အဖြစ် ပြသခဲ့တာဖြစ်ပါတယ်။ ညောင်ရွှေ စော်ဘွား စပ်ရွှေသိုက် ဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရအပြီးမှာ မြန်မာနိုင်ငံရဲ့ ပထမဦးဆုံး သမ္မတလည်း ဖြစ်ခဲ့ပါတယ်။ ၂၀၀၅ ခုနှစ်မှာ အဲဒီ ညောင်ရွှေဟော်နန်း ကို ညောင်ရွှေ ဒေသ ယဉ်ကျေးမှု ပြတိုက်အဖြစ် ဖွင့်လှစ်ခဲ့ပြီး၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလမှာ အဆိုပါ စော်ဘွားများရဲ့ အသုံးအဆောင်ပစ္စည်းများကို ပြသနိုင်ခြင်းမရှိတော့ဘဲ သက်ဆိုင်ရာ အစိုးရဌာနက သိမ်း ဆည်းထားခဲ့ပြီး ညောင်ရွှေဟော်နန်းကိုလည်း ဗုဒ္ဓဝင်ပြတိုက်အဖြစ် ဖွင့်လှစ်ထားရှိခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလမှာ ဟော်နန်းအတွင်း အသုံးအဆောင်များ ကို သိမ်းဆည်း ထားရာကနေ ညောင်ရွှေပြတိုက်ထံ ပြန်လည်အပ်နှံခဲ့ပြီး တာဝန်ခံများက ပြန်လည်လက်ခံရရှိ ကြောင်းသိရှိခဲ့ရပါတယ်။ ဒါပေမဲ့ လို့ အဲဒီပစ္စည်း တွေကို ညောင်ရွှေကို သယ်ဆောင်ယူစဉ်က မော်တော်ကား နဲ့ လမ်းခရီးကြောင့် တန်ဖိုးရှိ ရှေးဟောင်းပစ္စည်း အချို့ ကျိုးပဲ့ပျက်စီးသွားတဲ့အတွက်ကြောင့် ပြတိုက်တာဝန်ခံများက ပြန်လည်တင်ပြခဲ့ရာမှာ ပျက်စီးသွားတဲ့ပစ္စည်း တွေကို ပြန်လည်ပြင်ဆင်ဖို့ ပြင်ဆင်စရိတ် ချထားပေးတယ် လို့သိရပါတယ်။ ဒါပေမဲ့ ဒီမေးခွန်းစတင် တင်ပြတဲ့ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့ အထိတော့ ပြင် ဆင်ထိန်းသိမ်းစရိတ် ချထားပေးတာ မရှိခဲ့သေးပါဘူး။ အမှန်တော့ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုနဲ့ ရှေးဟောင်းအမွေ အနှစ်ဆိုတာ သက်ဆိုင်ရာ လူမျိုးတွေရဲ့ ရင်ထဲကတန်ဖိုးထား မြတ်နိုးနေကြတဲ့ ရတနာများဖြ စ်နေပါတယ်။ မှေးမှိန်ကွယ်ပျောက်သွားမှာကို မနှစ်သက်ကြပါဘူး။ ပြည်သူတွေ အမှတ်တရ ကြည့်နေနိုင် ဖို့ အမြဲပြသထားသင့်တယ်လို့ တင်ပြတိုက်တွန်းလိုပါတယ်။ ဒါ ကြောင့် အောက်ပါမေးခွန်းများ ကို သိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

(၁) ရှေးဟောင်းပစ္စည်းများအတွက် ပြန်လည်ပြင်ဆင်ထိန်းသိမ်းဖို့ Maintenance Fund အလုံအလောက် ချထားပေးနိုင်မယ့် အစီအစဉ် ရှိ/မရှိ နှင့် ညောင်ရွှေစော်ဘွား အဆက်ဆက်တို့ရဲ့ ဟော်နန်းတွင်းသုံးပစ္စည်းများ ပြည်သူတွေကို ပြန်လည်ပြသခွင့်ပေးမယ့်

အစီအစဉ် ရှိ/မရှိ။ ရှိမယ်ဆိုရင် ဘယ်အချိန်မှာ ပြန်လည်ခင်းကျင်းပြသပေးသွားမယ်ဆိုတာ သိလိုပါကြောင်း ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၂း၂၃။**

**ဒေါ်စန္ဒာခင် (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ကျွန်မကတော့ ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဖြစ်ပါတယ်။ ရှမ်းပြည်နယ် မဲဆန္ဒ နယ်အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းကျော်ဇောသန်း ၏ မေးခွန်း(၂)ခုကို ဖြေကြားမှာဖြစ်ပါတယ်ရှင့်။

ပထမမေးခွန်းမှာ ဖော်ပြထားတဲ့ ညောင်ရွှေပြတိုက်ရှိ ရှေးဟောင်းပစ္စည်းများအတွက် ပြန်လည်ပြင်ဆင်ထိန်းသိမ်းစရိတ် အလုံအလောက် ချထားပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ မေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားမှာဖြစ်ပါတယ်။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတွင် ယဉ်ကျေးမှုပြတိုက်များ၊ ရှေးဟောင်းသုတေသနပြတိုက်များ ဖွင့် လှစ်ပြသထားသည်ဖြစ်ရာ ၎င်းပြတိုက်အသီးသီး တွင် ထိန်းသိမ်းပြသထားသည့် ရှေးဟောင်းယဉ်ကျေးမှုပစ္စ ည်းများပြုပြင် မွမ်းမံထိန်းသိမ်း ရန်အတွက် နှစ်စဉ်ရန်ပုံငွေများ တောင်းခံဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါတင်ပြတောင်းခံမှု များအနက်မှ ရှေးဟောင်းပစ္စည်းများ၏အရေးကြီးမှု(ပစ္စည်း၏အရေးပါမှုတန်ဖိုး) ကိုဆိုလိုတာပါရှင့်။ ရှေးဟောင်း ပစ္စည်းများ၏ရှားပါးမှုနှင့် လက်ရာတန်ဖိုးရှိမှု၊ ရှေးဟောင်းပစ္စည်းများ၏ ပျက်စီးမှုအ ခြေအနေနှင့် အရေးပေါ်ပြုပြင်ရန်လိုအပ်မှု အနေအထားတို့ကို အခြေခံပြီး စိစစ်ပြီးတော့မှ ဦးစားပေးအလိုက် ရန်ပုံငွေခွဲဝေချထားပြီး ပြင်ဆင်ထိန်းသိမ်းခွင့်ပြုပါတယ်။ ပန်းချီကား၊ ပန်းပုလက်ရာ ထိန်းသိမ်းခြင်း ကဲ့သို့သော ကျွမ်းကျင်ပညာရှင်ဖြင့် ဆောင်ရွက်ရမယ့် ပစ္စည်းများအတွက်လည်း သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များစေလွှတ်ပြီး ပြုပြင်မွမ်းမံထိန်းသိမ်းရေးများ ဆောင်ရွက်လျက်ရှိပါတယ်။

ညောင်ရွှေပြတိုက်ရှိ ရှေးဟောင်းပစ္စည်း၊ ပရိဘောဂပစ္စည်းများအနက် မှန်စီရွှေချအသုံးအဆောင်များမှ မှန်အချို့ကွာကျခြင်း၊ ပန်းပုလက်ရာ ကနုတ်ပန်းများ၏ အချို့အစိတ်အပိုင်းများယိုယွင်းခြင်း စသည်တို့ကို ပြန်လည် မွမ်းမံရန်အတွက် မန္တလေးမှ လက် မှုပညာသည်များ စေလွှတ်ပြင်ဆင်လျက်ရှိပါတယ်။ ပန်းချီကားများ သန့်စင်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်း ဌာနမှပန်းချီကား ထိန်းသိမ်းရေး ကျွမ်းကျင်ပညာရှင် စေလွှတ်ပြုပြင်လျက်ရှိပါတယ်။ အဆိုပါ ညောင်ရွှေပြတိုက်ရှိ ရှေးဟောင်းပစ္စည်းများ ပြန်လည်မွမ်းမံရာမှာ ကုန်ကျမည့်ထိန်းသိမ်းစရိတ်ကို ယခုနှစ်ဘဏ္ဍာရေးငွေတွင် ခွင့်ပြုပေးထားပြီးဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်ရှင့်။

ဆက်လက်ပြီး ဒုတိယမေးခွန်းမှာဖော်ပြထားတဲ့ ညောင်ရွှေစော်ဘွား အဆက်ဆက်တို့၏ နန်းတွင်းသုံးပစ္စည်းများကို ပြန်လည်ပြသခွင့်ပြုပေးမည့် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့် အချိန်တွင် ပြန်လည်ခင်းကျင်းပြသပေးသွားမည်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားမှာ ဖြစ်ပါတယ်။ ယခု ဗုဒ္ဓပြတိုက်အဖြစ် ဖွင့်လှစ်ထားတဲ့ ညောင်ရွှေဟော်နန်းအဆောက်အအုံအား ၁၉၆၄ ခုနှစ်၊ တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှ ၁၉၉၉ ခုနှစ်ထိ ညောင်ရွှေဟော်နန်း ရှေးဟောင်းသမိုင်းပြတိုက်အဖြစ် ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိ စော်ဘွားကြီးများပြတိုက်အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပြီးတော့ ရှမ်းပြည်နယ်အတွင်း နေထိုင်ခဲ့ကြတဲ့ ရှမ်းစော်ဘွားများ၏ဝတ်စုံများ၊ အသုံးအ ဆောင်ပစ္စည်းများ၊ ပရိဘောဂများ၊ ပန်းချီကားများ၊ မှတ်တမ်းမှတ်ရာဓာတ်ပုံများကို ပြသခဲ့ပါတယ်။ တစ်ဖန် ၂၀၀၅ ခုနှစ်၊ မတ်လ ၃ ရက်နေ့မှစပြီး ညောင်ရွှေယဉ်ကျေးမှုပြတိုက်အဖြစ်ပြောင်းလဲဖွင့်လှစ်ခဲ့ပြီး ညောင်ရွှေဒေသမှာရှိတဲ့ တိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှုများ၊ ဓလေ့ထုံးစံများ ၊ ပွဲတော်များ၊ ရိုးရာယဉ်ကျေးမှု ပစ္စည်းများကို ခင်းကျင်းပြသခဲ့ပြီး၊ ၂၀၀၇ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့မှ ယနေ့အချိန်အထိ ညောင်ရွှေယဉ်ကျေးမှုပြတိုက်အား ဗုဒ္ဓပြတိုက်အဖြစ် ပြောင်းလဲခင်းကျင်းပြသခဲ့ပါတယ်။ ယခုအခါ အင်းလေးဒေသသည် ကမ္ဘာ့လှည့်ခရီးသွားများ အာ ရုံစိုက်ရာ နေရာတစ်ခု ဖြစ်လာသည် နှင့်အညီ ညောင်ရွှေ ဒေသ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုကဏ္ဍတို့ကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် လေ့လာနိုင်စေရန်အခြားပြည်နယ်၊ တိုင်းဒေသကြီးများရှိ ယဉ်ကျေးမှုပြတိုက်များအမည်နှင့် တစ်ပြေးညီဖြစ်စေရန် ယဉ်ကျေးမှုပြတိုက် ညောင်ရွှေမြို့ဟု ပြင်ဆင်ခေါ်ဝေါ်၍ ယခင်ပြသခဲ့သည့် ပစ္စည်းများအားလုံးခင်းကျင်းပြသသွားရန် စီမံဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ ပြသရန်ပစ္စည်းများ သန့်စင်ခြင်း၊ မွမ်းမံထိန်းသိမ်းခြင်း၊ ခင်းကျင်းပြသရန်ပြခန်းများ စီစဉ်လျာထားခြင်းများကို ဆောင်ရွက်လျက်ရှိ

ပါတယ်။ သို့သော် ညောင် ရွှေဟော်နန်း အဆောက်အအုံ၏အောက်ပိုင်းတွင် ဆွေးမြေ့ပျက်စီးမှု အချို့ရှိပြီး ကြံ့ခိုင်စေရန် ပြုပြင်မှုလိုအပ်သဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေး နှစ်အတွင်း ပြန်လည် ပြုပြင်သွားမှာဖြစ်ပါတယ်။ ပြုပြင်ပြီးစီးပါက ယင်းအဆောက်အအုံတွင် ခင်းကျင်းပြသရန် နေရာအကျယ်အဝန်းလည်း လုံလောက်ပါသဖြင့် ယခင်ပြသခဲ့ဖူးတဲ့ စော်ဘွားအဆက်ဆက်တို့၏ မှတ်တမ်းမှတ်ရာများ၊ နန်းတွင်းသုံးပစ္စည်းများ အပါအဝင် ဆက်စပ်ပစ္စည်း များကိုလည်းကောင်း၊ ညောင်ရွှေယဉ်ကျေးမှု ပြတိုက်အဖြစ် ပြသခဲ့တဲ့ ညောင်ရွှေဒေသရှိ တိုင်းရင်းသားများ၏ ဝတ်စား ဆင်ယင်ထုံးဖွဲ့မှုများ၊ ဓလေ့ထုံးစံများနှင့် ရိုးရာယဉ်ကျေး မှုပစ္စည်း အမျိုးမျိုးတို့ကိုလည်းကောင်း၊ လက်ရှိပြသထားသော ဗုဒ္ဓ ပြတိုက်ရှိ ယုံကြည်ကိုးကွယ်မှု ဆိုင်ရာ ပစ္စည်းများကိုလည်းကောင်း ကဏ္ဍများခွဲကာ ပြည့်ပြည့်စုံစုံဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် အတွင်းမှာ ပြန်လည် ခင်းကျင်း ပြသသွားမည်ဆိုတဲ့ အကြောင်းပြန်လည် ဖြေကြားအပ်ပါတယ်ရှင့်။ အားလုံးကိုကျေးဇူးတင်ပါ တယ်ရှင့်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို ရပ် နားပါမယ်။ နေ့လယ် ၁၄း၀၀ နာရီတိတိအချိန်မှာ ပြန်လည် ကျင်းပမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၈။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၂၈ နာရီတွင် ခေတ္တရပ်နားပြီး ၁၄း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၄း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း

**အချိန်၊ ၁၄း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော် အစည်းအဝေးတွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကြမ်းကို ၁၉-၁၀-၂၀၁၁ ရက်နေ့တွင် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က အဆိုတင်သွင်းခဲ့ပြီး ၂၇-၁၀-၂၀၁၁ ရက်နေ့တွင် ဆွေးနွေးခဲ့ရာ ၁-၁၁-၂၀၁၁ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ၂-၁၁-၂၀၁၁ ရက်နေ့တွင် ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သောပြင်ဆင်ချက်ကို အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၄း၀၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် က ပေးပို့သော ပြင်ဆင်ချက်များကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုသည့် အကြောင်းအရာအကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၂၁-၂-၂၀၁၂ ရက်နေ့(အင်္ဂါနေ့) ထက်နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်က ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ပြန်လည်ဆွေးနွေးခြင်း

**အချိန်၊ ၁၄း၀၃။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် ် လွှတ်တော်ကိုယ်စားလှယ် (၃)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၃။**

**ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံးကို ကျွန်တော် လေးစားစွာ ဂါ၀ရပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီ ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အမျိုးသားလွှတ်တော် က

အတည်ပြုပေးပို့လိုက်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ဥပဒေကြမ်းအပေါ်မှာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များနဲ့ ပြန်ပို့ လာတဲ့အတွက် ၎င်းပြင်ဆင်ချက်များမှ မသင့်တဲ့အချက်များကို ပုဒ်မ၊ ပုဒ်မခွဲများအလိုက် ပြန်လည်တင်ပြရှင်းလင်းခွင့်ပြုတဲ့ အတွက်ကြောင့် ဥက္ကဋ္ဌကြီးအားကျေးဇူးတင်ပါတယ်။ ပထမဆုံးအချက်အနေနဲ့ အဲဒီဥပဒေ အခန်း(၁)၊ အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များအခန်း ပုဒ်မ ၂ (c) မှာ ဝန်ကြီးဌာနရဲ့ မူ အဆိုပြုချက်မှာ ညစ်ညမ်းမှုဆိုတဲ့ဟာနဲ့ပတ်သက်လို့ အဓိပ္ပာ ယ်ဖွင့်ဆိုတဲ့နေရာမှာမြေထု၊ ရေထု၊ လေထုအပါအဝင် ပတ်ဝန်းကျင်အစိတ်အပိုင်းတစ်ရပ်ရပ်၏ ရုပ်ပိုင်းဆိုင်ရာ၊ အပူ ဓာတ်ပိုင်းဆိုင်ရာ၊ ဓာတုဆိုင်ရာ သို့မဟုတ် သက်ရှိဇီဝဆိုင်ရာ ဂုဏ်သတ္တိများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောင်းလဲစေမှုတစ်ရပ်ရပ်လို့ မူရင်းမှာပါပါတယ်။ အဲဒါကို ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာဆွေးနွေးပြီးတဲ့နောက် ပို ပြီးပြည့်စုံစေခြင်းငှာ စောစောက စကားရပ်ကို “ပြောင်းလဲစေမှု၊ သက် ရောက်မှု” တစ်ရပ်ရပ်ကိုဆိုသည်ဆိုပြီးတော့ “သက်ရောက်မှု” စကားရပ်ကို ကျွန်တော်တို့ ဖြည့်စွက်ပြီးတော့ပေးပို့ခဲ့ခြင်းဖြစ်ပါတယ်။ ဒီစကားရပ်ကို ပြည်သူ့လွှတ်တော်က “ပြောင်းလဲစေရန် သက်ရောက်မှု” တစ်ရပ်ရပ်ကိုဆိုလိုသည်ဟု ပြင်ဆင်ချက်နဲ့ ပြန်လည်ပေးပို့ လာတာတွေ့ရပါတယ်။ ကျွန်တော်တို့ ဒီဥပဒေမျိုးဟာ ဘာသာရပ်ပိုင်းဆိုင်ရာ နည်းပညာတွေနဲ့ ပတ်သက်တယ်။ နိုင်ငံတကာ ကွန်ဗင်းရှင်းတွေ၊ စာချုပ်တွေ၊ သဘောတူညီချက်တွေနဲ့ ပါဝင်တဲ့ ပြဋ္ဌာန်းချက်များနဲ့ လိုက်လျောညီထွေရှိရန် လိုအပ်တယ်။ နောက်တစ်ခုဟာ အခေါ်အဝေါ်၊ အသုံးအနှုန်းနဲ့ ပတ်သက်ရင်လည်း သတ်မှတ်လက်ခံပြီးတဲ့ တရားဝင်ဘာသာပြန်ဆိုချက်များနဲ့လည်း ကိုက်ညီမှုရှိရန် လိုအပ်ပါတယ်။ အဓိပ္ပာယ် တိကျမှန်ကန်ဖို့လည်း လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က အခြားပြည်တွင်းမှာပြဋ္ဌာန်းတဲ့ သာမန်ဥပဒေကဲ့သို့ ပြင်ဆင်တဲ့နေ ရာမှာ ဥပဒေရေးထုံးနဲ့ ညီစေရန်ဖို့ ၊ မြန်မာစာရေးထုံး၊ သဒ္ဒါအထား အသို၊ ဝါကျဖွဲ့စည်းပုံ၊ စကားလုံး ကျစ်လစ်မှုစတဲ့ အရေးအသားရှုထောင့်တစ်မျိုးတည်းက ကြည့်ပြီးတော့ပြင်ရင် အဓိပ္ပာ ယ်လွဲမှားနိုင်တဲ့ ကိစ္စများရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား၊ ဘာသာရပ်ဆိုင်ရာ စကားများပါတဲ့အတွက်ကြောင့် အင်္ဂလိပ်စကားအသုံးအနှုန်းအချို့ကို သုံးခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ဒီပုဒ်မခွဲမှာ ပြောင်းလဲစေမှုဆိုတဲ့ (Change)နဲ့ သက်ရောက်စေမှုဆိုတဲ့ Impact ဟာ မတူတဲ့စကားရပ်နှစ်ခုဖြစ်

ပါတယ်။ ညစ်ညမ်းစေမှု တစ်ခုခု ဖြစ်ပေါ်ခဲ့ရင် အရင်ဆုံးစဖြစ်တာ Impact သက်ရောက်မှုပဲ ဖြစ်ပါတယ်။ သက်ရောက်မှုဟာ Instant Effect လို့ခေါ်တဲ့ ချက်ခြင်းဖြစ်ပေါ်လာတဲ့ သက်ရောက်မှုတစ်ခုဖြစ်ပါတယ်။ ဥပမာအားဖြင့် ဧရာမ ဆီတင်ရေယာဉ်ကြီးများ၊ သင်္ဘောကြီးတွေ Oil Tanker ကြီးတွေကနေပြီးတော့ ယိုစိမ့်မှုတစ်စုံတစ်ရာ ဖြစ်ရင် Oil Slick လို့ခေါ်တဲ့ ဆီပြင်ကြီးဟာ သမုဒ္ဒရာထဲမှာ စတုရန်းမိုင်ပေါင်းများစွာ ကျယ်ပြန့်စွာ ဖြစ်ပေါ်လေ့ ရှိပါတယ်။ အဲဒီဟာတွေက အဏ္ဏဝါပြင်ကို စပြီးသက်ရောက်ပါတယ်။ အဲဒါ တွေက ဒီလှိုင်းနဲ့လေတိုက်မှုကြောင့် ကမ်းရောက်သွားပြီးတော့ သမုဒ္ဒရာကမ်းခြေကိုလည်း Impact ဖြစ်ပါတယ်။ Impact အဆင့်က ကုစားလို့ရပါတယ်။ ဒါ ကို Remedial Action လို့ခေါ်တဲ့ တစ်နည်းနည်း နဲ့ ကုစားမယ်ဆိုရင် Impact အဆင့်မှာပဲ ပပျောက်လျော့ကျသွားနိုင်ပါတယ်။ ဒါကြောင့် သူသည် Impact လို့ခေါ်တဲ့ သက်ရောက်မှုသည် Temporary Change ယာယီပြောင်းလဲမှုမျှသာ ဖြစ်သည်။ အဲဒါကို မလုပ်နိုင်ဘဲနဲ့ မကုစားနိုင်ဘဲနဲ့ ကာလရှည်ကြာ လစ်လျူရှုလိုက်မယ်ဆိုရင်တော့ အဲဒီဒေသမှာရှိတဲ့ ဇီဝ မျိုးစုံ၊ မျိုးကွဲတွေအပေါ်မှာ ပြင်းထန် သောသက်ရောက်မှုတွေဖြစ်ပါတယ်။ ဥပမာအားဖြင့် မျှောလှေးလို့ ခေါ်တဲ့ (Plankton)တွေ၊ သန္တာကျောက်တန်းတွေ၊ ငါး၊ ပုစွန် ပေါက်ဖွားရာ Spawning Area တွေမှာ ထိခိုက်မှုဖြစ်ပြီးရင် ဆိုး ကျိုးသက်ရောက်မှုဖြစ်တဲ့ မျိုးတုံးတာ၊ ပျက်စီးတာ စတဲ့ပြောင်းလဲမှုကြီးတွေဖြစ်ပါတယ်။ အဲဒီပြောင်းလဲမှုအဆင့်ဟာ ပြန်လည်ပြုပြင် ကုစားလို့မရတဲ့ Permanent and Irreparable Change ဖြစ်ပါတယ်။။ ဒါကြောင့်မို့လို့ အဲဒီနှစ်ခုဟာ မတူပါဘူးခင်ဗျာ။ အလားတူပါပဲခင်ဗျာ။ စက်ရုံကြီးများက ထုတ်လွှင့်တဲ့ထုတ်လုပ် မှုတွေပေါ့။ Emission ပေါ့။ Emissionဆိုတာ အခိုး အငွေ့လည်းပါ ပါတယ်။ အမှုန်အမွှားလည်းပါ ပါတယ်။ အဲဒီ Emission တွေကြောင့် စဖြစ်တဲ့ သက်ရောက်မှုက ဘာလဲဆိုရင် မြူထူလို့ခေါ်တဲ့ Smog ပါ။ Smog ဟာ Smoke နဲ့ Fog ကို ရောပြီးခေါ်တာ ဖြစ်တဲ့အတွက်ကြောင့် Smog ကနေစဖြစ်လာတာ ဒါ Impact တစ်ခုဖြစ်ပါတယ်။ အဲဒါတွေကြာလာရင်တော့ အိုဇုန်းလွှာ ပေါက်ပြဲခြင်းပေါ့။ Ozone Depletion ဖြစ်လာတယ်။ သိပ်ကြာရင် ရာသီဥတုပြောင်းလဲခြင်း ဆိုတဲ့ Climate Change အဆင့်ကိုပြောင်းသွားပါတယ်။ အဲဒီအဆင့်ရောက်သွားရင်တော့ ပြန်လည် ပြုပြင်လို့ မရတော့ပါဘူး။ အလားတူပါပဲ Nuclear စက်ရုံတွေက ထုတ်လွှတ် တဲ့ ရောင်ခြည်ပေါ့။ ဓာတ်ရောင်ခြည်တွေ (Radiation)တွေကြောင့် ဓာတ်ရောင်ခြည်သင့်မှုဖြစ်ပြီးတဲ့ နောက် အဲဒီ ပတ်ဝန်းကျင်မှာနေတဲ့ လူတွေမှာ အရေပြား

ယောင်ယမ်းတာတို့၊ အသက်ရှုလမ်း ကြောင်း (Respiratiory Track) ထိခိုက်တာတွေစတဲ့ Impact များ သက်ရောက်မှုများ စဝင်ပါတယ်။ ကာလကြာမှ အရေပြားနဲ့အဆုတ်ကင်ဆာ ရောဂါတွေ၊ ကိုယ်လက်အင်္ဂါမပြည့်စုံတဲ့ Mutant ကလေးတွေပေါက်ဖွားတာမျိုး၊ သန္ဓေသား မြုံသွားတာမျိုးစတဲ့ Change များလိုက်လာပါတယ်။ အဲဒီ Change ကတော့ Health Hazard လို့ခေါ်တဲ့ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးပြောင်းလဲမှုဖြစ်ပါတယ်။ အဲဒီအဆင့်ကတော့ ပြန်လည်ပြောင်းလို့မရပါဘူး။ ဒါကြောင့်မို့ ကျွန်တော်တို့ တင်ပြထားတဲ့အချက်ဖြစ်တဲ့ Impact လို့ခေါ်တဲ့ သက်ရောက်မှုသည် အရင်ဖြစ်ပေါ်လာတယ်။ Instant ပါ။ နောက်ပြီးတော့ကုစားလို့ ရပါတယ်။ ယာယီဖြစ်ပါတယ်။ပြောင်းလဲမှုအဆင့်Change ကတော့ ပြုပြင်ပြောင်းလဲ ရနိုင်ခဲ့တဲ့ သို့မဟုတ် လုံးဝမရနိုင်တဲ့ ကိစ္စဖြစ်ပါတယ်။ နောက်ဆက်တွဲ ဖြစ်ရပ် ဖြစ်တဲ့အတွက်ကြောင့် ပြောင်းလဲစေမှုနဲ့၊ သက်ရောက်မှုဟာ မတူတဲ့ အတွက်ကြောင့် ကျွန်တော်တို့ လွှတ်တော်က တင်ပြထားတဲ့အတိုင်းပဲ "ပြောင်းလဲစေမှု သက်ရောက်မှု" က တစ်ရပ်ရပ်ဖြစ်သည်၊ ဆိုလိုသည်လို့ပဲ ပြန်လည်ထားရှိပေးဖို့ ကျွန်တော်တို့က အဆိုပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။

ဒုတိယအချက်အနေနဲ့ သူတို့ဘက်က ပြင်ပေးလိုက်တဲ့ ၂(စ) မှာ ပါတဲ့အချက်ကိုတော့ ကျွန်တော်တို့က လက်ခံနိုင်ပါတယ်။ ကျွန်တော်တို့ က အသံနဲ့ပတ်သက်လို့ သတ်မှတ်စံညွှန်း ဘောင်ကျော်လွန် တယ်ဆိုတဲ့စကား Desible ကျော်သွားတဲ့ Range ကျော်တာကို ဆိုလိုခြင်း ဖြစ်ပါတယ်။ သူတို့ပြင်တာကို ကျွန်တော်တို့ လက်ခံနိုင်တဲ့ အနေအထားရှိပါတယ်။ တတိယအချက် ကတော့ အဲဒီ ပုဒ်မ ၂(တ) မှာပါတဲ့ ကျန်းမာရေးကို သော်လည်းကောင်း၊ ဂေဟစနစ်ကို သော်လည်းကောင်း ထိပါးစေနိုင်သည့်အခြေအနေလို့ ဝန်ကြီးဌာနက မူလအဆိုပြုထားပါတ ယ်။ ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ် အခြေအနေနဲ့ ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်က လွှတ်တော်ကနေ ကျန်းမာရေးကိုသော်လည်းကောင်း၊ "ပတ်ဝန်းကျင်"နှင့် ဂေဟစနစ်ကို သော်လည်းကောင်း ထိပါး စေနိုင်သည့် အခြေအနေ "ပတ်ဝန်းကျင် "ဆိုတဲ့ Environment ကိုထည့်ပြီးတော့ ကျွန်တော်တို့က အဆိုပြုခဲ့ပါတယ်။ အဲဒါကို ပြည်သူ့လွှတ်တော်က ဝန်ကြီးဌာနရဲ့ အဆိုပြုချက် အတိုင်းထားရန်ဆိုတဲ့အတွက်ကြောင့် "ပတ်ဝန်းကျင်"ကို ဖယ်ရှားပြီး ပြင်ဆင်ပေးပို့လာပါတယ်။ စောစောကတင်ပြတဲ့ ဝေါဟာရနှစ်ခုလိုပါပဲ။ "ပတ်ဝန်းကျင်"လို့ခေါ်တဲ့ Environment နဲ့ ဂေဟစနစ်လို့ခေါ်တဲ့ Ecosystem နှစ်ခုဟာ လုံးဝမတူညီတဲ့ ကိစ္စနှစ်ခု ဖြစ်ပါ

တယ်။ ညစ်ညမ်းမှုတစ်ခုကြာလာရင် ပတ်ဝန်းကျင် (Environment) ကိုပဲ အရင်ထိပါတယ်။ Environment ကို ထိပြီးတော့မှ ၊ Impact ရဲ့ အကျိုးဆက်တွေနဲ့ ထိပြီးတော့မှ ကျွ န်တော် ပြောခဲ့တဲ့ စောစောတုန်းက ဆီ Tanker ကြီးတွေကနေ ဆီယိုတဲ့ကိစ္စမျိုးပေါ့။ ပတ်ဝန်းကျင် ရေထုတို့ ပတ်ဝန်းကျင်ကမ်းခြေတို့ ထိခိုက်ပြီးတော့မှ သတ်မှတ်ရက်အတွင်း ကုစားလို့ရတဲ့ အခြေအနေရှိပါတယ်။ Oil Slick လို့ခေါ်တဲ့ ရေနံပြင်ကြီးတွေဖြစ်လာရင် Deter gent လို့ခေါ်တဲ့ ဒီဟာကိုချေးချွတ်ဆေး တစ်မျိုးသုံးတာ၊ Float လို့ခေါ်တဲ့ ရေပေါ် ပေါ်တဲ့ပိုက်လုံးတွေနဲ့ ဆီကို အပေါ်ယံမှာနေတဲ့ဆီကို တား ဆီးကန့်သတ်ထားပြီးတော့ စုပ်ယူတာ၊ နောက်ဆုံးနည်းပညာဖြစ်တဲ့ Bacteria တစ်မျိုးနဲ့စားစေတဲ့ကိစ္စမျိုးတွေလုပ်နိုင်ရင် Ecosystem လို့ခေါ်တဲ့ ဂေဟစနစ်ကို ထိခိုက်စရာအကြောင်းမရှိပါဘူး။ ဒါကြောင့် ပတ်ဝန်း ကျင်သည် အရင်စပြီးတော့ သက်ရောက် ပါ တယ်။ အဲဒါကို မလုပ်နိုင်မှသာ Ecosystem ဂေဟစနစ်ကြီးကို ထိတာဖြစ်ပါတယ်။ အလားတူ ဂျပန်နိုင်ငံ Fukushima Dai ichi Nuclear Factory မှာစဖြစ်တဲ့ Richter Scale 9 ကျော်တဲ့ ငလျင်ကြီးနဲ့ဆူနာမီကြောင့် ကျွန်တော်တို့ Nuclear စက်ရုံများ အပေါ်မှာ Impact ဖြစ်ပါတယ်။ ဒါကြောင့် လူနေရပ်ကွက် Fukushima လူနေရပ်ကွက် ပတ်ဝန်းကျင်ကိုပဲ ထိခိုက်ပါတယ်။ Environment ထိခိုက်တာ ဖြစ်ပါတယ်။ ဂေ ဟစနစ် မထိသေးပါဘူး။ ဒါကြောင့် လူတွေကို ဖယ်ထုတ်တယ်။ Evacuate လုပ်လိုက်တယ်။ Radiation လျော့နည်းအောင် ဓာတ်ရောင်ခြည် ကိုပြုပြင် Treatment လုပ်တယ်။ အဲဒါ မအောင်မြင်တာလည်းမှန်ပါတယ်။ မအောင်မြင် တော့ အကျိုးဆက်ကတော့ Ecosystem လို့ခေါ်တဲ့ ဂေဟစနစ်ပျက်သွားမှာ ဖြစ်ပါတယ် ။ ဂေဟစနစ် ပျက်သွားလို့ရှိရင် လေထဲမှာ သို့မဟုတ် မြေအောက်မှာ သို့မဟုတ် ရေထဲမှာရှိတဲ့ Micro Or ganism လို့ခေါ်တဲ့ အဏုဇီဝပိုးမွှား သတ္တဝါလေးတွေ၊ အပင်တွေ၊ မြေဆီတွေ ထိခိုက်မှာဖြစ် ပါတယ်။ ဒါကြောင့် ပတ်ဝန်းကျင်နဲ့ ဂေဟစနစ်နဲ့မတူလို့ ထည့်ထားတာကို ဖြုတ်ပယ်လိုက်မယ်၊ နုတ်ပယ်လိုက်မယ်ဆိုလို့ရှိရင် ဥပဒေရဲ့အဓိပ္ပာယ်ပျောက်သွားသလို တန်ဖိုးလည်းလျော့သွားနိုင်တာ ဖြစ်တဲ့အတွက်ကြောင့် နဂိုအတိုင်းပဲ ထားရှိသင့်ပါတယ်။ ဒီဥပဒေရဲ့နာမည်ကိုက ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေကြမ်းဖြစ်ပါတယ်။ ဥပဒေသည် ပတ်ဝန်းကျင်က ထိန်းသိမ်း နိုင်ပါ တယ်။ Ecosystem လို့ခေါ်တဲ့ ဂေဟစနစ်က ထိန်းသိမ်းရ အလွန်ခက်ပါတယ်။ နောက်ဆုံး တစ်ချက်ကတော့ ဝန်ကြီးဌာနရဲ့ မူလအဆိုပြုချက် ဥပဒေကြမ်းမှာ ပါတဲ့ အခန်း (၃)၊ ပုဒ်မ ၆ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ လုပ်ပိုင်ခွင့်များဆိုတဲ့ အခန်း ဖြစ်ပါတယ်။ အဲဒီမှာ

အပိုဒ်ခွဲ(က)မှ (ဆ)အထိ ကျွန်တော်တို့ ပြဋ္ဌာန်းထားတာ ရှိပါတယ်။ အဲဒီမှာ အပိုဒ်ခွဲများအနက် (ဂ)မှာ ဒီကော်မတီရဲ့ တာဝန်ဝတ္တရားများထဲမှာ ပြည်တွင်းပြည်ပမှ အလှူငွေများ၊ ထောက်ပံ့ငွေများနှင့် ပစ္စည်းများကို လက်ခံရယူခြင်း၊ ယင်းငွေနှင့်ပစ္စည်းများကို ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများတွင် လိုအပ်သလို စီမံခန့်ခွဲအသုံးပြုခြင်းလို့ ဝန်ကြီးဌာနက တင်ပြထားပါတယ်။ ကျွန်တော်တို့ ဒီလွှတ်တော်ကနေပြီးတော့ ဖြစ်နိုင်တဲ့ ၊ ဖြစ်နိုင်ခြေအရ ငွေနဲ့ပစ္စည်းသာမက ငွေ၊ ပစ္စည်းများနှင့် “နည်းပညာဆိုင်ရာအကူအညီများ”ကို လက်ခံခြင်း ၊ ယင်းငွေ၊ ပစ္စည်းများနှင့် “နည်းပညာများ”ကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများတွင် လိုအပ်သလို စီမံခန့်ခွဲခြင်းလို့ ကျွန်တော် “နည်းပညာ”ကို ထည့်ထားပါတယ်။ အကူအညီထဲမှာ ငွေ၊ အလှူငွေပစ္စည်းအပြင် “နည်းပညာ အကူအညီ” ပါတာကြောင့်မို့လို့ ထိန်းသိမ်းရမှာ ငွေရော၊ ပစ္စည်းရော၊ နည်းပညာရော စီမံခန့်ခွဲရ မယ်လို့ ပြင်ပေးခဲ့ပါတယ်။ အဲဒါကို ပြည် သူ့လွှတ်တော် ကနေပြီးတော့ ပုဒ်မ ၆ တစ်ခုလုံးကို (က) ကနေပြီးတော့ (ဆ)ထိအောင် အကုန်ဖျောက် လိုက်ပြီးတော့ ပြည်ထောင်စု အစိုးရသည် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်လို့ အလွန်ကျုံ့သွားအောင် ပြင်ဆင်ပြီး ပြန်ပေးပို့လာတာ တွေ့ရပါတယ်။ ပြန်သုံးသပ်ရရင် ဒီဥပဒေကြမ်းဟာ ကျွန်တော်တို့ဆီမှာ မရှိသေးတဲ့ ဥပဒေကြမ်း တစ်ခုဖြစ်ပါတယ်။ အလွန်လို အပ်ပြီးတော့ မရှိမဖြစ်လိုအပ်ချက်အရ ပြဋ္ဌာန်းရမယ့် ဥပဒေကြမ်းဖြစ်ပါတယ်။ ဖွဲ့စည်းမယ် ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဆိုတာကလည်း တစ်ကြိမ် တစ်ခါမှ မထမ်းဆောင်ဘူးသေးတဲ့ တာဝန်ကို စတင် ထမ်းဆောင်ရမှာဖြစ်တဲ့အတွက်ကြောင့် ဥပဒေပြဋ္ဌာန်း စဥ်ကပဲ မိမိတာဝန်ယူရ မယ့် ကော်မတီရဲ့ Vission and mission ပေါ့။ အဲဒါကို ကွဲကွဲပြားပြားသိမြင်ထားဖို့ လိုပါတယ်။ ထည့်သွင်းပြဋ္ဌာန်းထားမယ်ဆိုရင် အဲဒီ mission ကို သိမြင်တဲ့အခါမှာ လုပ်ငန်းရဲ့အကျယ်အပြန့် ပမာဏ Scope ကို ကြိုတင်ခန့်မှန်းပြင်ဆင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာ ဝန်ကြီးဌာနက အဆိုပြုထားတဲ့ လုပ်ပိုင်ခွင့်များဟာ သင့်လျော်ပြီး တော့ ဥပဒေတစ်ရပ်မှာ ပါရှိ သင့်တဲ့အချက်များ ဖြစ်ပါတယ်။ ပြောလို့တော့ရပါတ ယ်။ နောက်မှ နည်းဥပဒေထုတ်မယ်။ စည်းမျဥ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ညွှန်ကြားချက် ဆက်ထုတ်လို့ ရတယ်လို့ဆိုတာမှန် ပါတယ်။ ဒါပေမဲ့ အစိုးရမှာ တာဝန်ပိုသွားမယ်။ ဝန်ကြီးဌာနမှာ တာဝန်ပိုသွား မယ်။ အဲဒါကို လေ့လာရင်းနဲ့ ကြန့် ကြာသွားမယ်။ ဒါဆိုလို့ရှိရင် နောက်ဆက်တွဲဥပဒေ၊ နည်းဥပဒေထုတ်မလာ

နိုင်လို့ရှိရင် လုပ်ငန်းလုပ်ကို င်ဖို့ခက်ခဲပါတယ်။ ဒီလိုနဲ့ ကြန့်ကြာနေတဲ့ ဟာတွေကိုလည်း ကျွန်တော်တို့လက်တွေ့ တွေ့ထားတာတွေ အများကြီးရှိပါတယ်။ ကျွန်တော် တို့အနေနဲ့ ဖြည့်စွက် ပေးတဲ့ဟာလေးကလည်း သေးသေးလေးတစ်ခုပါပဲ။ ငွေနဲ့ပစ္စည်းများအပြင် နည်းပညာအကူအညီ Technical Aid ထည့်ပေးလိုက်တာဖြစ်ပါတယ်။ ဘာလို့ထည့် လဲဆိုတော့ ကုလသမဂ္ဂ Agency တွေ၊ နိုင်ငံတကာ အစိုးရတွေနဲ့ NGO၊ INGO တွေက ပေးလေ့ရှိတဲ့ အကူအညီတွေထဲ မှာ Financial Aid လို့ပါတဲ့ ငွေနဲ့ပစ္စည်းအပြင် Technical Aid ကို ပေးတာများပါတယ်။ ပိုတောင်အရေးအတွက်များပါတယ်။ ရန် ပုံငွေချပေးရင်တောင်မှပဲ Technical Adivisor ငှားရမ်းတဲ့အခတို့ ဒီဟာကို ရဖို့အတွက် Advocacy Meeting တွေ၊ Workshop တွေ၊ Seminar တွေ ကျင်းပတဲ့စရိတ်တွေကို ထည့်သွင်းတွက်ချက်လေ့ ရှိပါတယ်။ ဒါကြောင့်မို့လို့ မရှိမဖြစ်ပါလာမယ့် Technical Aid နည်းပညာဆိုင်ရာအကူအညီဆိုတာ ထည့်ဖို့လိုအပ်တာ ဖြစ်လို့ ကျွန်တော်တို့ အမျိုးသား လွှတ်တော်ရဲ့ အတည်ပြုချက်အတိုင်းပဲ ထည့်သွင်းထားစေဖို့ သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ အလားတူ ဝန်ကြီးဌာနက အဆိုပြုတဲ့အချက်ထဲမှာပါတဲ့ ပုဒ်မ(၉)ရဲ့ (ပ)မှာလည်းပဲ ဝန်ကြီးဌာနကတော့ မူလတုန်းက စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည် ပစ္စည်းများ ပြုပြင်သန့်စင်ခြင်းဆိုတဲ့ Treatment Plant ကိစ္စတွေတင်ထားတာ တွေ့ရပါတယ်။ ဒါပေမဲ့ စွန့်ပစ်တဲ့ပစ္စည်းထဲမှာ အခဲနဲ့ အရည်တင်မက အခိုးအငွေ့ပါ ပါတဲ့အတွက်ကြောင့် ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကနေပြီးတော့ စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည် ပစ္စည်းများ နှင့် ထုတ်လွှင့်အခိုးအငွေ့ ပစ္စည်းများကိုဆိုတဲ့ အခိုးအငွေ့ ထုတ်လွှင့်ခြင်း ဒီ (Emission) ကို လိုအပ်ချက်အရ ထည့်လိုက်ပါတယ်။ ထည့်တဲ့ရည်ရွယ်ချက်ကလည်း ကျွန်တော်တို့ က ရည်ရွ ယ် ချက်ကြီးပါတယ်။ ဒီဘက် အမျိုးသား လွှတ်တော်အနေနဲ့က ထားဝယ်ရေနက်ဆိပ်ကမ်းနဲ့ အတူတွဲ ပါလာမယ့် Special Economic Zone အထူးစက်မှုဇုန်မှာ ထောင်မယ့် 400 MW ကျောက်မီးသွေး လျှပ်စစ်ဓာတ်အားပေးစက်ရုံလိုဟာမျိုးကို ရည်ရွယ်ပြီး တော့ ထည့်သွင်း ခြင်း ဖြစ်ပါတယ်။ အဲဒါကိုပယ်ဖျက်ဖို့ ပြည်သူ့လွှတ်တော်က အတည်ပြုလာမယ်ဆိုရင် အဲဒီ အပြင် အပိုဒ်ခွဲ(ဏ) (ဗ) လည်း ပယ်ဖျက်ဖို့ထည့်ထားတာ သူတို့ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော် သဘော ပေါက်ပါတယ်။ ဆို လိုချက်ကတော့ ပြည်တွင်းစက်ရုံတွေ မလိုက်နိုင်တဲ့ စံချိန်စံညွှန်းများပါနေမှာ စိုးတယ်ဆိုတဲ့ သဘောဆောင်နေတယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒါပေမဲ့ အဲ ဒီလောက် ကျဉ်းကျဉ်းလေး ကျွန်တော်တို့မမြင်သင့်ဘဲနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဟာ ဖွံ့ဖြိုးတိုးတက်

တဲ့စက်မှု နိုင်ငံတော်ကြီးဖြစ်ဖို့အတွက် အရှိန်အဟုန် ပြင်းပြင်းနဲ့ ကြိုးပမ်းနေချိန်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမှု FDI နဲ့ ဝင်လာမယ့် Heavy Industries အကြီးစားတွေဟာ မကြာခင် ဝင်လာမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ၂၀၁၅ ခုနှစ်ဆို AFTA ပေါ်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုဒ်ခွဲ (၃)ခုလုံးဟာကို ဝန်ကြီးဌာနက မိမိနိုင်ငံရဲ့ သဘာဝပတ်ဝန်းကျင် ၊ မိမိနိုင်ငံသားများ၊ မိမိနိုင်ငံရဲ့ဂေဟစနစ်နဲ့ ရေမြေတောတောင် ၊ ယဉ်ကျေးမှုအမွေအနှစ် စတာ တွေထိအောင် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံနိုင်မှာဖြစ်တဲ့အတွက်ကြောင့် လိုအပ်ချက်အရ ထည့်သွင်းထားခြင်းဖြစ်တယ်လို့ ကျွန်တော်တို့က ယူဆပါတယ်။ ပိုမိုပြည့်စုံအောင် ဖြည့်စွက်မှု အနည်းငယ်ကိုသာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ထည့်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီ ပြဋ္ဌာန်းချက်တွေကို ပယ်ဖျက်နုတ်ပယ်မယ်ဆိုပါက မလိုလားအပ်တဲ့ အကျိုးဆက်တွေပေါ်လာနိုင်တယ်လို့ ကျွန်တော်တို့က သုံးသပ်နိုင်တဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်းသာပဲအတည်ပြုပေးဖို့ အမျိုးသားရေးအကျိုးစီးပွားကို ကျွန်တော်ရှေ့ရှုပြီးတော့ တင်ပြအပ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်က ဆုံးဖြတ်အတည် မပြုမီမှာလည်း ဥပဒေကြမ်းပူးပေါင်း ကော်မတီကို ကြားနာ စေသင့်ပြီး ကျွန်တော်တို့ကိုလည်း ခေါ်ယူပြီးတော့ ကြားနာမယ်ဆို ရင် ကျွန်တော်တို့က ထွက်ဆိုပေးစေလိုပါကြောင်း နာယကကြီးအား ရိုသေလေးစားစွာ တင်ပြရင်း နိဂုံးချုပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးစိုးမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၅။**

**ဦးစိုးမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။လေးစားအပ်ပါသော နာယကကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ပေးပို့လိုက်တဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပ ဒေကြမ်းအပေါ်မှာ ပြည်သူ့လွှတ်တော် ပြင်ဆင်ချက်များကိုစိစစ်ပြီး တွေ့ရှိ တာတွေကို တင်ပြသွားမှာ ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော်တို့

မူလဝန်ကြီးဌာနကပေးပို့လိုက်တဲ့ ဥပဒေကြမ်းမှာ အခန်းပေါင်း (၁၄)ခု ရှိပါတယ်။ အဲဒီ အခန်း ပေါင်း(၁၄)ခုကို ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီက လိုအပ်တာတွေပြုပြင်ပြီးတော့ ပြင်ဆင် ချက်(၉)ခုနဲ့အတူ ပြည်သူ့လွှတ်တော်ကို ပေးပို့ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကို ပေးပို့တဲ့အခါမှာ ပြည်သူ့လွှတ်တော်က ပြန်လာတဲ့ အခန်းပေါင်း (၁၄)ခန်းမှာပဲ မူလကပို့လိုက် သော ပုဒ်မပေါင်း (၄၄)ခုရှိပါတယ်။ အဲဒီ ပုဒ်မပေါင်း(၄၄)ခုမှာ ပြည်သူ့ လွှတ်တော်က နှစ်ခုကိုပယ်ဖျက်ပြီးတော့ ပုဒ်မပေါင်း(၄၂)ခုနဲ့ ပြန်လည် ပေးပို့ပါတယ်။ ပြင်ဆင်ချက်ပေါင်း (၂၄)ခုနဲ့ ပြင်ဆင်၍ ပေးပို့ လာခြင်းဖြစ်ပါတယ်။ ကျွန်တော် အဲဒီတော့ ခုနကတော့ ဆရာ ဦးခင်မောင်ရီ အနေနဲ့ ပြင်ဆင်ချက်(၅)ခုကို အဓိက ထားပြီးပြောသွားပါတယ်။ ကျွန်တော် အဲဒီ (၅)ခုကို မပြောဘဲနဲ့ အခု(၂၄)ခုမှာ ကျန်တဲ့ (၁၉)ချက် ပြည်သူ့လွှတ်တော်က ပြင်ဆင်တာ ရှိပါတယ်။ အဲဒီပြင်ဆင်တဲ့ အချိန်မှာ အကြမ်းဖျဉ်း ကျွန်တော်ကြည့်ပါတယ်။ အကြမ်းဖျဉ်းကြည့်တဲ့အခါကျတော့ အခန်း(၁) က ခုန Defination ပိုင်းမှာ ဆရာဦးခင်မောင်ရီက အကျယ်တဝင့် ရှင်းလင်းတင်ပြသွားပြီး ဖြစ်ပါ တယ်။ အဲတော့ အခန်း (၁)မှာတော့ ကျွန်တော်တို့ ပြင်ဆင်စရာ မရှိတော့ပါဘူး။ အခန်း (၁) Defination အပိုင်းမှာတော့ ကျွန်တော်တို့ ပြန်လည်ပြီးတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီအစည်းအဝေးထိုင်ပြီးတော့ နောက်ပူးပေါင်းကော်မတီ ထိုင်လိုက်ရင် ပြန်ညှိဖို့တော့ လိုပါ့မယ်ခင်ဗျား။ အခန်း (၂)မှာလည်း ကျွန်တော်တို့ သူပြင်တာ သိပ်မရှိပါဘူး။ ဒီအခန်း (၂)မှာ သူပြင်တာက ကျွန်တော်တို့ ဝန်ကြီးဌာနအတိုင်းပါ အခန်း (၂)ရဲ့ ၃(င)မှာ ဝန်ကြီးဌာနအတိုင်း ကျွန်တော်တို့ အမျိုးသားလွှတ်တော်ထားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က စဉ်ဆက်မပြတ်အသုံးပြုနိုင်ရေးဆိုတဲ့ စာပိုဒ်ကလေးပေါ်မှာ ပြည်သူ့လွှတ်တော်ကစဉ်ဆက်မပြတ် အကျိုးရှိစွာ အသုံးပြုနိုင်ရေးလို့ ပြင်ဆင်ထားပါတယ်။ နောက် ကျွန်တော်တို့ ပုဒ်မ ၄ (က) မှာ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဝန်ကြီးဌာနရဲ့မူလအတို င်းပဲ ထားပေးပါတယ်။ ပြင်ဆင် ချက်မပြုခဲ့ပါဘူး။ သို့သော် ပြည်သူ့လွှတ်တော်က ဝန်ကြီးဌာနရဲ့ မူလစာသားတွေကို ပြင်ပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က မပြင်ပါဘူး။ အဲဒီမှာ၄(က)မှာ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းမည်ဆိုပြီးတော့ ကျွန်တော်တို့ ကော်မတီအမည်ထဲထည့်ပါတယ်။ ဒါပေမဲ့လို့ ပြည်သူ့လွှတ်တော် က ၄ (က) မှာ ကျွန်တော်တို့ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ပတ်ဝန်းကျင်

ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးသည့် ပြည်ထောင်စုဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သင့်လျော်သော အဖွဲ့အစည်းများဖွဲ့ရမည်ဟု ပြင်ဆင်ခဲ့ပါတယ်။ အဲဒီအပိုဒ်မှာလည်း ကျွန်တော်တို့ မြင်တာကတော့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာန ဖြစ်တဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်ချက်ကို ကျွန်တော်တို့ ပြန်လည်ပြင်ဆင်ဖို့ လိုမှာဖြစ်ပါတယ်။ နောက်တစ်ခုက အဖွဲ့ဝင်တွေကိုလည်း ကျွန်တော်တို့ခုနက ဦးခင်မောင်ရီ တင်ပြခဲ့သလိုပါပဲ။ နောင်မှာ ဖွဲ့မယ်ဆိုပေမယ့် ဥပဒေကြောင်းနဲ့ ဥပဒေပုဒ်မနဲ့ တစ်ခါတည်း ဖွဲ့လိုက် တာကပိုပြီးတော့ ဆီလျော်သင့်မြ တ်ရေး ဖြစ်ပါမယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုလည်းပိုပြီးတော့ အလုပ်မရှုပ်တော့ဘူးဖြစ်ပါတယ် ခင်ဗျား။ ဒါကတစ်ချက်ပါ။ နောက်တစ်ခုပြင်တာ ပုဒ်မ ၄(ခ)ပါ။ ၄(ခ)မှာ ပြည်ထောင်စုအစိုး ရအဖွဲ့သည် ကော်မတီ ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်လို့ လုပ်ပါတယ်။ ဒါလည်း ကျွန်တော်မှန်ပါတယ်။ ဒါကိုလည်း ကျွန်တော်ထည့်ထားပါတယ်။ နောက်သူက အပိုဒ်သစ် ထပ်ထည့်တာက အဖွဲ့ဝင်ဖွဲ့စည်းရာတွင် အဖွဲ့ဝင်များအနက် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးသတ်မှတ်တာဝန်ပေးရမည်လို့ ထည့်ထားတာ ပြင်ဆင်ချက်ရှိပါတယ်။ ဒါကိုလည်း ဥပဒေကြမ်းကော်မတီမှာ အစည်းအဝေးထိုင်ပြီး ပြန်လည် ညှိနှိုင်းပြီးတော့ ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့ ဆက်ပြီး ပြင်တာက အပိုဒ် ၅ ပါ။ ပုဒ်မ ၅ မှာ ကော်မတီရဲ့လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်လို့ ကျွန်တော် မူလဝန်ကြီးဌာနရဲ့ အတိုင်းပါ။ (က)ကနေ (ဆ)အထိ ကျွန်တော်တို့ ထောက်ခံပြီးတော့ ဆက်လက် တင်ပြခဲ့ပါတယ်။ အဲဒီမှာပြည်သူ့လွှတ်တော်က ပုဒ်မ ၅ မှာပဲ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းပေးရမည်လို့ ပြင်ဆင်ထားပါတယ်။ အဲဒီကိစ္စကလည်း ကျွန်တော်တို့ ဥပဒေနဲ့ကော်မတီရဲ့ လုပ်ငန်း တာဝန်များကို တစ်ခါတည်း သတ်မှတ်ပေးရင် ပိုပြီးတော့ အာဏာလည်းပိုပြီး သက်ရောက်မယ်။ တိကျခိုင်မာမယ်လို့ ယူဆတဲ့ အတွက်ကြောင့် ဒါကိုလည်း ကျွန်တော်တို့ မူလအတိုင်း ပြန်ထားဖို့လိုကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ နောက်တစ်ခုက အပိုဒ် ၆ မှာပဲ ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ဝန်ကြီးဌာနရဲ့ မူလအတိုင်းပဲ မပြင်ဆင်ခဲ့ပါဘူး။ ထောက်ခံပြီး ပို့ခဲ့ပါတယ်။ ဒါပေမဲ့ လို့ ပြည်သူ့လွှတ်တော်က အပိုဒ် ၆ မှာ ကော်မတီရဲ့ လုပ်ပိုင်ခွင့်များ အောက်ပါအတိုင်း

ဖြစ်သည်ဆိုပြီး ကျွန်တော်တို့ (က) ကနေ (ဆ) အထိရှိပါတယ်။ အဲဒါကိုလည်း ပြ ည်သူ့လွှတ်တော်က ပြင်ဆင်ပေးတဲ့ဟာကတော့ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကော်မတီ၏လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန်အလို့ငှာ လုပ်ပိုင်ခွ င့်များကို သတ်မှတ်ပြဋ္ဌာန်း ပေးရမည်လို့ ပြည်ထောင်စုအစိုးရကို ပြဋ္ဌာန်းပေးဖို့လုပ်တော့ ပြီးခဲ့တဲ့အပတ်က ကျွန်တော်တို့ တင်ပြသလိုပါပဲ တစ်ခါတည်း ဥပဒေနဲ့ပြဋ္ဌာန်းတာ မူလပြဋ္ဌာန်းချက်အတိုင်းထားတာ ပိုမိုသင့်မြတ်ကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော်တို့ မူလဥပဒေမှာပါတဲ့ ပုဒ်မ ၇ နဲ့ ပုဒ်မ ၈ ကို ပြည်သူ့လွှတ်တော်က Delete လုပ်လိုက်ပါတယ်။ ပယ်ဖျက်လိုက်ပါတယ်။ ပယ်ဖျက်လိုက်ပြီးတော့ အခန်း (၄)ကို သွားပါတယ်။ အခန်း(၄)မှာကျတော့ မူလကျွန်တော်တို့ အမျိုးသားလွှတ်တော်က တင်ပြလိုက်တာ က ဝန်ကြီးဌာန၏တာဝန်နှင့် လုပ်ပိုင်ခွင့်များလို့ ရေးပါတယ်။ အဲဒီအခန်း (၄)မှာ ပြည်သူ့လွှတ်တော်က ဝန်ကြီးဌာန၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်နှင့်လုပ်ငန်းများဆိုပြီး လုပ်တဲ့အတွက် ကျွန်တော်တို့ အမြင်တော့ ဒါ ဟာလည်းပိုပြီးတော့လည်း ပြည့်စုံတ ယ်လို့ထင်ပါတယ်။ အဲဒီမှာလည်း တောက်လျှောက်က အမျိုးသားလွှတ်တော်က အတည်ပြု ပေးလိုက်တဲ့ ဟာတွေကို ဖျက်ပြီးတော့ (က) မှ (ဃ) အထိတော့ ကျွန်တော်တို့တူပါတယ်။ (ဃ)နောက်ပိုင်းမှာ ကျွန်တော်တို့ လုပ်ပိုင်ခွင့်အသစ်များကို ပြည်သူ့လွှတ်တော်က လုပ်ပါတယ်။ ပြင်ထ ည့်လိုက်ပါတယ်။ ဒီဟာတွေ ကိုတော့ ကျွန်တော်တို့ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန် လည်ပြီးတော့ အစည်းအဝေး ကြားနာဖို့ လိုမယ်လို့ တင်ပြအပ်ပါတယ်ခင်ဗျား ။ အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော်တို့ အခန်း (၅)ကနေစပြီးတော့ တစ်ပိုဒ်ချင်းကြည့်ပါတယ်။ အခန်း (၅)မှာတော့ ကျွန်တော်တို့ ပြ င်ဆင်မှုမရှိပါဘူး။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ အမျိုးသားလွှတ်တော်ရယ်၊ ပြည်သူ့လွှတ်တော်ရယ် အတူတူဖြစ်ပါတယ်။ အခန်း (၆)မှာလည်း ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများဆိုရာမှာတော့ ကျွန်တော်တို့ အားလုံး ဝန်ကြီးဌာနရော၊ အမျိုးသားလွှတ်တော်ရော၊ ပြည်သူ့လွှတ်တော်ရော အတူတူပဲ စစ်ဆေးတွေ့ ရပါတယ်။ အခန်း (၇)မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စမှာလည်း အလားတူပဲ ပြင်ဆင်မှုတွေ မရှိပါဘူး။ ကျွန်တော်တို့ ဥပဒေမူကြမ်း (၃)ခုစလုံးတူကြောင်း တင်ပြအပ်ပါတယ်။ အခန်း(၈)မှာလည်း အလားတူပြင်ဆင်မှုမရှိပါဘူးခင်ဗျား။ အခန်း(၉)မှာ သဘာဝသယံဇာတ အရင်းအမြစ်များနှင့်ဥ်ကျေးမှုဆိုင်ရာဆိုရာမှာလည်း ပြင်ဆင်မှုလုပ်မပေးပါဘူး။ အားလုံးသဘော တူထားပါတယ်။ အခန်း (၁၀)မှာ ကြိုတင်ခွင့်ပြုချက် ဆိုတဲ့

နေရာမှာလည်း တူညီကြောင်း  တွေ့ရပါတယ်။ အခန်း  (၁၁)မှာလည်း ပြင်ဆင်မှုတစ်စုံတစ်ခု မရှိပါဘူး။ အခန်း (၁၂)က တားမြစ်ချက်များ ဆိုတဲ့ အခန်းမှာ ပုဒ်မအားလုံး  အတူတူပါ။ အဲဒီမှာ ကွဲပြားတာလေး တစ်ခုတော့ ပုဒ်မ  ၃၀ မှာ ထပ်ပြီးထည့်ထားပါတယ်။ ထပ်ပြီး ထည့်ထားတာက ကျွန်တော်တို့ အမျိုးသားလွှတ်တော်က ထပ်ပြီး သူဖြည့်ထားတာက သိုလှောင်ခြင်းနှင့် သယ်ယူခြင်း ဆိုပြီး ထပ်ထည့်ထားပါတယ် ။  ပုဒ်မ  ၃၀  မှာ။ အဲ ဒီအတွက်ကလည်း ကျွန်တော့် အနေနဲ့တော့ ပိုမိုပြည့်စုံတယ်လို့ထင်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ အမျိုးသား လွှတ်တော်ရဲ့ဥပဒေကြမ်းမှာ ပြန်လည်ကြားနာမှာဖြစ်ပါတယ်။ အခန်း  (၁၃)က ပြစ်မှုနှင့် ပြစ်ဒဏ်များပါ။ ပြစ်မှုနဲ့ ပြစ်ဒဏ် များမှာလည်း ကျွန်တော်တို့ ခုန သိုလှောင်ခြင်း၊ သယ်ယူခြင်းဆိုတဲ့   အကြောင်းလေးကို သူ ထပ် ထည့်ထားပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ပြန်လည်ကြားနာရမှာ   ဖြစ်ပါတယ်။ အထွေထွေ ပိုင်းမှာလည်း ကျွန်တော်တို့ အထူး  ပြင်ဆင်တာမရှိပါဘူး။ သို့သော် ကျွန်တော်  တို့ အမျိုးသား လွှတ်တော်က ပုဒ်မ  ၃၄  တစ်ခုတည်းကိုသာ ရဲ အရေးယူပိုင်ခွင့်ရှိတယ်  ဆိုလို့  ကျွန်တော်တို့က ထောက်ခံထားပေမယ့် သူတို့က ပုဒ်မ     ၄၀  မှာ ဤဥပဒေနဲ့ပတ်သက်သော   ပြစ်မှု  ပြစ်ဒဏ် အားလုံးသည် ရဲအရေးယူပိုင်ခွင့်ဖြစ်သည်လို့ရေးပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ ဥပဒေကြောင်း အရ သင့်လျော်  မှု  ရှိ/မရှိဆိုတာ ပြန်လည်စိစစ်ဖို့   လိုပါတယ်။ ခုနက ဆရာဦးခင်မောင်ရီ တင်ပြတဲ့အချက်တွေကလွဲ၍ နောက်ပိုင်းမှာတော့ ထူးထူးခြားခြားပြင်တာ မရှိကြောင်းတင်ပြပြီးတော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေနဲ့   တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။       ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်    (၄)မှ ဒေါက်တာမြတ်ဉာဏစိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၅။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)**။    ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးနဲ့တကွ      အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါခင်ဗျား။ သဘာဝပတ်ဝန်းကျင်   ထိန်းသိမ်းရေး  ဥပဒေကြမ်းနဲ့  ပတ်သက်ပြီးတော့ ကျွန်တော်ကလည်း ကျွန်တော်တို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ကို    ယ်စားပဲ တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ အဓိကအားဖြင့်    ့တော့ ကျွန်တော့်ရှေ့က ကိုယ်စားလှယ်တော်ကြီး ဦးစိုးမြင့် တင်ပြသွားသလိုပါပဲ။ အဓိကကွဲလွဲတဲ့ အချက်ကတော့

ကျွန်တော်တို့က အမျိုးသားအဆင့် ကော်မတီကြီးတစ်ရပ် ဖြစ်တဲ့အတွက်ကြောင့်မိုလို့ ကော်မတီရဲ့ ဖွဲ့စည်းပုံကို ဥပဒေထဲမှာ ခိုင်ခိုင်မာ မာထည့်သွင်းပြီးတော့ ဖော်ပြပြီးတော့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ မူရင်း ဒီဥပဒေကို ရေးဆွဲတင်ပြလာတဲ့ ဝန်ကြီးဌာနကလည်း ဒီအတိုင်းပဲ ကျွန်တော်တို့ အတိအကျ၊ အခိုင်အမာ တင်ပြလာတာ ဖြစ်ပါတယ်။ နောက် မူရင်းဝန်ကြီးဌာနရဲ့ အမည်နာမကိုလည်း ကျွ န်တော်တို့က သစ်တောရေးရာဝန် ကြီးဌာနကနေပြီးတော့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနလို့ ပြင်ဆင်ခဲ့ပြီး ဖြစ်တဲ့အတွက်ကြောင့်မိုလို့ ဒီ ဝန်ကြီးဌာန ဒီ လိုလမ်းစဉ်တွေကို ဆောင်ရွက်ဖို့ သင့်တဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ သို့သော် ပြည်သူ့လွှတ်တော်က ပြင်ဆ င်လိုက်တဲ့အခါမှာတော့ ပြည်ထောင်စုဝန်ကြီး တစ်ဦးဦးမှာ တာဝန် ယူဆောင်ရွက်နိုင်သည် ဆိုတဲ့အခါကျတော့ ဒါ ဒီဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး တင်မကပဲ အခြား ပြည်ထောင်စုဝန်ကြီး တစ်ဦးဦးကလည်း တာဝန်ယူဆောင်ရွက်နိုင်တယ်ဆိုတဲ့ သဘောထား သက်ရောက်သွားပါတယ်။ ဒီဟာဟာ ကျွန်တော်တို့ အဓိက စိစစ်တွေ့ရှိရတဲ့အချက် ဖြစ်ပါတယ်။

နောက်တစ်ချက်ကကျတော့ ကျွန်တော်တို့ဘက်ကပြင်ဆင်ခဲ့တဲ့ အချက်ကလေးတွေဟာ ခုန ဆရာကြီး ဦးခင်မောင်ရီ တင်ပြသွားသလိုပါပဲ ။ စေ့စေ့ ပေါက်ပေါက် သုံးနှုန်းပြီးတော့ ကျွန်တော်တို့ ဒီပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သက်ဆိုင်တဲ့ ဘာသာရပ်ဆိုင်ရာ စကားရပ်များကို အသုံးပြုထားတာ ဖြစ်ပါတယ်။ ဒီ အသုံးပြုထားချက်များကို ပယ်ဖျက်ထားတာကိုလည်း ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ ခုနက ဆရာဦးခင်မောင်ရီ က အများဆုံး တင်ပြသွားပြီး ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကျန်ရှိတဲ့ အချက်အလက်လေးအချို့ကို တင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မူရင်းဝန်ကြီးဌာနက တင်လာတဲ့ ဥပဒေပုဒ်မ ၉(ပ)မှာ ဖော်ပြထား တာကတော့ ကျွန်တော်တို့ အဆိပ်အတောက် နှင့် ဘေးအန္တရာယ်ရှိ ပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည် ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့် စက်ရုံများ၊ စက်ခန်းများ တည်ထောင်ရေးကို တိုးမြှင့် ဆောင်ရွက်ခြင်းလို့ပါ ပါတယ်။ ဒါပေ မဲ့ ဥပဒေတစ်ရပ်လုံးမှာ သုံးနှုန်းခဲ့တာက ကျွန်တော်တို့ သုံးမျိုးသုံးစား ဖြစ်ပါတယ်။ Waste Product တွေကို သုံးနှုန်းတဲ့အခါမှာ ပထ မတစ်ချက်ကတော့ စွန့်ပစ်အစိုင်အခဲ (Solid) ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ စွန့် ပစ်အရည်(Liquid) ဖြစ်ပါတယ်။ Waste ပေါ့။ Liquid Waste ဖြစ်ပါတယ်။ နောက်တစ်ခါ Gas နဲ့ပတ်သက်လို့က ကျွန်တော်တို့ ကျန်တဲ့နေရာတွေမှာ တောက်လျှောက် စံချိန်စံညွှန်း နဲ့ သတ်မှတ်တဲ့နေရာမှာလည်း ထုတ်လွှ တ်အခိုးအငွေ့

ဆိုတာကို ဖော်ပြပြီးတဲ့အခါကျတော့မှ ပြန် လည်သန့်စင်တဲ့ အခါမှာကျတော့ ထုတ်လွှ တ် အခိုးအငွေ့ကို ချန်လှပ်ထားတာကို တွေ့ရပါတယ်။ အဲဒီတော့ အဲဒီအချိန်တုန်းက ကျွန်တော်တို့ ဥပဒေကြမ်း ကော်မတီအနေနဲ့ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ကြားနာမှုပြုတဲ့အချိန်မှာ သူတို့ ချန်လှပ်ထားခဲ့ရတဲ့ အကြောင်းအရာဟာ လက်ရှိပြည်တွင်းမှာရှိတဲ့ စက်ရုံတွေအနေနဲ့ ဒီဟာဟာ ပြန်လည်သန့်စင်ဖို့ အခိုးအငွေ့ကို ပြန်လည်သန့်စင်ဖို့ဆိုရင် စရိတ်စက များစွာ ကုန်ကျမှာမို့ လို့ ချန်လှပ်ထားတာ ဖြစ်ပါတယ်ဆို တဲ့အချက်ကလေးကို ကျွန်တော်တို့ တွေ့ရှိခဲ့ ရပါတယ်။ အဲဒီအခါမှာ ခုန ဆရာဦးခင်မောင်ရီ တင်ပြသွားသလိုပါပဲ ။ ကျွန်တော်တို့ နောင် ရေရှည် မြန်မာနိုင်ငံမှာ စက်မှုဇုန်တွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဒီလိုကိစ္စရပ်မျိုး တွေကလည်း ဒွန်တွဲပြီးတော့ ဖြေရှင်းရမှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒီဟာကို ကျွန်တော်တို့ ထုတ်လွှ တ်အခိုးအငွေ့တွေကိုပါ ပြုပြင်သန့်စင်ရေးအတွက် လိုအပ်တဲ့အ ခြေအနေတွေ ဖန်တီးပေးဖို့ဆိုတာကို ထည့်သွင်းခဲ့တာဖြစ်ပါတယ်။ နောက် တစ်ချက်ကတော့ မူလဥပဒေကြမ်း ပုဒ်မ ၉၊ ပုဒ်မခွဲ(ဏ)မှာ ဖော်ပြထားတာကတော့ စက်မှုနယ် မြေများနှင့် အခြားလိုအပ်သောနေရာ အဆောက်အအုံများတွင် စွန့်ပစ် ရေသန့်စင်မှုဆိုင်ရာ စည်းကမ်းများ သတ်မှတ်ခြင်း။ ဒီအခါမှာ ကျွန်တော်တို့ အဲဒီ မှာ စဉ်းစားသုံးသပ်ခဲ့တာက စက်မှုနယ်မြေ များမှာ စွန့်ပစ်ရေနေရာ အဆောက် အအုံတွင် မကဘူး၊ အဲဒီမှာ သုံးနေတဲ့ စက်ယန္တရားကြီး တွေရဲ့ ထုတ်လွှတ် တဲ့ အခိုးအငွေ့တွေ ၊ နောက်တစ်ခါ စက်ယာဉ် ယန္တရားတွေကနေပြီး ဆီ ယိုဖိတ်မှုတွေ ဘာတွေ ရှိနိုင်တယ် ဆိုပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီကနေပြီးတော့ ဖြည့်စွက်ခဲ့တာ ရှိပါတယ်။ အဲဒါကတော့ စက်မှု နယ်မြေများနှင့် အခြားလိုအပ်သော နေရာ၊ အဆောက်အအုံ များတွင် စွန့်ပစ်ရေသန့်စင်မှု ဆိုင်ရာစည်းကမ်းများ သတ်မှတ်ခြင်း ၊ စက်ယာဉ်ယန္တရားများက ထုတ်လွှတ်မှုဆိုင်ရာ စည်းကမ်းများသတ်မှတ်ခြင်း ဆိုတာတို့ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ဆွေးနွေးခဲ့တဲ့ အခါမှာတော့ စက်ယာဉ်ယန္တရားများက ထုတ်လုပ်မှု ဆိုင်ရာ စည်းကမ်းများ သတ်မှတ်ခြင်း ဆိုတဲ့အချက်ကို ပယ်ဖျက်ခဲ့တာ ကို ကျွန်တော်တို့ အခုအချိန်မှာ တွေ့ရှိ ရပါတယ်။ နောက်မူရင်း ဥပဒေပုဒ်မ ၉(ဗ) မှာ အိုဇုံးလွှာကာကွယ်ရေး၊ ဇီဝမျိုးစုံ ၊ မျိုးကွဲများ ထိန်းသိမ်းရေး အဏ္ဏ ဝါကမ်းခြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို လျှော့ ချရေးအစရှိသဖြင့် သဲကန္တာရ မဖြစ်ထွန်းမှုတို့ ဘာတို့ ဒီအချက်တွေပါပါတယ်။ အဲဒီတော့ အဲဒီမှာလည်း ခုန ကျွန်တော်တို့ ပြန်စဉ်းစားတဲ့

အခါမှာ အဏ္ဏဝါကမ်းခြေ ပတ်ဝန်းကျင်ဆိုတဲ့နေရာမှာ အဏ္ဏဝါကမ်းခြေ တင်ပဲလား။ ဒီ Coastal Line လိုင်းကြီးပဲလား ။ဒီပတ်ဝန်းကျင် ဒီ Enviroment တင်မကဘူး။ ဒီရေထုရဲ့ ပျက်စီးမှုပါ Water ရဲ့ Quality ကိုလည်း ကျွန်တော်တို့ ထည့်သင့်တယ်လို့ ထင်မြင်ယူဆတဲ့ အတွက် ကြောင့်မို့လို့ အဏ္ဏဝါကမ်းခြေ နှင့် ရေထုပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုတာကို ကျွန်တော်တို့ ထည့်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ အဏ္ဏဝါကမ်းခြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ အဏ္ဏဝါကမ်းခြေ နှင့် ရေထုပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုတဲ့ စကားရပ်နှစ်ခုဟာ အတော် ကြီး ကွာခြားတယ် ဆိုတာကို ဥက္ကဋ္ဌကြီးကို တင်ပြလိုပါတယ်ခင်ဗျား။

နောက်ဆုံးအချက် တင်ပြလိုတာကတော့ ကျွန်တော်တို့ ဒီအချက်ကလေးဟာ ဆရာ ဦးခင်မောင်ရီ ကျွန်တော်တို့ ပထမဦးဆုံး ဟို ဥပဒေကြမ်းကော်မတီနဲ့ ကြားနာတဲ့အ ချိန်မှာ တင်ပြခဲ့တာပါ။ ဆရာကြီး ဒီဟာလေးတစ်ချက်တော့ သတိမေ့ပြီးကျန်ခဲ့တယ် ထင်ပါတယ် ခင်ဗျား။ မူရင်း ပုဒ်မ ၂၇(က)ပါ။ အဲဒီမှာကတော့ ဘာပါလဲဆိုတော့ သတိပေးပြီး စည်းကမ်းချက်နှ င့်အညီ လိုက်နာဆောင်ရွက်စေခြင်း။လိုက်နာဆောင်ရွက်တဲ့အနေရာမှာ ကျွန်တော်တို့က Informant လေး ထည့်သွင်းပေးစေချင်ပါတယ်။ အဲဒီတုန်းက ဆရာကြီး ဦးခင်မောင်ရီ တင်ပြလာတဲ့အတိုင်း ကျွန်တော်တို့ဥပဒေကြမ်းကော်မတီက ပြင်ဆင်ခဲ့ပါတယ်။ သတိပေးပြီး စည်းကမ်းချက်နှင့်အညီ လိုက်နာဆောင်ရွက်စေခြင်း၊ ခံဝန်ချက်ရေးထိုးစေခြင်းဆိုပြီးတော့ သတိပေးတယ်။ Warnning လုပ်လိုက်တယ်။ ဒါပေမဲ့ ခံဝန်ချက်ကိုပါ တစ်ခါတည်း ရေးထိုးလိုက်ရမယ်ဆိုရင် ပိုပြီးတော့ ထိထိ ရောက်ရောက်ဆောင်ရွက်နိုင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ပုဒ်မကို ပြင်ဆင် ခဲ့တာ ဖြစ်ပါတယ်။ ကျန်တဲ့ ပြည်သူ့လွှတ်တော် ဘက်က ပြင်ဆင်ခဲ့တဲ့ ပုဒ်မတွေကတော့ ကျွန်တော်တို့ အထူးဆွေးနွေးဖို့မရှိပါဘူး ဥက္ကဋ္ဌကြီး ခင်ဗျား။ သို့သော်ငြားလည်း ဒီမှာကော်မတီ ဖွဲ့စည်းတဲ့ အခြေအနေ ကနေစပြီးတော့ ကြီးကြီးမားမား ပြောင်းလဲသွားတာတွေ ရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန် တော့်ရှေ့က ကိုယ်စားလှယ်ကြီးများ တင်ပြသွားသလိုပဲ ဥပဒေကြမ်းကော်မတီအနေနဲ့ ဥက္ကဋ္ဌကြီး ရဲ့ ခွင့်ပြုချက်နဲ့ ပြန်လည်စိစစ်ခွင် ့ပြုနိုင်ပါရန် လေးစားစွာ ပန်ကြားတင် ပြအပ်ပါ တယ်။ အားလုံးကို အထူးပဲကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင် ဗျား။ အမျိုး သား လွှတ်တော်ကိုယ်စားလှယ် (၃)ဦးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး တော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။ (သြဘာသံများ)

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၏နိုင်ငံတော်တစ်ဝန်းတွင် ယာဉ်မတော်တဆဖြစ်မှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများထိခိုက် ဒဏ်ရာရသေဆုံးရမှု များ အမှန်တကယ် လျော့နည်းကျဆင်းသွားစေရန် အတွက်သင့်တော်သည့်နှစ်ကာလတစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၃၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လိုအပ်ချက်အရ အစီအစဉ် ၂၁ ဦးဝင်းနောင် အဆိုတင်သွင်းခြင်းကို ကျော်ပြီးတော့ ဆောင်ရွက်ပါမယ်။ ပြည်ထဲရေးနဲ့ ပတ်သက်တဲ့ကိစ္စ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဝင်းနောင် က နိုင်ငံတော်တစ်ဝန်းတွင် ယာဉ်မ တော်တဆ ဖြစ်မှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများ ထိခိုက်ဒဏ်ရာရ သေဆုံးရမှု များ အမှန်တကယ် လျော့နည်းကျဆင်းသွားစေရန်အတွက် သင့်တော်သည့် နှစ်ကာလတစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ဦးဝင်းနောင် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၃။**

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့် အထူးဖိတ်ကြား မှုနဲ့ တက်ရောက် တဲ့ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်

ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒန ယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနောင် ဖြစ်ပါတယ်။ အများပြည်သူရဲ့ အသက်ဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက် နိုင်စေဖို့ ကျွန်တော် တင်သွင်းခဲ့တဲ့အဆိုကို တင်သွင်းခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးကို ကျွန်တော် အထူးပဲ ကျေးဇူးတင်ကြောင်း တင်ပြလိုပါတယ် ။ တစ်ဆက်တည်း အချိန်မြန်ဆန်အောင် ကျွန်တော့်ကို ဖတ်ကြားတင်ပြခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ တချို့အင်္ဂလိပ်လို အသုံးအနှုန်းတွေကိုလည်း ခွင့်ပြုပေးဖို့ တင်ပြအပ်ပါတယ်။ ကျွန်တော်တင်ထားတဲ့ စာတမ်းမှာ အပြည့်အစုံရေးသား ဖော်ပြ ထားပါတယ်။ အချိန်ကိုလည်း မြန်ဆန်သွားအောင် တချို့အရေးမကြီးတဲ့ အချက်လေးတွေကို ကျွန်တော်ကျော်ပြီးတော့ ဖတ်ကြားခွင့် ကိုလည်း တောင်းခံ အပ်ပါတယ်။ ကျွန် တော်တို့ ဒီ ယာဉ် မတော်တဆဖြစ်မှုတွေကို ဒါ လတ်တလောဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေအနေနဲ့ ကိုယ်စားလှယ် တော်များအားလုံးလည်း သိရှိကြပါတယ်။ ဒါ ကျွန်တော်တင် တုန်းကတော့ ဒီဇင်ဘာလမှာ တင်ခဲ့ တာဖြစ်ပါတယ်။ အဲဒီတုန်းက သံလျင်ကနေပြီးတော့မှ ရန်ကုန်ကို မောင်းနှင်လာတဲ့ ခရီးသည်တင် ဘတ်စ်ကားတစ်စီးဟာ ကျောင်းသား /ကျောင်းသူတွေလည်းပါတယ်။ ခရီးသည် (၅၀)လောက် အပြည့်နဲ့ မဟာဗန္ဓုလတံတားအဆင်းမှာ အရှိန်မထိန်းနိုင်ဘဲနဲ့ တိမ်းမှောက်သွားခဲ့တယ်။ ဒဏ်ရာ အများအပြားရတယ်။ ဂျာနယ်ထဲမှာတွေ့တာ လူ (၂၅)ယောက်လောက် ဒဏ်ရာရတယ်ပြောတယ်။ ယာဉ်နောက်လိုက်(၁)ဦး သေဆုံးပါတယ်။ တစ်ခါ ဇူလိုင်လထဲမှာလည်း ဒဂုံတက္ကသိုလ်နဲ့လှျပ်စစ်ရုံး အကြား မင်းရဲကျော်စွာလမ်းပေါ်မှာယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲနဲ့တိမ်းမှောက်ခဲ့လို့ ကားပိပြီး လူတစ်ယောက်သေဆုံးပါတယ်။ (၁၉)ဦး ဒဏ်ရာရခဲ့ပါတယ်။ အဲဒီဇူလိုင်လထဲမှာပဲ ဒဂုံ တက္ကသိုလ် နဲ့ ရန်ကုန်မြို့တွင်း ပြေးဆွဲနေတဲ့ ဘတ်စ်တစ်စီးဟာ ရွှေဂုံတိုင်မီးပွိုင့်အလွန်မှာတိမ်းမှောက်ခဲ့တာမှာ အမျိုးသား(၆)ဦး၊ အမျိုးသမီး(၉)ဦးနဲ့ သံဃာ (၁)ပါး ထိ ခိုက်ဒဏ်ရာရပြီးတော့ အမျိုးသမီး(၂)ဦးနဲ့ ယာဉ်နောက်လိုက်(၁)ဦးတို့ သေဆုံးခဲ့ပါတယ်။ နိုဝင်ဘာလပိုင်းမှာလည်း ကျောက်ဆည်ခရို င် အတွင်း အမြန်လမ်းမပေါ်မှာ နာမည်ကြီးခရီးသည် အဝေးပြေး ခရီးသည်ယာဉ်တစ်စီး တိမ်းမှောက်ခဲ့တာ ခရီးသည် (၉)ဦး သေဆုံးပြီးတော့(၂၅)ဦး ဒဏ်ရာရခဲ့တဲ့ ဖြစ်စဉ် ဖြစ်ပွား ခဲ့ပါတယ်။ ဒီလိုအလားတူ ယာဉ်မတော်တဆမှုတွေကြောင့် လူများထိခိုက်ဒဏ်ရာရ သေဆုံးမှု တွေဟာ မြန်မာနိုင်ငံတော်တစ်ဝန်းမှာ ဖြစ်ပွားလျက်ရှိရာ မိမိနိုင်ငံရဲ့ ဖြစ်ပွားနှုန်း၊ သေဆုံးဒဏ်ရာ ရနှုန်း၊ အမြဲတမ်း မစွမ်းမသန် ဖြစ်ပွားမှုနှုန်း၊ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေနဲ့ အခြားပြည်သူလူထု၏ ပျက်စီးဆုံးရှုံးရမှု တန်ဖိုးတွေ၊ ဂျီဒီပီ၏ ရာခိုင်နှုန်းအချိုးတို့ကို အခြားသောနိုင်ငံများ အထူးသဖြင့်

အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ချိန်ထိုးကြည့်လို့ရှိရင် သာမန်မျှ ဖြစ်ရိုးဖြစ်စဉ် ဖြစ်ပွားနေတဲ့ ကိစ္စလို့ သဘောမထားသင့်တဲ့ အကြောင်း တွေ့ရှိရမည်ဖြစ်ပါတယ်။ အရင်က မစွမ်းနိုင်သေးလို့ လျစ်လျူရှု ထားရတယ်ဆိုရင်လည်း အခုအခါမှာ မြန်မာနိုင်ငံဟာ အစွမ်းရှိတဲ့ နိုင်ငံဖြစ်လာပြီ ဖြစ်တဲ့အတွက်ကြောင့် ပြည်သူပြည်သားတွေရဲ့ အသက်အိုးအိမ်စည်းစိမ် အလဟဿ ပျက်စီး ဆုံးရှုံးမှုများပြားနေတာကို လျစ်လျူရှုမထားဘဲနဲ့ လျော့နည်းသွားအောင်မဖြစ်မနေ စီမံဆောင်ရွက် သင့်ပြီလို့ နှိုးဆော်လိုပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုး သားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှာ ဒီအဆိုနဲ့အလားတူ ကျွန်တော်တို့နိုင်ငံမှာ ဒီယာဉ်မတော်တဆမှုတွေဖြစ်ပွားနေ တာနဲ့ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်သေဆုံးမှုတွေ လျော့နည်းအောင် စနစ်တကျဆောင်ရွက် နေတဲ့ အစီအစဉ် ရှိ /မရှိ မေးခွန်း မေးမြန်း တင်ပြခဲ့ဖူးပါတယ်။ အဲဒီတုန်းက ဒုတိယဝန်ကြီး လာရောက်ပြီးတော့ ရှင်းလင်းဖြေကြားပေးခဲ့ ပါတယ်။ အဲဒီတုန်းက တော်တော်ကို ပြည့်ပြည့်စုံစုံ ရှင်းလင်းဖြေကြားပေးခဲ့တဲ့ ပြည်ထဲရေးဝန်ကြီးဌာနကို အထူးလည်းပဲ ကျေးဇူးတင်ပါတယ်။ ရှင်းလင်းဖြေကြားပေးခဲ့တဲ့ အချက်တွေကို ကျွန်တော် အကျယ်မတင်ပြလိုတော့ပါဘူး ။ အဲဒီတုန်းက ဒုတိယဝန်ကြီး ပြောကြားသွားတာမှာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး လုပ်ငန်းတွေဆောင်ရွက်ရာမှာ ဌာ နစုံနဲ့ကဏ္ဍစုံမှ အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါ ကြောင်း ရှင်းလင်း ဖြေကြားခဲ့ပါတယ်။ ဒါဟာ အမှန်ပါပဲ။ ဒုတိယဝန်ကြီး ဖြေကြားခဲ့တဲ့ အတိုင်း ပါပဲ။ ဌာနစုံနဲ့ ကဏ္ဍစုံက အတူတကွပူးပေါင်း ဆောင်ရွက်ရန် လိုအပ်နေတာ အမှန်ပဲ ဖြစ်ပါတယ်။ ယနေ့အချိန်အခါမှာ နိုင်ငံတော် နဲ့ပြည်သူအတွက် စွမ်းဆောင်နိုင်တဲ့ နိုင်ငံတော်သမ္မတကြီး ဦးဆောင် တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးတွေ ၊ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော် အဆင့်ဆင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရနဲ့ လွှတ်တော်တွေ အားကောင်းတဲ့လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး အဖွဲ့အစည်းများစွာ ဖြစ်ထွန်းပေါ်ပေါက်လျက်ရှိရာတစ်ဖွဲ့အားနဲ့ ယူသော် မရ၊ ပူးပေါင်းအားနဲ့ ယူလို့ရှိရင် ဒါ အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်သွား နိုင်မှာပဲ ဖြစ်ပါတယ်။ ယာဉ်မတော်တဆမှုနဲ့ ယင်းကြောင့် ထိခိုက်ဒဏ်ရာရ သေဆုံးမှုတွေ လျော့နည်း စေရေးကို နိုင်ငံတော်အဆင့်က စနစ်တကျ အစီအမံချမှတ်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်သွားလို့ရှိရင် ရည်မှန်းချက်ချမှတ်တဲ့ ခုနှစ်မှာ ယာဉ်မတော်တဆဖြစ်စဉ် ဖြစ်ပွားနှုန်းနဲ့ သေဆုံးဒဏ်ရာရနှုန်း အမှန်တကယ် လျော့နည်းကျဆင်းသွားမယ်လို့ ယုံကြည် ပါတယ်။ အဲ ဒီလို

လျော့နည်းကျဆင်းသွားခြင်းဟာ ပြည်သူလူထုရဲ့ အသက်ကို ကယ်ခြင်းဖြစ်တဲ့အတွက်ကြောင့် ပြည်သူကိုစောင့်ရှောက်ရန် တာဝန်ရှိတဲ့သူတွေအနေဖြင့် မလွဲမသွေ ပြုလုပ်ဆောင်ရွက်ရမယ့် လုပ်ငန်းလည်း ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုပါတယ်။ ဒါကတော့ ပြည်သူကိုစောင့်ရှောက်ရန် တာဝန်ရှိသူများထဲမှာ ကျွန်တော်တို့ လွှတ်တော်လည်း ပါပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့လည်း ပါဝင် ပါတယ်။

လက်ရှိတာဝန်ယူဆောင်ရွက်နေတဲ့ အဖွဲ့အစည်း တွေအနေနဲ့ ပြည်ထဲရေးဝန်ကြီးဌာန အောက်က ယာဉ်ထိန်းရဲတပ်ဖွဲ့ရဲ့ ရည်မှန်းချက် တာဝန်တွေကို ကျွန်တော်လေ့လာကြည့်တဲ့အခါမှာ (က) ယာဉ်သွား လမ်းပေါ်တွင် မတော်တဆမှုနှင့် လမ်းပိတ်ဆို့မှု ထိန်းသိမ်းကာကွယ်ရေး၊ (ခ) ယာဉ်နှင့်လမ်း စည်းကမ်းထိန်သိမ်းရေး (To Contorl vehicle and Road Discipline) (ဂ) ယာဉ်လမ်းကြောင်းပေါ်တွင်ဖြစ်ပွားတဲ့ မတော်တဆမှုတွေကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်း၊ (ဃ) ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်သူလူထုကို အသိပညာပေးတဲ(င) ပြည်သူလူထုလုံခြုံမှုရှိရန်နှင့်ကာကွယ်နိုင်ရန်အတွက် ကူညီမှုပေးရေး အစရှိသည်တို့ဖြစ်ပါတယ်။ ရ ထား ပို့ဆောင်ရေးဝန်ကြီးဌာနအောက်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ကညန)ရဲ့ အဓိကရည်မှန်းချက်တာဝန်ဟာ ကျွန်တော် အဲဒီ(ကညန)ရဲ့ စာစောင်ကိုဖတ်ပြီးတော့ တင်ပြတာ ဖြစ်ပါတယ်။ အဲဒီမှာ အဓိကရည်မှန်းချက်တာဝန်သည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး (Road Safety) ဖြစ်သည်ဆိုပြီးတော့ အတိအလင်း သူတို့ သတ်မှတ်ထားတာတွေ့ပါတယ်။ အဲဒီလုပ်ငန်း တာဝန်တွေကို ဖတ်ပြရလို့ရှိရင် (က) အများပြည်သူဆိုင်ရာ လမ်းများပေါ်တွင် အသုံးပြုနေသော မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် စစ်ဆေးခြင်း၊ ဥပဒေနှင့် အညီ မှတ်ပုံတင်ပေးခြင်း ၊ (ခ) ယာဉ်မောင်းလိုင်စင်များကို စစ်ဆေးပေးပြီး ဥပဒေနှင့်အညီထုတ်ပေးခြင်း၊ (ဂ) လမ်းအသုံးပြုသူများ၊ လိုက်နာရမည့် စည်းကမ်းများကို သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်း၍ ထုတ်ပြန်ခြင်း၊ (ဃ)နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကောက်ခံခြင်းတို့ ဖြစ်ပါတယ်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာအရင်တုန်းက ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ကဖြစ်ပြီးတော့ ၁၉၉၂ ခုနှစ်၊ ဇန်နဝါရီလမှာ ပို့ဆောင်ရေးဝန်ကြီးဌာနနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန

ဆိုပြီးတော့ ဝန်ကြီးဌာန(၃)ခုကို ပြ င်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့တာမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ကို ရောက်ရှိခဲ့ခြင်းဖြစ်ပါတယ်။ ဒီအချက်တွေအရ ကျွန်တော်ကြည့်တဲ့အခါမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကို အဓိက တာဝန်ပေးထားပြီးတော့ Road Discipline ပေါ့လေ။ အဲဒီအပိုင်းကို အဓိကပေးထားပြီးတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)ကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး (Road Safety )ကို အဓိက တာဝန်ပေးအပ်ဆောင်ရွက်စေလျက်ရှိကြောင်း သိရှိရပါတယ်။ ဒီတာဝန်နှစ်ရပ်က ဆက် နွယ်မှုရှိတဲ့အတွက်ကြောင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါတယ်။ လိုအပ်မှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြောကြားခဲ့တာမှာ ပါပါတယ်။ ကျွန်တော်တို့နိုင်ငံက ပြည်ထဲရေးဝန်ကြီး ကိုယ်တိုင်လည်း ပါဝင်ပြီးတော့ တက်ရောက်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့ကနေ ၂၀ ရက်နေ့အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့မှာ ကျင်းပတဲ့ပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာ လမ်းအန္တရာယ်ကင်းရှင်းရေးဝန်ကြီးအဆင့် အစည်းအဝေး (First Global Ministerial Conference On Road Safety)က ထုတ်ပြန်ခဲ့တဲ့ မော်စကို ကြေညာစာတမ်း (Moscow Declaration) ကိုလည်း လိုက်နာဆောင်ရွက်လျက်ရှိကြောင်း ဖြေကြား သွားခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်၊ မော်စကို အစည်းအဝေးကြီးအား ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ WHO နှင့် ကမ္ဘာ့ဘဏ် World Bank တို့၏ နှိုးဆော်ချက်ဖြင့် ကျင်းပခဲ့ ခြင်းဖြစ်ပြီး ယာဉ်အန္တရာယ်များ က ကမ္ဘာ့လူသားများအပေါ် ကြီးမားသော စိန်ခေါ်မှုဖြင့် ခြိမ်းခြောက် နေပြီဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ခြင်းဖြစ်ပါတယ်။ ကမ္ဘာ့ ကုလသမဂ္ဂ ကိုယ်စားလှယ်များနှင့် နိုင်ငံပေါင်း (၁၅၀)က ပြည်ထဲရေးဝန်ကြီးများအပြင် အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် အခြားအဖွဲ့အသီးသီးက ကိုယ်စားလှယ်(၁၅၀၀)ယောက် တက်ရောက်ခဲ့သည့်အပြင် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်၊ ကမ္ဘာကျော်ရုပ်ရှင် ဒါရိုက်တာ အန်းလီ၊ မင်းသားဂျက်လီ၊ မင်းသမီးမီ ရှဲလ်ရိုး၊ နိုဗယ်လ်ဆုရှင် ဒတ်စမွန်တူးတူး အစရှိသည့် ကမ္ဘာကျော်ပုဂ္ဂိုလ်များတက်ရောက်ခဲ့ကြပြီး ရုရှားသမ္မတ Mr. Dmitry Medvedev ကိုယ်တိုင် မိန့်ခွန်းပြောကြားခဲ့ခြင်းဖြင့် ယာဉ်တိုက်ခိုက်မှုများနှင့် လမ်းအန္တရာယ်များ ကင်းရှင်းရေးကို အထူးအလေးထားပြီးတော့ ဆွေးနွေး ဆောင်ရွက်ခဲ့ကြတာကို တွေ့ ရှိခဲ့ပါတယ်။ ဒီမော်စကို ကြေညာစာတမ်းမှာ ၂၀၁၁ ခုနှစ် မှ ၂၀၂၀ ခုနှစ်အထိ (၁၀)စုနှစ် တစ်ခုကို လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် လှုပ်ရှားတက်ကြွတဲ့ ဆယ်စုနှစ်အဖြစ် တိုက်တွန်းထားပြီး ၂၀၀၉ ခုနှစ်၊ မော်စကို အစည်း

အဝေးပြီးဆုံးပြီး နောက် (၅)နှစ်အကြာကာလမှာ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ တိုးတက်မှု အခြေအနေများကို ပြန်လည် တိုင်းတာ ဆုံးဖြတ်သွားမည်ကို ဖော်ပြထားကြောင်းသိရှိ ရပါတယ်။ (၅)နှစ်အကြာကာလဆိုသည်မှာ ၂၀၁၄ ခုနှစ်မှာ ပြည့်မြောက်မည်ဖြစ်ရာ ၂၀၁၄ ခုနှစ် သည် မြန်မာနိုင်ငံက အာဆီယံ ဥက္ကဋ္ဌရာထူးနဲ့ ထိပ်သီးအ စည်းအဝေးများ ပြုလုပ်ကျင်းပရမည့် ကာလနှင့် တိုက်ဆိုင်နေတဲ့ အတွက်ကြောင့် ၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့ နိုင်ငံတစ်ဝန်း မှာ ယာဉ်မတော်တဆမှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများထိခိုက်ဒဏ်ရာရ သေဆုံးမှုဖြစ်ပွား နှုန်းတွေ အမှန်တကယ် လျော့နည်းကျဆင်းသွားအောင် စီမံဆောင်ရွက်သွားနိုင် လို့ရှိရင်တော့ အတိုင်းထက်အလွန် တံခွန်နှင့်ကုက္ကားဟု ဆိုရမည်ပဲ ဖြစ်ပါတော့သည်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ယာဉ် အန္တရာယ်ကင်းရှင်းရေးအတွက် လှုပ်ရှား တက်ကြွသော အမျိုးသားရေးအသွင်ဖြင့်ဖြစ်စေ၊ ယာဉ် မတော်တဆဖြစ်ပွားမှုများပြားနေတဲ့ တိုင်းဒေသကြီး နှင့် ပြည်နယ်တွေမှာ အဓိကထား၍ ဖြစ်စေ၊ ပြည်နယ်တွေမှာကတော့ နည်းပါတယ်။ တိုင်းဒေသကြီးတွေမှာ ဖြစ်ပွားမှုများပါတယ်။ နိုင်ငံတော် အဆင့် စနစ်တကျ အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှုကြောင့် ၂၀၁၄ ခုနှစ် မှာ ယာဉ်တိုက်ခိုက်မှုနှင့် လူများထိခိုက်ဒဏ်ရာရသေဆုံးနှုန်းထားကို သိသာစွာ လျော့နည်းကျဆင်း သွားအောင် ရည်မှန်းချက်ထားဆောင်ရွက်လျှင် အလွန်သင့်တော်မည် ဖြစ်ကြောင်းတင်ပြလိုပါ တယ်။ ကျွန်တော်တွေ့ရှိတာက မြန်မာနိုင်ငံဆရာဝန်အသင်းမှ တာဝန်ရှိသူတစ်ဦး ဖြစ်တဲ့ ဒေါက်တာနေဝင်း က သူတို့ရဲ့ ရည်မှန်း ချက်များတင်ပြသွားပါတယ်။ မြန်မာနိုင်ငံ၌ ၂၀၁၅ ခုနှစ် တွင် HIV ပိုးတွေ့ လူနာသစ်များ ထပ်မံမတွေ့ရှိသည့် အခြေအနေရောက်အောင် ရည်မှန်းချက် ထားဆောင်ရွက်နေတယ်လို့ ပြောပါတယ်။ အဲဒီလိုပြောကြားရာမှာ ခက်တော့ခက်မှန်း သိပါတယ် တဲ့။ ဒါပေမဲ့ အဲဒီလို ရည်မှန်းချက်ထားပြီးလုပ်မှသာ အလုပ်ကအောင်မြင်နိုင်မှာလို့ ပြောခဲ့ပါ တယ်။ အလားတူပင် ယာဉ်မတော်တဆမှုများနှင့် ထိခိုက်ဒဏ်ရာရ သေဆုံးနေရမှုများ လျော့နည်း ကျဆင်းသွားစေရေးသည် ခက်ခဲသော်လည်း မဖြစ်မနေအောင်မြင်စေရန် အကောင်အထည်ဖော် ဆောင်ရွက် သွားသင့်တဲ့ ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့ တာဝန်ရှိတဲ့ကိစ္စလည်း ဖြစ်ပါတယ်။ ဒါကို ဖော်ဆောင်လို့ရှိရင် အနိမ့်ဆုံး အကျိုးကျေးဇူးအနေနဲ့ နိုင်ငံတော်ဘဏ္ဍာ ငွေနဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ် ထိခိုက်ဆုံးရှုံးနေရမှုတွေ လျော့နည်းသွားစေမယ့် လမ်းစရရှိမယ်လို့ ကျွန်တော်အလေးအနက် ယုံ ကြည်မိပါတယ်။ မြန်မာနိုင်ငံမှာ ယာဉ်မတော်တဆမှု ဖြစ်ပွားမှု

အခြေအနေကို ဆက်လက်ပြီး တင်ပြရလို့ရှိရင် ၂၀၀၉ ခုနှစ်မှာ သုတေသနပြု စာရင်းဇယားများ အရ အာဆီယံနိုင်ငံများအတွင်း လမ်း အန္တရာယ်ကြောင့် လူ (၁)သိန်းမှာ သေဆုံးရ မှုနှုန်းက အဲဒီတုန်းက ၂၀၀၉ ခုနှစ် စာရင်းပေါ့လေ။ မလေးရှားနိုင်ငံက (၂၄)ယောက် သေဆုံးနှုန်း အများဆုံး ဖြစ်ပြီး တော့ မြန်မာနိုင်ငံက (၂၃)ယောက်နှု န်းနဲ့ ဒုတိယအများဆုံး ဖြစ် ပါတယ်၊ ဖိလစ်ပိုင် က (၂၀)ဦး၊ ထိုင်းနိုင် ငံ က (၁၉.၅)ဦး၊ လာအိုနိုင်ငံ က(၁၈)ဦး၊ အင်ဒိုနီးရှား နိုင်ငံ က (၁၆)ဦး၊ ဗီယက်နမ်နိုင်ငံ က (၁၆)ဦး၊ ဘရူနိုင်း က(၁၃.၅)ဦး၊ ကမ္ဘောဒီး ယား က(၁၂)ဦးနဲ့ စင်ကာပူနိုင်ငံ က အနည်းဆုံး (၄.၅)ဦးနှုန်း အသီး သီးရှိခဲ့ကြောင်း သိရှိ ရပါတယ်။ Source Global Status Report။ နောင် လာမယ့် ၂၀၁၄ ခုနှစ်မှာ ပြန်လည် သုံးသပ်တဲ့ အခါမှာ ကျတော့ရင် မြန်မာနိုင်ငံက လမ်းအန္တရာယ်ကြောင့် သေဆုံးရမှုနှုန်း စိုးရိမ်တာပေါ့လေ။ အဲဒီတုန်းက မလေးရှား က အများဆုံး (၂၄)ယောက်နဲ့ ဒုတိယအများဆုံးဖြစ်တဲ့ ကျွန်တော်တို့နိုင်ငံက အများဆုံး မဖြစ်သွားအောင် ကျွန်တော်က အမျိုးသားရေးမို့ နှိုးဆော်လိုတာဖြစ်ပါတယ်။

၂၀၀၉ ခုနှစ်က စာရင်းဇယားများအရ ဒါဟာလည်း ကျွန်တော်ဆီမှာ ၂၀၀၉ ခုနှစ် စာရင်းဇယားပဲရှိပါတယ်။ သို့သော် ပြီး ခဲ့တဲ့ ဂျာနယ်တွေ စသည်ဖြင့် တွေ့ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး ကြေညာပါတယ်။ နိုဝင်ဘာလထဲက ကြေညာတာပါ။ မနှ စ်က ထက်ကျော်သွားပြီ ။ ဒီဇင်ဘာလ မကုန်သေးပါဘူး ကြေညာ ပါတယ်။ နောက် မကွေးစာရင်း ကြည့်တဲ့ အခါမှာလည်း တစ်နှစ်လုံးစာရင်း ပိုပါတယ်။ နောက် နေပြည်တော်စာရင်းကို ကြည့်တာလည်း နှစ်ဆတိုးသွား တာကို တွေ့ ပါတယ်။ ၂၀၀၉-၂၀၁၀-၂၀၁၁ ကို ကြေညာသွားတာ တွေ့ပါတယ်။ ကျွန်တော် အကြမ်းဖျင်းပေါ့လေ။ ကိုယ်စားလှယ်တော်ကြီးများသိအောင် အကြမ်းဖျင်းပြော ရလို့ရှိရင် ဘယ် လောက်ထိ ဖြစ်ပွားနေသလဲဆိုရင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ၂၀၀၇ ခုနှစ်၊ ယာဉ်တိုက်မှု ပေါင်း (၆၉၃၉)မှု၊ သေဆုံးတာ(၁၆၃၈)ဦး၊ ဒဏ်ရာရတဲ့သူကတော့ (၁၀၀၀၀)ကျော်ချည်းပါပဲ။ ဒဏ်ရာ ရရှိသူ(၁၃၀၆၇)ဦး၊ ၂၀၀၈ ခုနှစ်မှာ ယာဉ်တိုက်မှု (၇၂၀၄)မှု သေဆုံး တာ(၁၈၅၃)ဦး၊ ဒဏ်ရာ ရရှိသူ(၁၂၈၀၃)ဦး၊ ၂၀၀၉ ခုနှစ်မှာ ယာဉ်တိုက်မှု(၈၄၆၁)မှု၊ သေဆုံးတာ (၂၁၇၄)ဦး စသည်ဖြင့် ပေါ့လေ။ အဲဒီထဲမှာ ဒဏ်ရာရတာ (၁၄၇၀၀)ဦး၊ (၁၄၇၀၀)ဦးထဲမှာ (၇၁၈၃)ဦးသည် ပြင်း ထန် သောဒဏ်ရာ ရရှိသွားပါတယ်။ အမြဲမသန်မစွမ်းဖြစ်သွားနိုင်ပါတယ်။ မြန်မာနိုင်ငံ တစ်ဝှမ်း လူသတ်မှုများအနေနဲ့ ၂၀၀၇ ခုနှစ်မှာ (၇၄၉)မှု ဖြစ်ပွားတာ (၇၇၀)ဦးသေတယ်။ ၂၀၀၈ ခုနှစ်မှာ လူသတ်မှု(၇၉၁)မှုဖြစ်ပွားတာ (၈၁၂)ဦးသေတယ်။ ၂၀၀၉ ခုနှစ်တွင် လူသတ်မှု(၇၄၁)မှု

ဖြစ်ပွားတာ(၇၅၂)ယောက် သေတယ်။ ဒီယာဉ်အန္တရာယ်က ရာဇဝ တ်မှုဖြစ်တဲ့ လူသတ်မှု ဖြစ်စဉ်တွေထက် ကျွန်တော် တို့နိုင်ငံက လူ့အဖွဲ့အစည်းကို ပိုမိုခြိမ်းခြောက်အန္တရာယ်ပြုနေကြော င်း ထင်ရှားတွေ့မြင်ရမှာ ဖြစ်ပါ တယ်။ ကျွန်တော်ဒီနေရာမှာ ကျွန်တော်တို့ နိုင်ငံလွတ်လပ်ရေး ရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ တပ်မတော်သား သေဆုံး၊ ကျဆုံးခဲ့ကြတဲ့ တပ်မတော်သားတွေရဲ့ အရေအတွက် ထက် နိုင်ငံတော်ရဲ့ လွတ်လပ်ရေး ဆက်လက်ပြီးတော့ တည်တံ့အောင် အဲဒါကို ထိန်းသိ မ်းရင်းနဲ့ ကာကွယ်စောင့်ရှောက်ရင်း နဲ့ ကျဆုံးခဲ့ တဲ့ တပ်မတော်သားတွေရဲ့ အရိုးဟာပိုများပါတယ်။ ကျဆုံးမှုဟာပိုပါတယ် ဆိုပြီးတော့ ကြေညာ ပြောကြားတဲ့ဟာကို ကျွန် တော် ဖတ်ဖူး ကြားဖူးတာကြာပါပြီ။ ဒီယာဉ်ဖြစ်စဉ်တွေကြောင့် သေဆုံးသွားတဲ့ ကျွန်တော်တို့ နိုင်ငံသူ/နိုင်ငံသားတွေရဲ့ အရိုးဟာဆိုရင်တော့ ပိုပြီးတော့ တောင်လိုပုံနေပြီ။ ဒါကိုမြင်ယောင် ကြည့်နိုင်ပါတယ်။ ၂၀၀၉ ခုနှစ်မှာ မြန်မာနို င်ငံမှာ ယာဉ်တိုက်မှု အများဆုံး ဖြစ်ပွားခဲ့တဲ့ တိုင်းဒေသကြီး / ပြည်နယ်တွေကို ကြည့်ရင် မန္တလေးတိုင်း က(၁၆၅၅)မှု၊ ရန်ကုန်တိုင်းဒေသကြီးက (၁၆၄၄)မှု၊ ပဲခူးတိုင်းက(၁၀၇၇)မှု ဒါအများဆုံး ဖြစ်ပွားတဲ့ တိုင်းဒေသကြီးတွေပါ ။ ဒါကတော့ အကြမ်းဖျဉ်း ပြောတာပါ။ ကျွန်တော်သိသလောက် မန္တလေးတိုင်းနဲ့ ရန်ကုန်တိုင်း သူသာလိုက် ကိုယ်သာလိုက်ပဲ။ သာတယ်ဆိုတာ အများဆုံး ဖြစ်နေတာကို ပြောတာပါ။ ယာဉ်တိုက်မှု ဖြစ်စဉ်တွေကြောင့် နိုင်ငံတစ်ဝန်းဆုံးရှုံးမှု တန်ဖိုး ကျပ်(၉၄)ဘီလီယံ ရှိတဲ့အတွက်ကြောင့် GDP ရဲ့ (၃)ရာခိုင်နှုန်းမျှ ဆုံးရှုံးကြောင်း သုတေသနပြု တင်ပြသွားတာလည်း တွေ့ဖူးပါ တယ်။ ၂၀၀၈ ခုနှစ်မှာဆိုရင် ကျပ်(၁၅၇.၄၁) ဘီလီယံတောင် ဆုံးရှုံးခဲ့တယ်လို့ သိရှိရပါတယ်။ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ က ဒါခုနက ပြောသလိုပါပဲ။ ရန်ကုန်တိုင်းဒေသကြီး ယာဉ်တိုက်မှုဖြစ်ပွားတဲ့ အရေအတွက်က (၃)နှစ် ဆက်တိုက်နဲ့ နှိုင်းယှဉ် တဲ့ အခါမှာ တော့ ၂၀၁၁ ခုနှစ်မှာ အများဆုံးဖြစ်ပွားခဲ့ကြောင်း ဖော်ပြခဲ့ပါတယ်။ အဲ ဒီတော့ ၂၀၁၁ ခုနှစ် ကုန်ဆုံးချိန်ထိ ယာဉ်တိုက်မှု များပြားခဲ့ရခြင်းကို ကျွန်တော့် အနေနဲ့ကတော့ ဘယ်သူ့ကိုမှ အပြစ်မတင်ပေမဲ့ လည်း ၂၀၁၄ ခုနှစ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အနေနဲ့ နှိုင်းယှဉ်တဲ့အခါမှာဖြစ်စေ၊ အာဆီယံနိုင်ငံအချင်းချင်း နှိုင်းယှဉ်တဲ့အခါမှာဖြစ်စေ လေ့လာသုံးသပ်တဲ့အခါမှာ မြန်မာနိုင်ငံရဲ့ ယာဉ်မတော်တဆမှုနဲ့ ယာဉ်မတော်တဆမှုကြောင့် လူများ ထိခိုက်သေဆုံးရမှုနှုန်းမှာ ဒီလက်ခံနိုင်လောက်တဲ့ လျော့နည်းကျဆင်းမှုကို မတွေ့ရဘူးဆိုရင် ဒါကျွန်တော်တို့ ကိုယ်တိုင်ရော ၊ ပြည်ထောင်စုအစိုးရမှာရော တာဝန်ရှိနိုင်ပါတယ်။ အဲဒီတော့ ဒီဖြစ်ပွားနှုန်း လက်ခံနိုင်လောက်တဲ့ လျော့နည်းကျဆင်း မှု မြင်တွေ့ရဖို့အ ရေးဟာ နိုင်ငံနဲ့

ပြည်သူတို့အရေးဖြစ်တဲ့အကြောင်း အဆိုပြုလိုပါတယ်။ နိုင်ငံတကာမှာ ဆောင်ရွက်နေပုံကို လေ့လာကြည့်လို့ရှိရင် ၂၀၀၉ ခုနှစ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နဲ့ ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းထုတ်ပြန်တဲ့ ယာဉ်တိုက်ခိုက်မှု ကြိုတင် ကာကွယ်တားဆီးရေးနှင့် နောက်ဆက်တွဲ ဖြစ်ပေါ် ရတဲ့ အကျိုးဆက်တွေ အစီရင်ခံစာတွေမှာ ကမ္ဘာ့တစ်ဝှမ်းမှာ လူအများသေဆုံး၊ ဒဏ်ရာရရှိနေမှုဟာ ယာဉ် တိုက်ခိုက်မှုကြောင့် အများဆုံးဖြစ်နေရကြောင်း ၊ ယာဉ် တိုက်ခိုက်မှု ကြောင့်နှစ်စဉ် လူ(၁.၂)သန်းကျော် သေဆုံး ပြီး၊ လူသန်းပေါင်း(၅၀)ကျော် ဒဏ်ရာရခြင်း၊ မစွမ်းမသန်ဖြစ်ခြင်း ဖြစ်စေခဲ့ကြော င်း ယာဉ်တိုက်မှုဖြစ် စဉ်များသည် အသက် (၅)နှစ်နှင့် (၂၉)နှစ်အကြား ကလေး သူငယ်နှင့်လူငယ်များ သေဆုံး နေရတဲ့ အဓိကအကြောင်းရင်း ဖြစ်နေကြောင်း၊ အထူးသဖြင့် ဖွံ့ဖြိုးစနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ဤဒဏ် ကို ခံနေရကြောင်း ဖော်ပြထားပါတယ်။

ဒါပြီးခဲ့တဲ့ (၂)ပတ်လောက်ကလား၊ (၁)လလောက်ကလား၊ အဲဒီတုန်းကလည်း ဂျာနယ် တစ်စောင်မှာ တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလား ရန်ကုန်တိုင်းမှာလား ရေးတာ။ အဲဒီ ယာဉ်တိုက်မှုကြောင့် သေဆုံးနေတဲ့ဟာ ကြည့်တော့ လူငယ်တွေချည်းပဲ သေနေတာများတယ်။ ဘာကြောင့်လဲဆိုတော့ လမ်းမ ပေါ်မှာတက်ပြီးတော့ သွားလာဆောင်ရွက်နေတာ လူငယ်တွေပဲ ဖြစ်ပါတယ်။ ဒါ သူတို့ မိသားစုကို တာဝန်ယူ ပြီးတော့ ဆောင်ရွက်နေတာ ယောက်ျားဖြ စ်စေ၊ မိန်းမဖြစ်စေ။ ဒါကြောင့်မို့လို့ သေဆုံးတာဟာလည်း လူငယ်တွေချည်း ပဲ ဖြစ်ပါတယ်။ များနေတာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးသွားတဲ့ နိုင်ငံတွေမှာ ဒီယာဉ်အန္တရာယ် ၊ လမ်းအန္တရာယ် လူများ သေဆုံး ဒဏ်ရာရနေမှုတွေကို လျော့နည်းကျဆင်းသွားစေဖို့အတွက်

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဦးဝင်းနောင်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅)**။ ။ ဟုတ်ကဲ့။ အဲဒီ နိုင်ငံတွေမှာ ခိုင်မာတဲ့ အထောက်အထားအချက်အလက်တွေ အခြေခံပြီးတော့ တားဆီးကာကွယ်တဲ့ အစီအမံကောင်းတွေ ကောင်းမွန်စွာရေးဆွဲချမှတ်ပြီး ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ရည်မှန်းချက် အောင်မြင်ပြီးတော့ ယာဉ်တိုက်မှုနှ င့် ယာဉ်ကြောင့်လူအများ သေဆုံး ထိခိုက် ဒဏ်ရရှိမှုတွေ ထိရောက်စွာ လျော့ချနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာလည်း တကယ်လုပ်ရင် အဟုတ်ဖြစ်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ နောက်ခုန ကျွန်တော် တင်ပြသလိုပါပဲ။

ဒီလူငယ်တွေ သေဆုံးနေတာ ဒါကတော့ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနဲ့ သွားပြီးအကျုံးဝင်ပါတယ်။ ဒါ ရန်ကုန်တိုင်းဒေသကြီးမှာ ၂၀၁၀ ပြည့်နှစ်တုန်းက ဖြစ်ပွားခဲ့တဲ့ ယာဉ်မ တော်တဆမှုကြောင့် ရာသက်ပန် မသန်မစွမ်းဘဝရောက်နေတဲ့သူ ထောက်ပံ့ကြေးပေးအပ်သွားမယ်၊ နှစ်စဉ် နိုဝင်ဘာလ တတိယပတ်(တနင်္ဂနွေနေ့)မှာ ကမ္ဘာလုံးဆိုင်ရာ ယာဉ်မတော်တဆမှုကြောင့် သေဆုံးဒဏ်ရာရသူများ အမှတ်တရနေ့ သတ်မှတ်ပြီးတော့ နှစ်စဉ်ထောက်ပံ့ကြေးပေးမယ်။ ဒါ ဘာကို ဖော်ပြလဲဆိုတော့ ဆင်းရဲနွမ်းပါးမှုကို ဖြစ်စေတာမို့လို့ ထောက်ပံ့ကြေးပေးတဲ့သဘောဘဲ ဖြစ်ပါတယ်။ အခြားနိုင်ငံတွေ ဆောင်ရွက်မှုကိုတော့ ကျွန်တော် မတင်ပြတော့ပါဘူး။ နောက် နိုင်ငံတကာမှာလမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မဟာဗျူဟာများချမှတ်ကျင့်သုံးဆောင်ရွက်နေတာကိုလည်း ဒုတိယဝန်ကြီး ပြောကြားသွားတဲ့ အထဲမှာ E(၅)လုံး စနစ်နဲ့ ဆောင်ရွက် ကြတာ အားလုံးသိရှိပြီး ဖြစ်ပါတယ်။ နောက် အိမ်နီးချင်း ထိုင်းနိုင်ငံမှာလည်း P (၄)လုံးစနစ်နဲ့ ဆောင်ရွက်ခဲ့တာ အောင်မြင်ခဲ့တာကိုလည်း လေ့လာသိရှိရပါတယ်။ ကျွန်တော့် ဆီမှာ စာတမ်းတွေရှိပါတယ်။ အဲဒီထဲမှာ People Policy Parctice Participation ဆိုတဲ့အထဲမှာ Policy က အရေးကြီးဆုံး ဖြစ် ပါတယ်။ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ နိုင်ငံတော်ရဲ့ မဟာ ဗျူဟာ၊ နည်းဗျူဟာ၊ အစီအမံ၊ မူဝါဒတွေ မှန်ကန်စွာ ချမှတ်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ နော က် ပီကျင်းမြို့တော်မှာ ယာဉ်စီးရေ (၄၅)သိန်း၊ ၂၀၀၉ ခုနှစ် စာရင်းအရ ယာဉ်တိုက်မှုပေါင်း (၃၀၀၀)ဖြစ်ပြီးတော့ သေဆုံးသူ (၉၈၀)ဦး ရှိတဲ့ အကြောင်း၊ ဒါ ပေကျင်းက BeiJing Traffic Police Command Center မှ တာဝန်ရှိသူက ပြောကြား ချက်အရသိရှိရပါတယ်။ ယာဉ်ထိန်းရဲတပ်ဖွဲ့(၇၀၀၀)ကျော် တာဝန်ထမ်းရာကနေပြီးတော့ အထူးသဖြင့် e-Police Camera တွေကို မြောက်များစွာ တပ်ဆင်ပြီးတော့ ဆောင်ရွက်နေတာပါ။ ယာဉ်တွေစစ်ဆေးပြီးတော့ ယာဉ်သက်တမ်းတိုးတာ ၊ ယာဉ် လိုင်စင်ထုတ်ပေးတာ၊ ယာဉ်မောင်း သင်တန်းကျောင်းတွေကနေ ယာဉ်မောင်းသင်တန်းပေးတာ ယာဉ်မောင်းစစ်ဆေးတာ၊ ယာဉ်မောင်း လိုင်စင်ထုတ်ပေးနေတာအားလုံးကို ယာဉ်ထိန်းရဲတပ်ဖွဲ့က ဆောင်ရွက် ပါတယ်။ ကျွန်တော် အားလုံးပေါ့လေ။ ဒီဟာက သော့ချက်ဖြစ်လို့ ပြောရလို့ရှိရင် အဲဒီလို ယာဉ်တိုက်မှုတွေ လျော့နည်းနေတာကို Road Safety ကို ခင်ဗျားတို့ နောက်တစ်ဖွဲ့ပေးလိုက်။ ခင်ဗျားတို့ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကိုပဲ လုပ်လို့ ဆိုပြီးတော့ (၂)ဌာနသာ ခွဲလိုက်လို့ရှိရင် ယာဉ်တိုက်မှုက (၃၀၀၀) ကနေပြီးတော့ (၃၀၀၀၀) ဖြစ်သွားမလား။ သေတဲ့လူကလည်း (၉၀၀၀)ကနေ (၉၀၀၀၀) ဖြစ်သွားမလား။ ကျွန်တော် ဒီ လိုတွေးမိပါတယ်။ ဆိုလိုတာကတော့ ဒါ Key မို့လို့

ကျွန်တော်ပြောတာပါ။ တစ်ဖွဲ့တည်းကနေပြီးတော့ တာဝန်ယူဆောင်ရွက်နေတဲ့ အတွက်ကြောင့် ဒီဟာကို အောင်အောင်မြင်မြင် ဆောင်ရွက်နေတယ်လို့ ကျွန်တော်မြင်ပါတယ်။ ကျန်တာ တော့ ရုရှားတို့၊ တရုတ်တို့ ကျန်တာတွေကို မပြောတော့ပါဘူး။ အထူးသဖြင့်တော့ e-Police Camera တွေကိုပေါ့လေ။ ဒါ ကျွန်တော်တို့ မြန်မာနိုင်ငံ ၊ ရန်ကုန်မြို့မှာ e-Police Camera တွေကို အဓိကကျတဲ့ လမ်းဆွယ်တွေမှာ၊ အခုတော့ ရွှေဂုံတိုင်၊ မင်္ဂလာဈေး၊ ပါရမီလမ်းဆုံနှင့် ဘုရင့်နောင် မီးပွိုင့်တွေမှာ တပ်ဆင်တယ်။ ကုမ္ပဏီတွေက ရင်းနှီးမြှု ပ်နှံ တပ်ဆင်ခြင်း ဖြစ်ပြီးတော့ ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်တဲ့ ယာဉ်တွေ ဆီကနေ ပြစ်ဒဏ်ကြေးငွေရရှိတဲ့အတွက် ကြောင့် သူတို့ဟာ လုပ်ငန်းတိုးချဲ့ဆောင်ရွက်လိုကြောင်း လျှောက်လွှာတွေတင်နေတာ ကျွန်တော် သိပါတယ်။ အဲဒီလိုပဲ ရန်ကုန် -နေပြည်တော်-မန္တလေး အမြန်လမ်းမပေါ်မှာ၊ လိုအပ်တဲ့နေရာတွေ မှာ e - Police Camera တွေကို တပ်ဆင်ပြီးတော့ ကွပ်ကဲမှုနှင့် ဆက်သွယ်သောကိရိယာများ တပ်ဆင်ထားခြင်းအားဖြင့် ယာဉ်အန္တရာ ယ် ဖြစ်ပွားနိုင်သော စည်းကမ်းမဲ့ မောင်းနှင်သော ယာဉ်များအား ဓာတ်ပုံမှတ်တမ်းနှင့်တကွ တိတိကျကျ ဖမ်းဆီးနိုင်တဲ့အပြင် ဥပဒေအရ သတ်မှတ် ဒဏ်ကြေးတွေ ပေးဆောင်စေခြင်း အားဖြင့် ဒီကုမ္ပဏီတွေက Road Safety ကဏ္ဍမှာပါဝင် ရင်းနှီးမြှုပ်နှံဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း လေ့လာသိရှိရပါတယ် ။ ကျွန်တော် နိဂုံးချုပ်တင်ပြ ပါမယ်။

**အချိန်၊ ၁၅း၀၀။**

**ဥက္ကဋ္ဌ** ။ ။ရပါပြီ။ လုံလောက်ပါပြီ။ အဆိုကို ထောက်ခံမယ့်သူ ရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၀၃။**

**ဒေါက်တာခင်မောင်လေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦး ဝင်းနောင် တင်သွင်း သွားသော အဆိုကို ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ကျွန်တော် ဒေါက်တာခင်မောင်လေး က ထောက်ခံ အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးဝင်းနောင် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ နိုင်ငံတော်တစ်ဝန်းတွင် ယာဉ်မတော်တဆ ဖြစ်မှုများနှင့် ယာဉ်မတော်တဆမှုကြောင့် လူများ ထိခိုက်ဒဏ်ရာရ သေဆုံးရမှုများ အမှန်တကယ် လျော့နည်းကျဆင်းသွားစေရန်အတွက် သင့်တော် သည့် နှစ်ကာလတစ်ခုကို လျာထားသတ်မှတ်၍ မဖြစ်မနေ ချမှတ်အကောင်အထည် ဖော်ဆောင် ရွက်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါ တယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမ တူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါ သလားခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွ က် ဦးဝင်းနောင် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။

ဦးဝင်းနောင် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း

**အချိန်၊ ၁၅း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ကို ပြန်လည်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဒေါ်နန်းနီနီအေး က ဖတ်ကြားရှင်းလင်းမှာဖြစ်ပါတယ်။

**အချိန်၊ ၁၅း၀၃။**

**ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ ရိုသေ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီကိုယ်စား ကရင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်နန်းနီနီအေး မှ ဖတ်ကြားတင်ပြပါမယ်ရှင်။

## အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့်အစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်

**နိဒါန်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့စွဲပါ စာအမှတ်၊ ၃၈/စမ-စည်း(၂)/ကမရဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဥပဒေကြမ်းကော် မတီက ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အသေးစိတ် စိစစ်လေ့လာ ခဲ့ပါသည်။ ဤဥပဒေကြမ်းတွင် အခန်း(၅)ခန်းနှင့် ပုဒ်မပေါင်း(၂၀)ခု ပါဝင်ပါသည်။

## လေ့လာ တွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းကို လေ့လာစိစစ် ရာ၌ ဥပဒေကြမ်း၏ ခေါင်း စဉ်ပုံစံ၊ ဥပဒေကြမ်း၏ ပုဒ်မ (၆)၊ ကော်မရှင် ၏ ရာထူးသက် တမ်း၊ ဥပဒေကြမ်း၏ ပုဒ်မ ၁၈ တို့အား ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ပြည်ထော င်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက အောက်ဖော်ပြပါ အတိုင်း ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။

(က) ဥပဒေကြမ်း၏ခေါင်းစဉ်ပုံစံ မှားယွင်း၍ ပုံစံအမှန် ပြင်ဆင်ထားပါသည်။

( ခ ) ဥပဒေကြမ်း၏ အခန်း(၃)၊ ပုဒ်မ ၆ ပါ ကော်မရှင်၏ရာထူး သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ ငါးနှစ်ဖြစ်သည် ဟူသော ဝါကျ အားဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ၃၉၈(က)အရ နိုင်ငံတော်သမ္မတက ကော်မရှင် အား ဖွဲ့စည်းခြင်းဖြစ်၍ ကော်မရှင် ၏သက်တမ်းကို သတ်မှတ်ရာ၌ ယင်းအား ဖွဲ့စည်းသည့်သမ္မတ၏ရာထူးသက်တမ်းနှင့်အညီသတ်မှတ်နိုင်ရန်"ကော်မရှင်၏ သက်တမ်းသည် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည် "ဟူ သည့် ဝါကျဖြင့် အစားထိုးသင့်ပါသည်။

(ဂ) ဥပဒေကြမ်း အခန်း(၅)၊ ပုဒ်မ ၁၈ ပါ လိုအပ်သော နည်းဥပဒေများ ဟူသည့် စကားရပ်၏ နောက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၇ နှင့်အညီ စည်းမျဉ်း သို့မဟုတ် စည်းကမ်းဟူသည့် စကားရပ် အား ထပ်မံဖြည့်စွက်သင့်ပါသည်။

## ကော်မတီ၏ သဘောထားမှတ်ချက်

၃။ ဤဥပဒေကြမ်းတွင် ဥပဒေ၏ ခေါင်းစဉ်ပုံစံ ပြင်ဆင်ခြင်း၊ ပုဒ်မ ၆ ပါ ကော်မရှင်၏ ရာထူးသက်တမ်းအား နိုင်ငံတော်သမ္မတ၏ သက်တမ်းနှင့်အညီဖြစ်သည်ဟု အစားထိုးခြင်း၊ ပုဒ်မ ၁၈ တွင် စည်းမျ ဉ်း သို့မဟုတ် စည်းကမ်း အား ထပ်မံ ဖြည့်စွက်ခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ ဤဥပဒေကြမ်း ကို အမျိုးသားလွှတ်တော် အစည်းအဝေးသို့ ဆက်လက်တင်ပြ အတည်ပြုသင့် ပါကြောင်း သဘောထားမှတ်ချက်ဖြင့် ထောက်ခံတင်ပြအပ်ပါသည်။

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောထားရယူခြင်း

**အချိန်၊ ၁၅း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်း အား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၀၆။**

**ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားပေးနိုင်ရန်အတွက် လေးစားစွာဖြင့် အဆိုတင် သွင်းအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၅း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကြမ်း" အား ဆွေးနွေးစဉ်းစားရန်ဖြစ်သည်။

ဒီအဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

အဆိုကို သဘောမတူလျှင် မတူဘူးလို့ ပြောကြပါ။

အဆိုကို သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

[အဆိုကိုသဘောမတူသူမရှိပါ။]

အဆိုကို သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန်အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၅း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးရန် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးမယ့် ကိုယ်စားလှယ် အမည်စာရင်း တင်သွင်းထားခြင်းမရှိတဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ်ပုံစံအမှန် ပြင်ဆင်ချက်-

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ**

(၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် )

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ရက်

(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ရက်)

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် ခေါင်းစဉ်ပုံစံအမှန် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ်ပုံစံအမှန် ပြ င်ဆင်ချက်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အခန်း(၃)၊ အပိုဒ် ၆ "ဖွဲ့စည်းထားသော ကော်မရှင်၏ ရာထူးသက်တမ်းသည် နိုင်ငံတော် သမ္မတ၏ ရာထူးသက်တမ်း အတိုင်းဖြစ်သည်။ သို့ရာတွင် သက်တမ်းကုန်ဆုံးပြီး ဖြစ်သော်လည်း လက်ရှိ တာဝန်ထမ်းဆောင်လျက်ရှိသော ကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ က ကော်မရှင်အသစ် တစ်ရပ် ဖွဲ့စည်းပြီးသည့် အချိန်အထိ မိ မိ၏ လုပ်ငန်း တာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်" ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ် လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အခန်း(၃)၊ အပိုဒ် ၆ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၃)၊ အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံဖြည့်စွက်ချက်- အခန်း(၅)၊ အပိုဒ် ၁၈

"ကော်မရှင်သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ ကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက် များကို ထုတ်ပြန်နိုင်သည် " ဟု ထပ်မံဖြည့်စွက်ထား ပါတယ်။

ဒီ ထပ်မံဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၅)၊ အပိုဒ် ၁၈ ထပ်မံဖြည့်စွက်ချက် အတည်ဖြစ်သည်။

ထပ်မံဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၅)၊ အပိုဒ် ၁၈ သည် ဤ ဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ်၁ မှ ၂၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၂၀ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်း အမည်နှင့်နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း၏ အမည်နှင့်နိဒါန်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်က ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၅း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် က ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ (က)အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၂။**

**ဦးမြင့်နိုင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခ င်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က

ပြုစုတင်ပြထားတဲ့ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ရေးအတွက် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၅း၁၂။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၂။**

**ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ က တာ ဝန်ပေးအပ်တဲ့ ပုဂ္ဂိုလ်က ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေကြမ်းကို အတည်ပြုပေးရန်အဆို တင်သွင်းလာခြင်းကို ကျွန်တော် ဦးခင်မောင်ရီ က ထောက်ခံပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၅း၁၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအဆိုမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူမရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တိုင်းရင်းသားလူမျိုးများရေးရာဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၅း၁၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသားလူမျိုးများရေးရာ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇)မှ ဒေါက်တာဗညားအောင်မိုး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

ဒီအချိန်မှာ ဥပဒေနဲ့ပတ်သက်လို့ ဖတ်ကြား ခြင်း၊ ရှင်းလင်းခြင်း ပြုရန် မလိုဘဲ အဆိုတင်သွင်းခွင့်ကိုသာ တောင်းခံဖို့ဖြစ်ပါတယ်။ ထောက်ခံသူရှိလို့ ထောက်ခံပြီးတဲ့အခါမှာ ဒီဥပဒေကြမ်းကို ဖတ်ကြားရှင်းလင်းတင်ပြဖို့ ခွင့်ပြုမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၄။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တိုင်းရင်းသားလူမျိုးများရေးရာ ဥပဒေကြမ်းကို တင်သွင်းဖို့ ဖြစ်ပါတယ်။ လေးစားအပ်ပါသော အမျိုးသားလွှ တ်တော် ဥက္ကဋ္ဌနဲ့တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသားလူမျိုးများ ရေးရာ ဥပဒေကြမ်းကို (၁) ပြည်ထောင်စုမပြိုကွဲရေး၊ (၂) တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ (၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ (၄) နိုင်ငံတော်အတွင်း လူမျိုးရေး တန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မြဲရေး၊ (၅) တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု တို့ကို မပျောက် မပျက်အောင် ထိန်းသိမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်

ဆောင်ရွက်နိုင်ရေး၊ (၆) တိုင်းရင်းသားလူမျိုးများ၏ ရှေး ဟောင်းယဥ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရေး၊ (၇) တိုင်းရင်းသားလူမျိုးများအချင်းချင်း ရိုင်းပင်း ကူညီရေး၊ ချစ်ကြည် လေးစားရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို တိုးတက်ဖြစ်ထွ န်းစေရန် ကူညီဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်ပြီး ရေးဆွဲခဲ့ခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားလူမျိုးများ (၁၀၀)ကျော်ဟာ ဥမကွဲသိုက်မပျက်၊ တစ်အူတုံဆင်း မောင်နှမရင်းပမာ စည်းလုံးညီညွတ်စွာဖြင့် စုစည်းနေထိုင်ခဲ့သော သမိုင်း အစဥ်အလာ ကြီးမားသည့် လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော် အခြေခံမူများအခန်း၊ ပုဒ်မ ၂၂ တွင် နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဥ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ (ခ) တိုင်းရင်းသား လူမျိုးများအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချ စ်ကြည်လေးစားရေးနှင့် ရိုင်းပင်း ကူညီရေးတို့ကို တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွား ရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် ကူညီ ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထား ရှိပါတယ်။ ဒါကြောင့် နို င်ငံတော်အတွင်း မှီတင်းနေထိုင်ကြ သော တိုင်းရင်းသားလူမျိုးများ၏ ရေးရာကိစ္စများကို ထိထိ ရောက်ရောက် ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသားလူမျိုးများ ရေးရာ ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံ ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၅း၁၇။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌခင်ဗျား။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ၏ အမျိုးသားလွှတ်တော်တွင် ဆွေးနွေးရန် တင်သွင်းသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားရေးရာ ဥပဒေကြမ်း အဆိုကို ဆွေးနွေး သင့်ပါကြောင်း ကျွန်တော် ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉) အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျှံလွင် က ထောက်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာဗညားအောင်မိုး အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသားလူမျိုးများရေးရာ ဥပဒေကြမ်းကို ဖတ်ကြားတင်သွင်းခွင့် ပြုပါတယ်။

**အချိန်၊ ၁၅း၁၇။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။လေးစားအပ် သော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုအထူးဂါရဝပြုပါတယ်။အခုကျွန်တော်တင်ပြမည့်ဥပဒေမူကြမ်းကိုဖတ်ကြားပြပါ မယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**တိုင်းရင်းသားလူမျိုးများရေးရာဥပဒေ(မူကြမ်း)**

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် သမိုင်းအစဥ်အလာကြီးသော နိုင်ငံတော် ဖြစ်ပေသည်။ ကျွန်တော်တို့ တိုင်းရင်းသားအပေါင်းတို့သည် အချုပ်အခြာအာဏာပိုင် လွတ်လပ် သောနိုင်ငံအဖြစ်ထူထောင်ကာ ထည်ဝါစွာ ရပ်တည်ခဲ့ကြပေသည်။

ကျွန်တော်တို့ တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ရည်ရွယ်ချက်ကို နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်ဟူသော လောကပါလတရားများ ထွန်းကားစေခြင်းနှင့် လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာမွေးမြူခြင်းတို့ဖြင့် အကောင်အထည်ဖော် ရပေမည်။

ကျွန်တော်တို့နိုင်ငံတွင်တိုင်းရင်းသားလူမျိုးများတစ်ရာကျော်နေထိုင်၍ ပြည်ထောင်စု စနစ်ဖြင့် တည်ဆောက်ထားသည်။ ကျွန်တော်တို့၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကို များစွာပြဋ္ဌာန်းထားပါသည်။ ထိုဥပဒေပြဋ္ဌာန်းချက်များ အသက်ဝင်စေပြီး တိုင်းရင်းသားလူမျိုးများအတွက် အကောင်အထည်ဖော်နိုင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုစည်းလုံးခိုင်မာမှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုအတွက်အထောက်အကူဖြစ်စေရန် ဤဥပဒေကိုရေးဆွဲလိုက်ရပါသည်။

## အခန်း(၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို တိုင်းရင်းသားလူမျိုးများရေးရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။

(က) တိုင်းရင်းသားလူမျိုးများမှာ ဥပဒေအရ အသိအမှတ်ပြုသော ရှေးယခင်ကတည်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပေါက်ဖွား နေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားများဖြစ်ကြသော လူမျိုးများကို ဆိုသည်။

( ခ) တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သတ်မှတ်ထားသော လူဦးရေအရေအတွက်ဖြစ်သော တစ်နိုင်ငံလုံးလူဦးရေ၏ ဝ.၁ရာခိုင်နှုန်းရှိ၍သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်တွင် သက်ဆိုင်ရာတိုင်းရင်းသားများက ရွေးချယ်သော ကိုယ်စားလှယ်ကို ပြည်နယ်ဝန်ကြီးချုပ် တင်ပြချက်အရ နိုင်ငံတော်သမ္မတမှ ပြန်လည်ခန့်အပ် သော တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးကိုဆိုသည်။

( ဂ) တိုင်းရင်းသားလူမျိုးဦးစီးအဖွဲ့ ကိုယ်စားလှယ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၏ ဦးစီးအဖွဲ့ဝင်တွင် ထိုတိုင်း /ဒေသရရှိသော တိုင်းရင်းသားလူမျိုးများမှလွဲ၍ အခြားတိုင်းရင်းသားလူမျိုးများ လူဦးရေတစ်သောင်း

(၁၀၀၀၀) ပြည့်လျှင် ရွေးချယ်ခွင့်ရ၍ ရွေးချယ်တင်မြှောက်ပေးသော ဦးစီးအဖွဲ့တွင်ပါဝင်သည့် ထိုတိုင်းရင်းသား၏ ကိုယ်စားလှယ်ကိုခေါ်သည်။

(ဃ) တိုင်းရင်းသားလူမျိုးပြည်နယ်မှာ တိုင်းရင်းသားလူမျိုးများကို အခြေခံ၍ ဖွဲ့စည်းထားသော ပြည်နယ်ကိုဆိုသည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် တို့ကို ဆိုသည်။

( င) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း /ဒေသမှာ တိုင်းရင်းသားလူမျိုးများကို အခြေခံ၍ဖွဲ့စည်းထားသော တိုင်း/ဒေသကိုဆိုလိုသည်။ကိုးကန့်၊ ဓနု၊ နာဂ၊ ပလောင်၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတို့ကိုဆိုသည်။

( စ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုမှာ ကိုယ်ပိုင်အုပ်ခွင့်ရ တိုင်း/ဒေသကိုဆိုသည်။

(ဆ) တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးဌာနမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတောအစိုးရ၏ ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုဖြစ်သည်။

( ဇ) တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးမှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို တာဝန်ယူသော ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

( ဈ) တိုင်းရင်းသားလူမျိုးများရေးရာကော်မတီမှာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်တွင် ဖွဲ့စည်းထားသော တိုင်းရင်းသားလူမျိုး များ အရေးကိစ္စများကို လေ့လာတင်ပြရန် တိုင်းရင်းသားလူမျိုးများ၏ ရေးရာကော်မတီဖြစ်သည်။

(ည) လူနည်းစုတိုင်းရင်းသားလူမျိုးများမှာ ပြည်နယ်သော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသော်လည်းကောင်း မရရှိသောလူမျိုးများ၊ ပြည်နယ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း /ဒေသရရှိသောလူမျိုးဖြစ်သော်လည်း အခြားပြည်နယ်များနှင့် တိုင်းဒေသကြီးတို့တွင်လည်းကောင်း၊

အခြား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့တွင်လည်းကောင်း သတ်မှတ်သော လူဦးရေမပြည့်၍ တိုင်းရင်းသားရေးရာဝန်ကြီး၊တိုင်းရင်းသားလူမျိုး ဦးစီးအဖွဲ့ ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခွင့်မရသော လူမျိုးများကိုဆိုသည်။

(ဍ) ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာဌာနမှာ တိုင်းရင်းသားလူမျိုးများ ရေးရာကိစ္စကို ဆောင်ရွက်ရန်ဌာန ဖြစ်သည်။

(ဎ) တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများ လူနည်းစုရေးရာဝန်ကြီးဌာနမှာ တိုင်းရင်းသားလူမျိုးစုများ အရေးကိစ္စများကို ဆောင်ရွက်ရန်ဌာနဖြစ်သည်။

(ဍ) ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးမှာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဖြစ်သော ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတာဝန်ခံ ဖြစ်သည်။

(ပ) တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုး လူနည်းစုရေးရာဝန်ကြီးမှာ တိုင်းဒေသ တွင်းရှိ လူမျိုးစုများအရေးကိစ္စကို တာဝန်ယူဆောင်ရွက်သောဝန်ကြီးဖြစ်သည်။ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများ လူနည်းစုရေးရာဌာနကို တာဝန်ယူ ရသည်။

(ဏ) တိုင်းရင်းသားလူမျိုးများ၏ အ ရေးကိစ္စမှာ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုသုခုမပညာနှင့် ပတ်သက်သော ကိစ္စများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများနှင့် သက်ဆိုင်သောကိစ္စများ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး၊ တိုင်းရင်းသားလူမျိုးများကြား ဆက်ဆံရေးကိစ္စများ စသည်တို့ ဖြစ်သည်။

## **အခန်း(၂)**

## **ရည်ရွယ်ချက်များ**

၃။ ရည်ရွယ်ချက်မှာ-

(က) ပြည်ထောင်စု မပြိုကွဲရေး၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊

(ဂ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

(ဃ) နိုင်ငံတော်အတွင်း လူမျိုးရေးတန်းတူမှုဖြင့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မြဲရေး၊

(င) တိုင်းရင်းသားလူမျိုးများ၏ စ ကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို မပျောက်ပျက်အောင် ထိန်းသိမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ရေး၊

(စ) တိုင်းရင်းသားလူမျိုးများတို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊

(ဆ) တိုင်းရင်းသားလူမျိုးများ အချင်းချင်းရိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကို တိုးတက်ဖြစ်ထွ န်းစေရန် ကူညီဆောင်ရွက်ရေး စသည်တို့ဖြစ်သည်။

## အခန်း(၃)

## ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပြည်ထောင်စုဝန်ကြီး

၄။ ပြည်ထောင်စုအစိုးရတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတစ်ခု ဖွင့်လှစ်ရန်။

၅။ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများရေး ရာ ဝန်ကြီးဌာနအောက်တွင် အောက်ပါ တိုင်းရင်းသားလူမျိုးရေးရာဌာနများကို ဖွဲ့စည်းထားရှိသည်

(က) ပြည်ထောင်စု ကချင်တိုင်းရင်းသားရေးရာဌာန

(ခ) ပြည်ထောင်စု ကယားတိုင်းရင်းသားရေးရာဌာန

(ဂ) ပြည်ထောင်စု ကရင်တိုင်းရင်းသားရေးရာဌာန

(ဃ) ပြည်ထောင်စု ချင်းတိုင်းရင်းသားရေးရာဌာန

(င) ပြည်ထောင်စု ဗမာတိုင်းရင်းသားရေးရာဌာန

(စ) ပြည်ထောင်စု မွန်တိုင်းရင်းသားရေးရာဌာန

(ဆ) ပြည်ထောင်စု ရခိုင်တိုင်းရင်းသားရေးရာဌာန

( ဈ) ပြည်ထောင်စု ရှမ်းတိုင်းရင်းသားရေးရာဌာန

၆။ ဤဥပဒေပုဒ်မ ၅ တွင် ပါရှိသော ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ရေးရာဌာနမှူးများကို သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများမှ ရွေးချယ်ပေးသူကို တိုင်းရင်းသား လူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးက ခန့်အပ်တာဝန်ပေးနိုင်သည်။

၇။ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများရေးရာ ဌာနမှူးများသည် ဥပဒေ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သော တိုင်းရင်းသားလူမျိုးအရေးကိစ္စကို ပြည်ထောင်စုဝန်ကြီးထံ တင်ပြပြီး ဝန်ကြီး၏ညွှန်ကြားချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်။

၈။ ပြည်ထောင်စု တိုင်းရင်းသား လူမျိုးများရေးရာ ဌာနမှူးများ စုပေါင်းပြီး ဥပဒေ ပြဋ္ဌာန်းချက်ပါ လုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီး ထံတင်ပြပြီး ဝန်ကြီး၏ညွှန်ကြားချက်ဖြင့် ပြည်ထောင်စုအတိုင်းအတာရှိလုပ်ငန်းများကို တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများ လူနည်းစု ရေးရာဝန်ကြီးနှင့်သော် လည်းကောင်း၊ ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးနှင့်သော် လည်းကောင်း၊ လူမျိုးကိုယ်စားပြု တိုင်း ရင်းသားလူမျိုးရေးရာ ဝန်ကြီးနှင့်သော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုမှ တိုင်းရင်းသားလူမျိုးများ ဦးစီးအဖွဲ့ဝင်တာဝန်ခံနှင့်သော်လည်းကောင်း ပူပေါင်း၍ အကောင်အထည်ဖော်နိုင်သည်။

၉။ နိုင်ငံတော်သမ္မတသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူကို တိုင်းရင်း သား လူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်

(က) ပြည်နယ်ရရှိထားသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများမှ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရမည်။

( ခ) တိုင်းရင်းသားလူမျိုးများ အရေးကိစ္စအားလုံးအတွက် တကယ်ဆောင် ရွက်သူ ဖြစ်ရမည်။

( ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂(က)အတိုင်း အရည်အချင်းပြည့်စုံသူ ဖြစ်ရမည်။

၁၀။ နိုင်ငံတော်သမ္မတသည် တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၂( ဂ)၊ (ဃ)၊ ( င)၊ ( စ)၊ (ဆ)၊ ( ဇ)၊ ( ဈ)၊ ( ဠ)အတိုင်း ခန့်အပ်တာဝန်ပေးအပ်ရန်။

## အခန်း(၄)

## တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးကို စွပ်စွဲပြစ်တင်ခြင်း၊ ၎င်း၏ သက်တမ်း၊ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်းနှင့် လစ်လပ်နေရာတွင် ဖြည့်စွက်ခန့်ထားခြင်း

၁၁။ တိုင်းရင်းသားလူမျိုးများရေးရာပြည်ထောင်စုဝန်ကြီးကို စွပ်စွဲပြစ်တင်ခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၃ အတိုင်းဖြစ်သည်။

၁၂။ (က) တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီး၏သက်တမ်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၅(က) အတိုင်းဖြစ်သည်။

( ခ) တိုင်းရင်းသားလူမျိုးများရေးရာ ပြည် ထောင်စုဝန်ကြီး နု တ်ထွက်ခြင်း၊ ၎င်းကို တာဝန်ရပ်စဲခြင်းနှင့်လစ်လပ်နေရာများတွင် ဖြည့်စွက်ခန့်အပ်ထားခြင်းမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၃၅( ခ)၊ ( ဂ-၁)၊ (ဃ)၊ ( င) အတိုင်းဖြစ်သည်။

## အခန်း(၅)

## ပြည်ထောင်စုအဆင့် တိုင်းရင်းသားလူမျိုးများရေးရာကော်မတီဝင်များ

၁၃။ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅( က) အရ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းသော တိုင်းရင်းသားလူမျိုးများ၏ အရေးကိစ္စများကို လေ့လာတင်ပြရန် ဖွဲ့စည်းသော တိုင်းရင်းသားလူမျိုးများ ရေးရာကော်မတီကို ပြည်သူ့လွှတ်တော်သက်တမ်းအတိုင်း ကာလသတ်မှတ်၍ ဖွဲ့စည်းရန်-

(က) လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန်။

( ခ) ကော်မတီဝင်များသည် တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီက ရွေးချယ်ပေးသောသူ ဖြစ်ရန်။

( ဂ) ကော်မတီအဖွဲ့ဝင် (၁၅)ဦး ရှိရမည်။

(ဃ) ရပိုင်ခွင့်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅( ဂ) မှ ကော်မတီများအတိုင်း ဖြစ်သည်။

( င) ကော်မတီ၏တာဝန်မှာ တိုင်းရင်းသားလူမျိုးများ၏ အရေးကိစ္စများကို လေ့လာ၍ ပြည်သူ့လွှတ်တော်တွင် တင်ပြရန်။

( စ) ကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော တိုင်းရင်းသားလူမျိုးများ အရေးကိစ္စကို ပြည်သူ့လွှတ်တော်က မပယ်ချပါက ပြင်ဆင်ပြီး သို့မဟုတ် အတည်ပြုပြီးလျှင် အမျိုးသားလွှတ်တော် သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကို ပေးပို့ရမည်။

(ဆ) ထိုအရေးကိစ္စများကို အမျိုးသားလွှတ်တော် သို့မဟုတ် ပြည်ထောင်စု လွှတ်တော်က အတည်ပြုလျှင် နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

( ဇ) လွှတ်တော်က အတည်ပြုပြီးပေး ပို့လာသော တိုင်းရင်းသားလူမျိုးများအရေး ကိစ္စများကို နိုင်ငံတော်သမ္မတက တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စု ဝန်ကြီးသို့ အကောင်အထည်ဖော်ရန် ပေးပို့တာဝန်ပေးအပ်ရမည်။

၁၄။ ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၄၇( ဂ) အရ အမျိုးသား လွှတ်တော်တွင် ဖွဲ့စည်းသော တိုင်းရင်းသားလူမျိုးများ အရေးကိစ္စ လေ့လာရေးကော်မတီကို အမျိုးသားလွှတ်တော် သက်တမ်းအတိုင်း ကာလသတ်မှတ်၍ အောက်ပါအတိုင်း ဖွဲ့စည်းရန်

(က) ဤ ဥပဒေ ပုဒ်မ ၁၃(က)အတိုင်း

( ခ) ဤ ဥပဒေ ပုဒ်မ ၁၃( ခ)အတိုင်း

( ဂ) ဤ ဥပဒေ ပုဒ်မ ၁၃( ဂ)အတိုင်း

(ဃ) ရပိုင်ခွင့်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၇( ဂ) မှ ကော်မတီများအတိုင်း ဖြစ်သည်။

( င) ကော်မတီ၏တာဝန်မှာ တိုင်းရင်းသားလူမျိုးများ၏ အရေးကိစ္စကို လေ့လာ၍ အမျိုးသားလွှတ်တော်တွင် တင်ပြရန်။

( စ) ကော်မတီက အမျိုးသားလွှတ်တော်သို့ တင်သွင်းသော တိုင်းရင်းသားလူမျိုးများ အရေးကိစ္စကို အမျိုးသားလွှတ်တော်က မပယ်ချပါက ပြင်ဆင်ပြီး သို့မဟုတ် အတည်ပြုပြီးလျှင် ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်ထောင်စုလွှတ်တော်ကို ပေးပို့ရမည်။

(ဆ) ထိုအရေးကိစ္စများကို ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုလျှင် နိုင်ငံတော်သမ္မတထံပေးပို့ရမည်။

( ဇ) ဤ ဥပဒေ ပုဒ်မ ၁၃( ဇ)အတိုင်း ဖြစ်သည်။

## အခန်း(၆)

## တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီး၏ လုပ်ငန်းတာဝန်များ

၁၅။ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်ပါလုပ်ငန်းများကို တာဝန်ယူ အကောင်အထည်ဖော်ရန်၊

၁၆။ ပြည်ထောင်စုလွှတ်တော်မှ ပေး ပို့၍ နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော တိုင်းရင်းသားလူမျိုးများရေးရာ လုပ်ငန်းများကို အကောင်အထည်ဖော်ရန်၊

၁၇။ ဝန်ကြီးချုပ်၏ သဘောတူညီမှုဖြင့် ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန၊ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများ လူနည်းစုရေးရာဌာနနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု တိုင်းရင်းသားလူမျိုးများရေးရာဌာနတို့နှင့် ပူးတွဲ လုပ်ငန်းအကောင်အထည်ဖော်ရန်၊

၁၈။ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်မှတစ်ဆင့် အောက်ပါဌာနများသို့ ညွှန်ကြားရန်

(က) ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

( ခ) တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများ လူနည်းစုရေးရာဝန်ကြီးဌာန

( ဂ) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့ ဥက္ကဋ္ဌမှတစ်ဆင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု တိုင်းရင်းသားလူမျိုးများရေးရာဌာန တို့ကို ညွှန်ကြားရန်၊

၁၉။ ပြည်ထောင်စု အတိုင်းအတာဖြစ်သည့် တိုင်းရင်းသားလူမျိုးများ၏ အရေးကိစ္စများကို ဦးစီးဆောင်ရွက်ရန်၊

၂၀။ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာရေးကို ဦးထိပ်ထားဆောင်ရွက်ရန်၊

## အခန်း(၇)

## တိုင်းရင်းသားလူမျိုးများရေးရာပြည်ထောင်စုဝန်ကြီး၏ သက်တမ်း၊ ၎င်းအား စွပ်စွဲအပြစ်တင်ခြင်း၊ ရာထူးမှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ ရာထူးလစ်လပ်နေရာတွင် ဖြည့်စွက်ခန့်အပ်ခြင်း

၂၁။ စွပ်စွဲအပြစ်တင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၃၃(က ၁-၅)(ခ)(ဂ)(ဃ) အတိုင်း ဖြစ်သည်။

၂၂။ ရာထူးသက်တမ်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၅(က)အတိုင်းဖြစ်သည်။

၂၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅(ခ)အရ ရာထူးမှ နုတ်ထွက်နိုင်သည်။

၂၄။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၅(ဂ-၁)အတိုင်း ဝန်ကြီးကို တာဝန်မှ ရပ်စဲရမည်။

၂၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၅(က)အတိုင်း ဝန်ကြီး လစ်လပ်လျှင် ပြန်လည် ခန့်အပ်ရန်၊

၂၆။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၅(င-၁)အတိုင်း ဆက်လက်တာဝန် ထမ်းဆောင်ရန်၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅(င-၂)အတိုင်း ရာထူးသက်တမ်း ရှိသည်။

၂၇။ ရပိုင်ခွင့်မှာ ပြည်ထောင်စုဝန်ကြီးများ၏ ရပိုင်ခွင့်အတိုင်းဖြစ်သည်။

## အခန်း(၈)

## ပြည်နယ်တိုင်းရင်းသားလူမျိုးများရေးရာ ပြည်နယ်ဝန်ကြီးနှင့် ဌာန

၂၈။ ပြည်နယ် တိုင်းရင်းသားလူမျိုး၏ နိုင်ငံရေးပါတီများမှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် တစ်ဦးကို ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးအဖြစ် ခန့်အပ်ရန်၊

၂၉။ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ ခန့်အပ်သည့်နည်းလမ်းအတိုင်း ဤဥပဒေ ပုဒ်မ ၂၈ ပါ ဝန်ကြီးကို ခန့်အပ်ပေးရမည်။

၃၀။ ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးသည် ပြည်နယ် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန တာဝန်ခံဖြစ်သည်။

၃၁။ ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအောက်တွင်

(က) ပြည်နယ်ပိုင် တိုင်းရင်းသားလူမျိုးများရေးရာဌာန ထားရှိပြီး ပြည်နယ်ပိုင် တိုင်းရင်းသားလူမျိုး၏ နိုင်ငံရေးပါတီက ရွေးချယ်ခန့်အပ်သော ဌာနတာဝန်ခံကို ဝန်ကြီးချုပ်၏ အတည်ပြုချက်ဖြင့်ခန့်အပ်ရန်၊

(ခ) လူနည်းစု တိုင်းရင်းသားလူမျိုးများရေးရာဌာနတစ်ခု ဖွင့်လှစ်ထားရန်၊

(ဂ) လူဦးရေပေါ် အခြေမခံဘဲ လူနည်းစုတိုင်းရင်းသားလူမျိုး တစ်မျိုးလျှင် ကိုယ်စားလှယ်တစ်ဦးကို သက်ဆိုင်ရာ လူနည်းစု တိုင်းရင်းသားတို့ကရွေးချယ် ပေးပြီး ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးက ဝန်ကြီးချုပ်ထံ တင်ပြ၍ အတည်ပြုချက်ရယူရန်၊

(ဃ) လူနည်းစုတိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦးထက်ပိုလျှင် လူနည်းစု တိုင်းရင်းသား ရေးရာကော်မတီကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးက ဖွဲ့စည်းပေးရမည်။

(င) လူနည်းစု တိုင်းရင်းသားလူမျိုးများရေးရာကော်မတီ ဥက္ကဋ္ဌသည် လူနည်းစု တိုင်းရင်းသားရေးရာ ဌာနမှူးအဖြစ်ခန့်အပ်ရန်၊

(စ) ပြည်နယ်တွင် လူနည်းစု တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် တစ်ဦးတည်း ရှိလျှင် ၎င်းသည် လူနည်းစု တိုင်းရင်းသားလူမျိုးများရေးရာဌာနမှူးဖြစ်သည်။

(ဆ) လူနည်းစု တိုင်းရင်းသားလူမျိုးများရေးရာဌာနမှူး အမည်စာရင်းကို ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးက ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြ၍ ဝန်ကြီးချုပ်ကပြန်လည်ခန့်အပ် တာဝန်ပေးရန်။

၃၂။ ဤဥပဒေပုဒ်မ ၂၉မှ ဌာနတာဝန်ခံများ၊ ဌာနမှူးများ၏ ရပိုင်ခွင့်ကို ပြည်နယ်လွှတ်တော်မှ ဥပဒေပြုသတ်မှတ်ပေးရမည်။

၃၃။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးသည် သက်ဆိုင်ရာ တိုင်းရင်းသား လူမျိုးရေးရာ ဌာနတာဝန်ခံဖြစ်သည်။

**အခန်း(၉)**

**ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး၏ အရည်အချင်းများ**

၃၄။ တိုင်းရင်းသားလူမျိုးများရေးရာ ပြည်နယ်ဝန်ကြီးသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁(က) အတိုင်းဖြစ်သည်။

**အခန်း(၁၀)**

**ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး၏ လုပ်ငန်းတာဝန်များ**

၃၅။ ဤဥပဒေ ပုဒ်မ ၁၃ အတိုင်းဖြစ်သည်။

၃၆။ ဝန်ကြီးချုပ်ကပေးသော အလုပ်တာဝန်ကို ထမ်းဆောင်ရမည်။

၃၇။ တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးချုပ်မှတစ်ဆင့် တာဝန် ပေးခြင်းများကို ထမ်းဆောင်ရမည်။

၃၈။ ပြည်နယ်အဆင့် တိုင်းရင်းသားလူမျိုးများ အရေးကိစ္စများကို ဦးစီးဆောင်ရွက်ရန်၊

၃၉။ ဤဥပဒေ ပုဒ်မ ၁၈ အတိုင်းဖြစ်သည်။

## အခန်း(၁၁)

## တိုင်းရင်းသားလူမျိုးများရေးရာ ပြည်နယ်ဝန်ကြီးအပေါ် စွပ်စွဲပြစ်တင်ခြင်း၊ ၎င်း နုတ်ထွက်ခြင်း၊ တာဝန်ရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာ ဖြည့်စွက်ခန့်အပ်ထားခြင်း

၄၀။ စွပ်စွဲပြစ်တင်ခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၂၆၃ အတိုင်းဆောင်ရွက်ရမည်။

၄၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၄(က) အတိုင်း နုတ်ထွက်နိုင်သည်။

၄၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၂၆၄( ခ) အတိုင်း တာဝန်ရပ်စဲရမည်။

၄၃။ လစ်လပ်သည့်ရာထူးနေရာတွင် ဖြည့်စွက်ခန့်အပ်ထားခြင်းနှင့် သက်တမ်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၄ အတိုင်းဖြစ်သည်။

## အခန်း(၁၂)

## တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး

၄၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁( ခ)(ဂ)အရ ရွေးကောက်တင်မြှောက်ထားသော ပြည်နယ်/တိုင်းဒေသကြီး၏ လွှတ်တော်ကိုယ်စားလှယ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၂၆၂(က-၄)(င)(ဆ-၂)အရ ခန့်အပ်တာဝန်ပေးခြင်းခံရသော၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဖြစ်သော တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဖြစ်သည်။

၄၅။ မိမိကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ပေးသော တိုင်းရင်းသားလူမျိုးကို ကိုယ်စားပြုပြီး တာဝန်ထမ်းဆောင်ရသူဖြစ်သည်။

၄၆။ ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း မိမိ၏ တိုင်းရင်းသားလူမျိုး၏ အရေးကိစ္စများကိုတာဝန်ယူဆောင်ရွက်ရမည်။

၄၇။ မိမိကိုယ်စားပြုသော တိုင်းရင်းသားလူမျိုးရေးရာဌာန တာဝန်ခံဖြစ်သည်။

## အခန်း(၁၃)

## တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးအပေါ် စွပ်စွဲပြစ်တင်ခြင်း၊ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်း၊ လစ်လပ်နေရာ ဖြည့်စွက်ထားခြင်း

၄၈။ စွပ်စွဲပြစ်တင်ခြင်းမှာ ဤဥပဒေပုဒ်မ ၄၀ အတိုင်းဖြစ်သည်။

၄၉။ ဤဥပဒေ ပုဒ်မ ၄၁ အတိုင်း နုတ်ထွက်နိုင်သည်။

၅၀။ ဤဥပဒေ ပုဒ်မ ၄၂ အတိုင်း တာဝန်ရပ်စဲရမည်။

၅၁။ လစ်လပ်နေရာ ဖြည့်စွက်ရန် ကြားဖြတ်ရွေးကောက်ပွဲဖြင့် သက်ဆိုင်ရာ တိုင်းရင်းသား၏ ကိုယ်စားလှယ်အား ဥပဒေအရ ပြန်လည်ရွေးကောက်တင်မြှောက်ပြီး ပြန်လည်ခန့်အပ်ရသည်။

၅၂။ ဖြည့်စွက်ထားသော တိုင်းရင်းသားရေးရာဝန်ကြီး၏ သက်တမ်းမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆၄ ( ဂ)အတိုင်း နိုင်ငံတော်သမ္မတ၏ ကျန်ရှိသော သက်တမ်းအတိုင်း ဖြစ်သည်။

**အခန်း(၁၄)**

**တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများ လူနည်းစုရေးရာဌာန လူနည်းစုတိုင်းရင်းသားလူမျိုးများ ရေးရာဌာနနှင့်တာဝန်ခံများ**

၅၃။ တိုင်းဒေသကြီးတွင် တိုင်းရင်းသားလူမျိုး လူနည်းစုများရေးရာဌာန ထားရှိရမည်။

၅၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဖြစ်သော တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတစ်ဦးကို ဤဥပဒေ ပုဒ်မ ၅၃ ပါဌာန၏တာဝန်ခံအဖြစ်ထားရှိရမည်။

၅၅။ (က) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး တစ်ဦးထက်ပိုသော တိုင်းဒေသကြီးတွင် ကာလအပိုင်းအခြားဖြင့် အလှည့်ကျ ဌာနတာဝန်ခံအဖြစ် ဝန်ကြီးချုပ်က စီစဥ် ခန့်အပ်ထားရှိရမည်။

( ခ) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ကိုယ်စားပြုသော တိုင်းရင်းသားလူမျိုး ရေးရာ ဌာနမှူးတစ်ဦးကို ဝန်ကြီးချုပ် ၏ သဘောတူညီမှုဖြင့် ခန့်အပ်ထားရှိ ရမည်။

၅၆။ တိုင်းဒေသကြီးတွင် လူနည်းစု တိုင်းရင်းသားလူမျိုးများကို ပြည်နယ်မှာအတိုင်း ဤဥပဒေ ပုဒ်မ ၃၁( ဂ)အတိုင်း ရွေးချယ်၍ ကော်မတီဖွဲ့ပြီး ဤဥပဒေ ပုဒ်မ၃၁( ခ)အတိုင်း ဌာနဖွင့် ပြီး တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုး လူနည်းစုများရေးရာ ဝန်ကြီးဌာနအောက်တွင် ထားရှိရန်၊

၅၇။ ဤဥပဒေ ပုဒ်မ ၃၁(ဃ)( င)အတိုင်း တိုင်းဒေသကြီး လူနည်းစု တိုင်းရင်းသားလူမျိုးများ ရေးရာ ဌာနမှူးအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

## အခန်း(၁၅)

## တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးများရေးရာကော်မတီ

၅၈။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၇(က)( ခ)အတိုင်း ကော်မတီကို ဖွဲ့စည်းရမည်။

၅၉။ ကော်မတီသည် တိုင်းရင်းသားလူမျိုးများ အရေးကိစ္စများကိုလေ့လာပြီး တိုင်းဒေသကြီး ပြည်နယ်လွှတ်တော်ကို တင်ပြရမည်။

၆၀။ ကော်မတီမှ တင်ပြချက်ကို တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်က မပယ်ချလျှင် စိစစ် ပြင်ဆင်အတည်ပြုပြီး ဝန်ကြီးချုပ်သို့ ပေးပို့ပြီး ဝန်ကြီးချုပ်က ပြည်နယ်တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီး၊ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးများ၊ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုး လူနည်းစုများဝန်ကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ ဥက္ကဋ္ဌမှတစ်ဆင့် တို င်းရင်းသား လူမျိုးရေးရာ ဦးစီးအဖွဲ့ဝင်သို့ လိုက်နာဆောင်ရွက်ရန် ပေးပို့ရမည်။

## အခန်း(၁၆)

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ တိုင်းရင်းသားလူမျိုးများရေးရာဌာနနှင့် တာဝန်ခံ

၆၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း /ဒေသ ရရှိသော တိုင်းရင်းသားလူမျိုးရေးရာဌာနတစ်ခု ဖွင့်လှစ်ရန်၊

၆၂။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း /ဒေသ ရရှိသော တိုင်းရင်းသားလူမျိုးတို့၏ နိုင်ငံရေးပါတီက ရွေးချယ်ပေးသောသူတစ်ဦးကိုဤဥပဒေ ပုဒ်မ ၆၁ ပါ ဌာန၏ ဌာနမှူးအဖြစ် ဥပဒေအရ တာဝန်ပေး ခန့်အပ်ရန်၊

၆၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုမှ တိုင်းရင်းသားလူမျိုး ကို ယ်စားလှယ်ကို ဌာနမှူးအဖြစ် ခန့်အပ်သည့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးရေးရာဌာနတစ်ခု ဖွင့်ပေးရန်၊

၆၄။ လူနည်းစု တိုင်းရင်းသားလူမျိုးများအတွက်

(က) လူနည်းစု တိုင်းရင်းသားလူမျိုးရေးရာဌာနတစ်ခု ဖွင့်လှစ်ထားရှိရန်၊

( ခ) လူဦးရေပေါ်အခြေမခံဘဲ လူနည်းစုတိုင်းရင်းသား လူမျိုး တစ်မျိုးလျှင် ကိုယ်စားလှယ်တစ်ဦးကို သက်ဆိုင်ရာ လူနည်းစုတိုင်းရင်းသားတို့က ရွေးချယ်

ပေးပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း /ဒေသ၊ တိုင်းရင်းသားလူမျိုးများရေးရာ ဌာနနှင့် တာဝန်ခံက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌထံ တင်ပြ၍ အတည်ပြုချက်ရယူရန်၊

(ဂ) လူနည်းစု တိုင်းရင်းသားကိုယ်စားလှယ် တစ်ဦးထက်ပိုလျှင် လူနည်းစု တိုင်းရင်းသားရေးရာကော်မတီကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း /ဒေသ၊ တိုင်းရင်းသားလူမျိုးများ ရေးရာဌာန တာဝန်ခံက ဖွဲ့စည်းပေးရမည်။

(ဃ) လူနည်းစု လူ မျိုးများရေးရာကော်မတီ ဥက္ကဋ္ဌသည် လူနည်းစု တိုင်းရင်းသား လူမျိုးများရေးရာ ဌာနမှူးဖြစ်သည်။

(င) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း /ဒေသတွင် လူနည်းစုတိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်တစ်ဦးဆိ ရှိလျှင် ၎င်းသည် လူနည်းစု တိုင်းရင်းသားလူမျိုးများ ရေးရာ ဌာနမှူးဖြစ်သည်။

(စ) လူနည်းစု တိုင်းရင်းသားလူမျိုးများ ရေးရာဌာနမှူးအမည်စာရင်းကို ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသတိုင်းရင်းသားလူမျိုးများရေးရာ ဌာနမှူးက ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌထံ တင်ပြ၍ ဥက္ကဋ္ဌက ခန့်အပ် တာဝန်ပေးရမည်။

၆၅။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ တိုင်းရင်းသားလူမျိုးများရေးရာဌာနတစ်ခု ဖွဲ့စည်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ရရှိသော လူမျိုး၏ နိုင်ငံရေးပါတီမှ ဦးစီးအဖွဲ့ဝင်တစ်ဦးကို တာဝန်ခံအဖြစ်ခန့်အပ်ပြီး ဤဥပဒေ ပုဒ်မ ၆၁၊ ၆၃၊ ၆၄ ပါ ဌာနတို့ကို ဤဌာန၏အောက်တွင် ထားရှိရန်၊

၆၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း /ဒေသ၏ တို င်းရင်းသားလူမျိုးများရေးရာဌာနသည် ဦးစီးဥက္ကဋ္ဌ၏ ညွှန်ကြားချက်၊ သဘောတူညီချက်အတိုင်း တိုင်းရင်းသားလူမျိုးများရေးရာ ကိစ္စများ ကို ဦးစီးဆောင်ရွက်သွားရမည်။

## အခန်း(၁၇)

**တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး၊ တိုင်းဒေသကြီး လူမျိုးများလူနည်းစုရေးရာဝန်ကြီး၊ တိုင်းရင်းသားလူ မျိုးရေးရာဝန်ကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တိုင်းရင်းသားလူမျိုးများရေးရာ ဦးစီးအဖွဲ့ဝင်လူနည်းစု တိုင်းရင်းသား လူမျိုးများရေးရာဌာန တာဝန်ခံတို့၏ လုပ်ငန်းတာဝန်များ**

၆၇။ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုသုခုမ မပျောက်ပျက်ရန် ထိန်းသိမ်းခြင်း၊ တိုးတက်ရန်ဆောင်ရွက်ခြင်း။

၆၈။ ပြည်နယ်တိုင်းတွင်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရ စီရင်စုတိုင်းတွင် လည်းကောင်း၊ ပြည်ထောင်စုပညာရေးဌာန သင်ရိုးညွှန်းတမ်းအပြင် ထပ်ဆောင်း ဘာသာရပ်အဖြစ် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းရေး၊ တိုးတက်ရေးအတွက် ဘာသာရပ်ကို သင်ကြားသော တိုင်းရင်းသားလူမျိုးများ ပညာရေးဌာနဖွင့်လှစ်ပြီး တာဝန်ယူကြီးကြပ်ရန်။

၆၉။ တိုင်းရင်းသားလူမျိုးများ ပညာရေးဌာန၏ စာသင်ကျောင်းများကို ပြည်နယ် /တိုင်း ဒေသကြီး တိုင်းတွင် ဖွင့်လှစ်ခွင့်ရှိ၍ ဤဥပဒေ ပုဒ်မ ၆၈ မှ ပညာရေးဌာနကတစ်ဆင့် တာဝန်ယူ ညှိနှိုင်းကြပ်မတ်ရန်။

၇၀။ ပြည်နယ်/တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချု ပ်ခွင့်ရ စီရင်စုတို့တွင်ရှိသော တိုင်းရင်းသား လူမျိုးများ၏ ယဉ်ကျေးမှုပြတိုက်များ ဖွင့်လှစ်ပြီး တာဝန်ယူကြပ်မတ်ရန်။

၇၁။ ပြည်နယ်တိုင်းတွင် တိုင်းရင်းသားလူမျိုးများ၏ အဆို၊ အက၊ အတီး အစရှိသော သုခုမ အနုပညာတို့ကို သင်ကြားပေးသော ကျောင်းတစ်ကျောင်းစီဖွင့်လှစ်ပြီး တာန်ယူကြီးကြပ်ရန်။

၇၂။ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု တိုးတက်ရန်အတွက် အထောက်အကူပြုရန် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်ရန် တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကားဖြင့် ထုတ် လွှင့်သော ရေဒီယိုအသံလှိုင်းတစ်လှိုင်းစီနှင့် ရုပ်မြင်သံကြားလိုင်းတစ်ခုစီ ဖွင့်လှစ်ပြီး တာဝန်ယူကြီးကြပ်ရန်။

၇၃။ တိုင်းဒေသကြီးတွင် ပါဝင်သော ကိုယ်ပိုင်အုပ်ခွင့်ရ စီရင်စုသည် နီးစပ်ရာပြည်နယ်၌ ရေဒီယိုအသံလွှင့်လှိုင်း၊ ရုပ်မြင်သံကြားလိုင်းတွင် ထည့်သွင်းပေးရန်နှင့် အဆို၊ အက၊ အရေး၊ အတီးကို သင်ကြားပေးရန်။

၇၄။ တိုင်းရင်းသားလူမျိုးများ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ နေရာဌာနများကို ဥပဒေအရ ထိန်းသိမ်းစောင့်ရှောက်ရေးကို ကြီးကြပ်ရန်။

၇၅။ တိုင်းရင်းသားလူမျိုးများ၏ ရှေးဟောင်းယဉ်ကျေးမှု ပစ္စည်းများ၊ နေရာများကို ရှာဖွေဖော်ထုတ်ရန်။

၇၆။ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း ထွန်းကားနေသော ရပ်ကွက် / ကျေးရွာဒေသများကို သဘာဝအတိုင်း ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်။

၇၇။ စာပေမရှိသေးသော တိုင်းရင်းသားလူမျိုးများကို စာပေတီထွင်နိုင်ရန် စီစဉ်ကူညီပေးရန်။

၇၈။ တိုင်းရင်းသားလူမျိုးများအကြား ယုံကြည်မှု၊ ချစ်ကြည်မှု၊ ရင်းနှီးမှု ရရှိရေးအတွက် ဆောင်ရွက်ပေးရန်။

၇၉။ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်ရန်။

## အခန်း(၁၈)

## အထွေထွေ

၈၀။ ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်နိုင်သည်။

၈၁။ တိုင်းရင်းသားလူမျိုးများတို့တွင် ဖွဲ့စည်းထားရှိသော စာပေယဉ်ကျေးမှု အဖွဲ့အစည်းများ၊ လူမှုရေး အဖွဲ့အစည်းများ၊ အမျိုးသားနေ့ ကျင်းပရေးအဖွဲ့အစည်းများ၊ ရိုးရာဓလေ့နှင့် ပတ်သက်သော အဖွဲ့အစည်းများတို့နှင့် ပူးပေါင်းပြီး တိုင်းရင်းသားလူမျိုးများရေးရာပြည်ထောင်စု ဝန်ကြီးဌာန၊ ပြည်နယ် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးများ လူနည်းစုရေးရာ ဝန်ကြီးဌာနနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု တိုင်းရင်းသားလူမျိုးများရေးရာဌာနတို့က အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၈၂။ နိုင်ငံတော် နေ့ထူးနေ့မြတ်တို့ဖြစ်သော လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ ပြည်နယ်နေ့ စသည်တို့တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးကို အကျိုးပြုစေသော လှုပ်ရှားမှုကို တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်နယ် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန၊ တိုင်း ဒေသကြီး တိုင်းရင်းသားလူမျိုးများ လူနည်းစုရေးရာ ဝန်ကြီးဌာနနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု တိုင်းရင်းသားလူမျိုးများ ရေးရာဌာနတို့ ဦးစီးဆောင်ရွက်ရမည်။

၈၃။ တိုင်းရင်းသားလူမျိုးများရေးရာ ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားရေးရာ အလုပ်တာဝန်နှင့် ပတ်သက်၍ (၆)လတစ်ကြိမ် ပြည်ထောင်စုအစိုးရကို အစီရင်ခံရမည်။ မူဝါဒ ဆိုင်ရာ အဆုံးအဖြတ်ခံယူရန် ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတထံ တင်ပြ၍ လမ်းညွှန်မှု ခံယူရမည်။

၈၄။ ဤဥပဒေ ပုဒ်မပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ရာတွင်-

(က) တိုင်းရင်းသားလူမျိုးများ ပြည်ထောင်စုဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

( ခ) တိုင်းရင်းသားလူမျိုးများပြည်ထောင်စုဝန်ကြီးဌာနသည်လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင် သည်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တိုင်းရင်းသား လူမျိုးများရေးရာ ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောထားရယူခြင်း

**အချိန်၊ ၁၆း၀၀။**

**ဥက္ကဋ္ဌ**။ ။ ဒီအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရော ၊ တင်သွင်းတဲ့ ဒေါက်တာဗညားအောင်မိုး ရောပေါ့နော်။ ဒါကို လေ့လာတဲ့အခါကျတော့ ဥပဒေကြမ်း ပီပီသသလည်း မဖြစ်ဘူး။ လိုအပ်ချက်လည်း ဖြစ်နေတယ်။ ကျွန်တော်နားလည်သလောက် ဆိုရင်တော့ ပြည်နယ်တွေမှာ တိုင်းရင်း သားရေးရာဝန်ကြီးတွေရှိတယ်။ ဒီတိုင်းရင်းသားရေးရာ

ဝန်ကြီးတွေအတွက် ဗဟိုမှာ ဝန်ကြီးဌာနမရှိဘူး။ မရှိတဲ့အတွက် ဒါလိုလားချက်ပေါ့ ဆိုတော့ ဒီထဲမှာကျတော့ ကျွန်တော်က အခြေခံဥပဒေနဲ့လည်း ကိုက်ညီဖို့လိုတယ်။ အခြေခံဥပဒေမှာ ဝန်ကြီးဌာနအလိုက် ဥပဒေပြဋ္ဌာန်းတာ မရှိဘူး။ ပြည်ထောင်စုအစိုးရ အဖွဲ့ဥပဒေတွေနဲ့ပဲ ဆောင်ရွက်တာရှိတယ်။ ဒီထဲ မှာ တချို့အချက်အလက် လေး တွေပါပဲ။ ဥပမာ စောစောကလိုပေါ့။ နိုင်ငံတော်သမ္မတသည် အောက်ပါအရည်အချင်း များနှင့် ပြည့်စုံသူကို တိုင်းရင်းသားလူမျိုးများ ရေးရာ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။ (က) ပြည်နယ် ရရှိထားသော တိုင်းရင်းသားလူမျိုးများ၏ နိုင်ငံရေးပါတီများမှ ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ် ဖြစ်ရမည်ဆိုတဲ့ အခါကျတော့ ဖွဲ့စည်း ပုံအခြေခံဥပဒေမှာ ဝန်ကြီးကို သမ္မ တက သူကြိုက်တဲ့သူ ခန့်နိုင်တဲ့သဘောရှိတယ်။သတ်မှတ်တဲ့အရည်အချင်း ပြည့်စုံတယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ် ထဲကသော်လည်းကောင်း၊ ပြင်ပက ပုဂ္ဂိုလ်ကသော်လည်းကောင်းဆိုတာရှိတယ်ဆိုတဲ့ အခါကျတော့ ဒါလေးနဲ့သွားပြီးတော့ ပုံပိုးမှုရှိနေတဲ့ အနေအထားလေးရှိပါတယ်။ နော က်တစ်ခုကလည်း ဒီမှာက လွှတ်တော် ရဲ့လုပ်ငန်းနဲ့အစိုးရအဖွဲ့ရဲ့ လုပ်ငန်းတွေရောသွားတာပါတယ်။ ဥပမာ ပြည်သူ့လွှတ်တော်တွင်ဖွဲ့စည်းသော တိုင်းရင်းသားလူမျိုးများ၏ အရေးကိစ္စများကိုတင်ပြရန် ဖွဲ့စည်းသော တိုင်းရင်းသားရေးရာကော်မတီကို ပြည်သူ့လွှတ်တော် သက်တမ်းအတိုင်း ကာလသတ်မှတ်၍ ဖွဲ့စည်းရမည် ထားတော့ ပြည်သူ့လွှတ်တော်သက်တမ်း အတိုင်း ထားလို့ မရဘူး။ သူက ဘာလို့လဲ ဆိုရင် အခြေခံဥပဒေပြင်မှ အဲဒီလို ဖြစ်တာပါ။ အခြေခံဥပဒေအရဆိုရင် သူက Standing ကော်မတီက (၄)ခုပဲ ရှိတာပါ။ လွှတ်တော်သက်တမ်းအတိုင်းက (၄)ခုပဲ Standing ကော်မတီက။ ကျန်တဲ့ Adhoc တွေက ကာ လကန့်သတ်ပြီးတော့ ထပ်ထပ် ထပ်ထပ်ပြီးတော့ ဖွဲ့ရတဲ့သဘောဆိုတာ ဒါကအခြေခံဥပဒေနဲ့ မညီဘူး။ နောက်တစ်ခုက ဒါအစိုးရအဖွဲ့ အလုပ်ဖြစ်တယ်။ အဲဒီအထဲမှာ လွှတ်တော်ရဲ့ လုပ်ငန်း တွေကို သွားပြီးထည့်လို့ မရတဲ့ အနေအထားရှိပါတယ်။ နောက်တစ်ခုကလည်း ဒီထဲမှာ ခုနလိုပေါ့ လိုအပ်ချက်လေး တွေထဲမှာ ကောင်းတော့ ကောင်းပါတယ်။ လိုအပ်လည်း လိုအပ်တယ်။ သို့သော် ရောထွေးနေတဲ့ ကိစ္စကတော့ ပညာရေးဝန်ကြီးဌာနတို့၊ ယဉ်ကျေးမှု ဝန်ကြီးဌာနတို့၊ ပြန်ကြားရေးဝန်ကြီးဌာနတို့ ဆိုတဲ့ဟာတွေ ရောထွေးပြီးတော့ ပါသွားတဲ့ကိစ္စ ဥပဒေတစ်ခုထဲမှာ ဝန်ကြီးဌာန အများကြီး ပါသွားတဲ့ကိစ္စ ဖြစ်နေတာပေါ့နော်၊ နောက်ဤဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပြင်ဆင် ဖြည့်စွက်ခြင်း ပြုလုပ်နိုင်သည်ဆိုတာကတော့ Understood ပဲ။ မည်သည့်ဥပဒေမဆို

ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်တာ၊ ဖြည့်စွက်တာ၊ ပယ်ဖျက်တာ အကုန် လုပ်လို့ရပါတယ်။ ဒါအကြမ်းဖျင်း ဒေါက်တာဗညားအောင်မိုး တင်ပြတဲ့ အချိန်မှာ ကျွန်တော်စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ကိစ္စ၊ ဒါ မှန်တယ်/မှားတယ် ကျွန်တော် မပြောလိုသေးပ ါဘူး။ သို့သော် စိတ်ထဲမှာ လိုတော့ လိုအပ်တယ်လို့တော့ ခံယူတယ်၊ ဘယ်လိုပုံ စနဲ့ လုပ်မလဲဆိုတဲ့ ကိစ္စပဲစဉ်းစားရမှာ ဥပဒေကြမ်းအနေနဲ့ လုပ်မလား၊ အဆိုအနေနဲ့ လုပ်မလား၊ နည်းလမ်းရှာရတော့မယ့် သဘောရှိပါတယ်။ ဒါကို ဥပဒေကြမ်းအနေနဲ့ လွှတ်တော် က စဉ်းစားဆွေးနွေးရန် သင့် /မသင့် မလုပ်ခင်မှာ ဥပဒေကြမ်းပူးပေါင်းကော်မတီက ဒေါက်တာဗညားအောင်မိုး နဲ့ ထိုင်ပြီးတော့မှ ဘယ်လိုလုပ်ရင် ရမလဲ ဆိုတဲ့ ဥစ္စာလေးကို အရင်ဆောင်ရွက်ဖို့၊ ပီပြင်သွားအောင်ပေါ့လေ၊ ဆောင်ရွက်ဖို့၊ ဥပဒေရဲ့ ပုံစံ၊ ဥပဒေဆိုလဲ ဥပဒေကြမ်းရဲ့ပုံစံနဲ့ ရေးထုံးကျအောင် ဥပဒေကြမ်းလုပ်ဖို့အတွက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်မပြုသေးဘူးဆိုရင်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်မယ့်အချိန်မှာ ဒါတွေပြင်မယ်ဆိုတာတွေ မှတ်ထားဖို့လိုတာပေါ့။ ခဏစောင့်ရမှာပေါ့။သဘောက။ ဒီကြားထဲမှာ လုပ်သင့်လုပ်ထိုက်တာ လုပ်စေချင်တယ်ဆိုရင်လဲ အဆိုတစ်ရပ်အနေနဲ့ ပြည်ထောင်စုအစိုးရမှ တိုင်းရင်းသားရေးရာဝန်ကြီးဌာနတော့ ဖွဲ့စည်းသင့်ပါတယ်။ ဖွဲ့စည်းပြီးတော့ဒါတွေ ဒါတွေ ဒါတွေကတော့ လုပ်သင့်တယ်။ ဒီဝန်ကြီးဌာနဆိုတဲ့ အဆိုမျိုးပေါ့နော်။ အရေးကြီးတာတော့ လိုလားချက်ရဖို့ က အရေးကြီးပါတယ်။ ဘယ်ပုံစံနဲ့ပဲလုပ်လုပ် လိုလားချက်ရဖို့ အရေးကြီးပါတယ်။ ကျွန်တော်ပြောတာ ဒေါက်တာဗညားအောင်မိုး လက်ခံလား မသိဘူး။ အဲဒီအတွက်ကို ပြန်တိုင်ပ င်လိုက်ကြပါဦး။ ပီပြင်သွားအောင်လို့။ အဲဒီတော့ ဦးမြည်မိမ်း တို့ ဥပဒေကြမ်းပူးပေါင်းကော်မတီက ဒါကို အပြည့်အဝအကူအညီပေးလိုက်ပါ။ ဒါနဲ့ ပတ်သက်လို့နော်။ တစ်ခါ အခြေခံဥပဒေနဲ့ အကုန်လုံး တိုက်စစ်လိုက်မယ်။ ခုန ကျွန်တော်ပြောတဲ့ အချက်တွေနဲ့ပေါ့။ အဲဒီတော့ ဥပဒေကြမ်း လုပ်လို့ ရမလား။ မရရင်လဲ အဆိုတစ်ရပ်အနေနဲ့ရော၊ အဆိုဆိုရင်လဲ အဆိုအတည်ဖြစ်လို့ရှိရင် အစိုးရက လိုက်လုပ်ရမှာပဲ။ သဘောက လိုက်လုပ်ရမှာပဲ။ အဲဒီတော့ အဲဒီကိစ္စတွေကို အရင်တိုင်ပင်လိုက်ပါ။ တိုင်ပင်ပြီးတော့ ကျွန်တော် ဆိုင်းငံ့လုပ်ထားလိုက်မယ် ဒီဥစ္စာကို သို့သော်လည်း လက်ခံစဉ်းစားရန် သင့်/မသင့် သာ ဆိုင်းငံ့သော်လည်း လုပ်ငန်းကတော့ On Going ဆက်ပြီးတော့လုပ်နေတဲ့ လုပ်ငန်းအဖြစ် သတ်မှတ်ပါတယ်နော်။ ကျေနပ်ရဲ့လား။ အဲဒီလို ဆောင်ရွက်ပေးလိုက်ပါ။ ကျွန်တော်လည်း တောက်လျှောက်စဉ်းစားတယ်လေ။ ဥပမာ တိုင်းရင်းသားရေးရာဝန်ကြီးတွေ ရှိနေတယ်။ ဒီဝန်ကြီးတွေက ခုန လိုတော့ Cabinet ဝင်မှာလည်း မဟုတ်ဘူး။ အခွင့်အရေး

တွေလည်း နည်းနေတယ်။ ဘေးထိုင်ရသလို ဖြစ်နေတယ်။ ဒါအမှန် အတိုင်းပြောတာ၊ တဲ့ပြောတာပါ။ အဲဒီတော့ ဒေါက်တာအေးမောင် တို့ တင်တဲ့အခါကျတော့ ကျွန်တော် ချက်ချင်းပဲ အားပေးလိုက်ပါတယ်။ အားပေးပြီးတော့ ဒါလုပ်သင့်တယ်။ ချက်ချင်းတင် ဥပဒေအနေနဲ့။ ဒေါက်တာအေးမောင် စတင်တုန်းက အဆို ပါ။ ဟုတ်တယ်နော်။ အဆိုပါ။ စတင်တုန်းက။ သို့သော် ကျွန်တော်တောင် ပြောတယ်။ နားရွက်ကို ဒီလိုကိုင်မနေနဲ့။ ကိုယ်ဥပဒေပြုတဲ့အဖွဲ့ပဲ ဥပဒေအနေနဲ့ တင်ဆိုပြီးတော့ ပြောလိုက်တယ်။ ဒီကြားထဲမှာ ဖွဲ့စည်းပုံအခြေခံ ဥပဒေခုံရုံး မေးဦးမ ယ်ဆိုတာနဲ့ ခဏဆိုင်းထားလိုက်ပါတယ်။ ဒါအားလုံးပါတယ်။ ၂၃ ယောက်လက်မှတ်ထိုးပြီး မေးလိုက်တဲ့ အခါကျတော့ နိုင်တယ်။ နိုင်တဲ့အတွက် ဒီဥစ္စာကို ဥပဒေကြမ်းအနေနဲ့ တင်တယ်။ တင်တဲ့အခါမှာ အခွင့်အရေးပိုင်း ပါနေတယ်။ တာဝန်ပိုင်းနဲ့ ပတ်သက်လို့ အခုဟာ ဒါတာဝန်ပိုင်းတွေ ဖြစ်လာ တာပေါ့။ တာဝန်ပိုင်းနဲ့ ပတ်သက်လို့ အဲဒီ ဥပဒေ ထဲမှာ သင့်တင့်လျောက်ပတ်စွာ ဖြည့်လိုက်ရင်ရော မရဘူးလားဆိုပြီးတော့ ကျွန်တော် ပြောဖူးပါတယ်။ အခွင့်အရေးတစ်ခုတည်းနဲ့ဆိုရင် တစ်မျိုးကြီး ဖြစ်မယ်နော်။ တာဝန် ပိုင်းကိုလည်း လူဆိုတာ လစာ နည်းတာ၊ များတာနဲ့စာရင် လုပ်ပိုင်ခွင့်ရှိဖို့ လိုတယ်။ လုပ်ပိုင်ခွင့်က အဓိကပဲ။ ဒါကို စဥ်း စားပါဆိုပြီးတော့ အကြံပြုထားတာ ရှိပါတယ်။ ဒါတွေက လုပ်ပိုင်ခွင့်တွေ ဒီဥစ္စာတွေက။ နောက် ဝန်ကြီးဌာနတစ်ခုဖွဲ့ဖို့ ဥပဒေပြုတယ်ဆိုတဲ့ ဥစ္စာကတော့ အစဥ်အလာကတော့ မရှိသေးဘူးပေါ့။ ဒီ သဘောရှိတယ်။ အစိုးရအဖွဲ့က သူသဘောနဲ့သူ၊ သူ့ရဲ့ညွှန်ကြားချက်၊ သူ့ရဲ့ Command နဲ့သူ လုပ်သွားတဲ့သဘော ရှိပါတယ်။ ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကိုလည်း လေ့လာရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း တိုက်စစ်ရမယ်။ လိုလားချက်ပေါက်မြောက်အောင် လုပ်နိုင်တဲ့ နည်းလမ်းနဲ့ ရှာဖို့လိုပါတယ်နော်။ ကဲ (၄)နာရီတော့ ကျော် သွားပြီ။ ဒီနေ့တော့ ဖြတ်လိုက်မှနဲ့ တူတယ်။ ဆက်ထိုင်ချင်သေးလား။ ဥက္ကဋ္ဌကတော့ ထိုင်နိုင်ပါတယ်။

## အမျိုးသားလွှတ်တော် စတုတ္ထနေ့ အစည်းအဝေးရပ်နားကြောင်းနှင့် ပဥ္စမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၆း၀၁။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင် ဗျား ။ယခု အမျိုးသား လွှတ်တော် တတိယပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား

လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ ကျင်းပမည့်နေ့ရက်နှင့် အ ချိန်ကို ကြိုတင်အကြောင်းကြားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ ၁၇ ရက်နေ့မှာတော့ အမျိုးလွှတ်တော် အစည်းအဝေး ရှိကောင်းရှိနိုင်ပါတယ်။ အဲဒီအတွက် ပြင်ဆင်ထားဖို့လိုပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးကို ၁၆း၀၁ နာရီအချိန်တွင် ရပ်နားပါသည်။]